http://www.dhammadownload.com

# ဒေါက်တာ
# မင်းတင်မွန်
## ဖားအောက်တောရမိတ်ဆက်



ကျော်ဖြူစံ

တတိယအကြိမ်

ဗုဒ္ဓနည်းကျ တရားပြ တောရမြတ်စခန်း၊
ဆင်းရဲငြိမ်းအေး ချမ်းသာရေး မနေးကြွချီလှမ်း။

http://www.dhammadownload.com

ခါတစ်ခေါက် လာရောက်ပါ

# ဖားအောက်တောရ သို့

* ဘာတွေထူးဆန်းလို့ ဖိတ်ခေါ်သလဲ ...
* သိပ်ကို ထူးဆန်းလို့ ဖိတ်ခေါ်တာပဲ ...
  မကြုံစဖူးအောင် ထူးခြားတဲ့တရားတွေကို တွေ့လိမ့်မယ် ...
* ဘယ်သူက ဘယ်လိုတရားပြလို့ သိပ်ထူးရတာလဲ ...
* ဖားအောက်တောရ ဆရာတော်က ကြပ်ကြပ်မတ်မတ် စေ့စေ့စပ်စပ် ...
  ဗုဒ္ဓနည်းကျ တိတိကျကျ ကျမ်းဂန်နှင့်အညီ တရားပြတယ် ...
* ဓာတ်ကမ္မဋ္ဌာန်း သို့မဟုတ် အာနာပါနသတိနဲ့ သမာဓိ ထူထောင်တယ်၊ ဥပစာရသမာဓိရောက်ရင်ပဲ မိမိနဲ့သူတစ်ပါး တို့ရဲ့ ...
  အသည်း၊ အဆုပ်၊ နှလုံး စတဲ့ ကောဋ္ဌာသတို့ကို အကုန်မြင် တယ်။
* အဆင့်မီတဲ့ သမာဓိမျက်စိနဲ့ ကြည့်တဲ့အခါ ရုပ် ၂၈ ပါး ကိုရော ...
  ဝီထိစိတ်အစဉ်နှင့် ယှဉ်ဖက်စေတသိက် တစ်လုံးစီကိုရော ...
  ပရမတ်ဆတ်ဆတ် အရှိကိုအရှိအတိုင်း ယထာဘူတဉာဏ်နဲ့ မြင်ရတယ်။
* ကျမ်းဂန်နှင့်ညီ၊ မဂ်ဖိုလ်ဆီ၊ ရောက်မည်မလွဲတမ်း။
  ရှင်လန်းချမ်းမြေ့၊ တရားတွေ့၊ ထူးပေ့ ဖားအောက်စခန်း။

ဒေါက်တာမင်းတင်မွန်

http://www.dhammadownload.com

## ဖားအောက်တောရမိတ်ဆက်

(တတိယအကြိမ်)

# ဒေါက်တာ မင်းတင်မွန်

ဖြန့်ချိရေး

မြွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၈၆၆၁၀

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် (၄၃/၉၉)(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၅၆/၉၉)(၂)

ဝ

**ပုံနှိပ်ခြင်း**

၁၉၉၉ ခုနှစ်၊ မေလ၊ တတိယအကြိမ်၊ အုပ်ရေ – ၁၀၀၀

ဝ

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

ဝ

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

ဝ

**ကွန်ပျူတာစာစီ**

ခွန်မျိုး၊ ၅၁၃၄၃၅

ဝ

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀

ဝ

တန်ဖိုး – ၅၀၀ ကျပ်

http://www.dhammadownload.com

ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်း ကျန်းမာချမ်းသာကြပါစေ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်

**ဘဒ္ဒန္တ ဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)**

သ–စ–အ– ဓမ္မာစရိယ၊ ဝိသိဋ္ဌ ဒီဃနိကာယ ကောဝိဒ

ဝါးတန်းစာချကျောင်း၊ ညောင်ရမ်းပါဠိတက္ကသိုလ်

မိုးကောင်းတိုက်၊ မန္တလေး။

နေ့စွဲ။ ၁၃၅၃ ခု၊ တော်သလင်းလဆန်း (၃) ရက်။

# ဩဝါဒကထာ

ရတနာမင်း စာပေမှ ဒေါက်တာ မင်းတင်မွန် ရေးသားထုတ်ဝေသော "ဖားအောက်တောရ မိတ်ဆက်" စာမူကို ဖတ်ရှုကြည့်ရာ ဖားအောက်တောရ ဆရာတော်အဆက်ဆက်များ၏ ထေရုပ္ပတ္တိ ဘာဝ ဖြစ်စဉ်များကိုအကျဉ်းမျှ ဖော်ပြထားချက်များသည် အရှိကို အရှိအတိုင်း ဖော်ပြထားချက်များ ဖြစ်ပါ၍ ဤစာရှုသူ ယောဂီ၊ ရဟန်းရှင်၊ လူများ အတုယူ နည်းယူစရာ ဖြစ်ပါသည်။

ထို့ပြင် ပဋိပတ္တိ – ဝိပဿနာ ဘာဝနာတရားအလုပ် ကျင့်ကြံကြိုးကုတ် အားထုတ်လိုသော ယောဂီများ မသိ မဖြစ် သိမှဖြစ်မည့်...

(က) ပရိကမ္မနိမိတ်

(ခ) ဥဂ္ဂဟနိမိတ်

(ဂ) ပဋိဘာဂ နိမိတ်...ဟူသော နိမိတ် (၃) ပါး။

http://www.dhammadownload.com

(က) ပရိကမ္မ ဘာဝနာ
(ခ) ဥပစာရ ဘာဝနာ
(ဂ) အပ္ပနာ ဘာဝနာ... ဟူသော ဘာဝနာ (၃) ပါး။

ဤနိမိတ်ဘာဝနာများ ယောဂီပုဂ္ဂိုလ်များသန္တာန်မှာ ဖြစ်ပုံ၊ ထင်ပုံတွေ အစဉ်တွဲလျက် ပြထားချက်များသည်လည်း ဤစာရှုသူ ယောဂီ ရဟန်းရှင်လူများအဖို့ အတုယူ နည်းယူစရာပင် ဖြစ်ပါသည်။

သို့အတွက် ရတနာမင်းစာပေမှ ဆရာကြီး ဒေါက်တာမင်းတင်မွန် ရေးသားထုတ်ဝေသော ဤ "ဖားအောက်တောရ မိတ်ဆက်" စာအုပ်ကို အဖန်ဖန် အထပ်ထပ် ကြည့်ရှုလေ့လာ ဖတ်ရှုပြီးမှ ဖားအောက်တောရ ဓာတ်ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံကြိုးကုတ် အားထုတ်မည် ဆိုလျှင်တော့ မပင်မပန်း ချမ်းချမ်းသာသာဖြင့် မိမိ (ယောဂီ) တို့ မျှော်မှန်းတဲ့ သံသရာဝဋ်ဒုက္ခမှ ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို အမြန်ဆုံး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်ကြပါလိမ့်မည်ဟု ထင်မြင် ယူဆချက် အပြည့်အဝဖြင့် ထောက်ခံလိုက်ပါကြောင်း။ ။

ပုံ/ ဘဒ္ဒန္တ ဉာဏာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယ ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

http://www.dhammadownload.com

## ဖားအောက်တောရသစ်သီးဆရာတော်၏ အဓိဋ္ဌာန်

**"သဗ္ဗမံသံ ပရိဝဇ္ဇေမိ"**

အလုံးစုံသော အသားတို့ကို မစားတော့ပါ။
အလျှဉ်း ရှောင်ကြဉ်ပါ၏။
သစ်သီးများကိုသာ အားပြု၍ သုံးဆောင်ပါအံ့။

## သစ်သီးဆရာတော်၏ တိုက်တွန်းချက်

၁။ ယနေ့သေမလားမသိ၊ နက်ဖြန် သေမလား မသိ။ ယနေ့ မသေခင်၊ နက်ဖြန် မသေခင် တရားက အလျင်ဦးအောင် (ကြိုးစား၍ အားထုတ်)[၂]။

၂။ အိုဘေးကြီး၊ နာဘေးကြီး၊ သေဘေးကြီးက မဦးခင် တရားက အလျင်ဦးအောင် (ကြိုးစား၍ အားထုတ်)[၂]။

၃။ အပါယ်ဆင်းရဲကြီးကို ကြောက်ရင် ဆင်းရဲကလေးတွေကို (ကြိုးစား၍ သည်းခံ)[၂]။

၄။ နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိရင် ချမ်းသာကလေးတွေကို (ကြိုးစား၍ ပယ်)[၂]။

http://www.dhammadownload.com

## ဗုဒ္ဓခေတ်မြတ် တွေ့ကြုံနှပ်သျှ

၁။ ရေချမ်း သစ်သီး၊ ပန်း၊ ဆီမီးကို၊ နိုင်ဖြိုးသဒ္ဓါ၊ လှူပြီးကာမျှ၊ ငါ့မှာ ကောင်းကျိုး၊ အလွန်တိုးဟု၊ ယုံကိုးစိတ်ချ၊ အားမရနှင့်။

၂။ ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ ကြုံလာရတောင်း၊ ဘဝကောင်းဝယ်၊ စိတ်ကောင်း ကိုယ်ထဲ၊ အစဉ်မြဲလော့၊ အမြန်စွ၊ မြတ်သီလကို၊ ကိုယ်မှာ မကွာ၊ စောင့်စည်းပါလော့။

၃။ နှစ်ဖြာနာမ်ရုပ်၊ ဖြစ် တည် ချုပ်ကို၊ အဟုတ်ပိုင်ပိုင်၊ မြင်သိနိုင်အောင်၊ မြဲခိုင်ဆန္ဒ၊ ဝီရိယဖြင့်၊ ဝိပဿနာ၊ ဘာဝနာကို၊ မှန်စွာနေ့ည၊ ကျိုးလုံ့လမှ၊ ဗုဒ္ဓခေတ်မြတ်၊ တွေ့ကျိုးနပ်မည်၊ ကြပ်ကြပ်သတိရှိပါလေ။

**သစ်သီးဆရာတော်**

**ဖားအောက်တောရစခန်း**

ကျွမ်းဂန်နှင့် ညီ၊ မဂ်ဖိုလ်ဆီ၊
ရောက်မည် မလွဲတမ်း။
ရှင်လန်း ချမ်းမြေ့ တရားတွေ့၊
ထူးပေ့ ဖားအောက် ဤစခန်း။

http://www.dhammadownload.com

# ဖားအောက်တောရမိတ်ဆက်

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ဖားအောက်တောရ သစ်သီးဆရာတော်၏ အဓိဋ္ဌာန် | – | ၇ |
| သစ်သီးဆရာတော်၏ တိုက်တွန်းချက် | – | ၇ |
| မိတ်ဆက်လွှာ | – | ၉ |
| ပထမဆရာတော် ဦးခေမာဝန္တ မဟာထေရ် | – | ၁၃ |
| ဖားအောက်တောရ စင်္ကြံကျောင်း | – | ၁၆ |
| ကျွဲတည်း စံကျောင်းတော် | – | ၁၈ |
| တောခေါင်းကျောင်းနှင့် ဘန့်ပွေးကျောင်း | – | ၂၀ |
| သစ်သီးဆရာတော်ရဲ့ ထူးခြားတဲ့ ဂုဏ်ရည် | – | ၂၁ |
| မလွန်ဆန်သာတဲ့ မရဏသဘော | – | ၂၅ |
| သစ်သီးဆရာတော်ဘုရား၏ ဗြဟ္မစိုရ်တရားရှုပွားနည်း | – | ၂၇ |
| သစ်သီးဆရာတော်၏ ဉာဏ်စဉ် (၁၁) ပါး ရှုတ်ပွားနည်း | – | ၃၀ |
| ရတနာသုံးပါးတို့အား ကျင့်ဝတ်တရားဖြင့် ပူဇော်ရန် | – | ၃၆ |
| ဆုတောင်း အမျှပေးဝေရန် | – | ၃၇ |
| ဒုတိယဆရာတော် ဦးအဂ္ဂပညာ မဟာထေရ် | – | ၃၈ |
| တတိယဆရာတော် ဦးအာစိဏ္ဏ | – | ၄၃ |
| ဓာတ်ကမ္မဋ္ဌာန်း စခန်း ဖွင့်ပြီ | – | ၅၃ |
| ဆိတ်ငြိမ်အေးချမ်းတဲ့ တောရစခန်း | – | ၅၄ |
| ယောဂီများအတွက် နေရာထိုင်ခင်း | – | ၅၅ |
| တရားအားထုတ်ချိန် | – | ၅၇ |

http://www.dhammadownload.com



ယောဂီများ လိုက်နာရန် စည်းကမ်း - ၅၉
ဖားအောက်တောရကျောင်းစဉ် သိစေချင်–အလုပ်ပေးတရား - ၆၂
အရေးပါတဲ့ ဓာတ်ကမ္မဋ္ဌာန်း၊ ဓာတ်ကမ္မဋ္ဌာန်းရှုနည်း - ၆၄
ဓာတ်သဘောများကို ခြုံရှုနည်း - ၇၁
စိတ်တန်ခိုး ဖြစ်ပေါ်လာပြီ - ၇၂
ဥပစာရသမာဓိနှင့် စိတ္တဝိသုဒ္ဓိ - ၇၄
သမာဓိနှင့် အရောင်အလင်း - ၇၅
ကောဋ္ဌာသ ကမ္မဋ္ဌာန်း - ၇၇
ပဋိကူလမနသိကာရနှင့် ပထမဈာန် - ၈၀
နိဗ္ဗာန်သို့ ဝင်ရောက်ရာ မုခ်ဦးသုံးသွယ် - ၈၂
ကမ္မဋ္ဌာန်းနိမိတ်နှင့် သမာဓိ အဆင့်ဆင့် - ၈၇
အစွမ်းထက်တဲ့ ဘာဝနာလက်နက် - ၉၃
သမာဓိသိက္ခာ ပြည့်စုံရေး - ၉၅
ဝိပဿနာဆိုတာ ဘာလဲ - ၉၉
ဝိပဿနာရှုရမယ့် ရုပ်နာမ်တရား - ၁၁၀
ရုပ်ကမ္မဋ္ဌာန်း ရှုနည်း - ၁၁၄
ခန္ဓာကိုယ်ထဲက ရုပ်ကလာပ်များ - ၁၂၀
နာမ်ကမ္မဋ္ဌာန်း ရှုနည်း - ၁၂၅
စိတ်စေတသိက်တို့ကို ရှုမြင်နိုင်သလား - ၁၃၀
အနတ္တလက္ခဏာကို ဃန ဖုံးတယ် - ၁၃၁
ဒိဋ္ဌိ ဝိသုဒ္ဓိစခန်း - ၁၃၅
ကင်္ခါဝိတရဏ ဝိသုဒ္ဓိစခန်း - ၁၃၆
ဝိပဿနာရှုနိုင်ပါပြီ - ၁၄၁
လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည် - ၁၄၃

http://www.dhammadownload.com



ဖားအောက်တောရဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ
ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

http://www.dhammadownload.com



မော်လမြိုင်–မုဒုံ မော်တော်ကားလမ်း ၉ မိုင် မှတ်တိုင်မှ
ဖားအောက်တောရသို့ အဝင်လမ်းဝ



ဖားအောက်တောရစခန်းရှိ သီလရှင်ဆောင်

http://www.dhammadownload.com



ဖားအောက်တောရ နှစ်ထပ်သိမ်မွှောရုံ

http://www.dhammadownload.com



ဖားအောက်တောရ ဆရာတော်နှင့်နိုင်ငံခြားသား
ရဟန်းယောဂီများ




ဖားအောက်တောရ ဆရာတော်နှင့်မဟာယာန
အမျိုးသားယောဂီများ

http://www.dhammadownload.com



ဖားအောက်တောရ ဆရာတော်နှင့်မဟာယာန
အမျိုးသမီးယောဂီများ



ဖားအောက်တောရ စိတ္တလတောင်ကျောင်း၌
တည်ဆောက်နေသော သံဃာငါးရာဆံ့ နှစ်ထပ်သိမ်တော်ကြီး

http://www.dhammadownload.com




ဖားအောက်တောရစိတ္တလတောင်ကျောင်းရှိ
တစ်ပါး;သံဃာဆောင်များ




အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ
ဖားအောက်တောရရိပ်သာခွဲ၊ သံလျင်၊ရန်ကုန်

http://www.dhammadownload.com




အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာရိပ်သာ
တရားရှုမှတ်ရန် နှစ်ထပ်ဓမ္မာရုံ




အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာရိပ်သာ နှစ်ထပ်သိမ်တော်

http://www.dhammadownload.com



အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာရိပ်သာ
သီးသန့်လေးခန်းတွဲ သံဃာဆောင်



အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာရိပ်သာ
ဆွမ်းစားဆောင်

http://www.dhammadownload.com

# မိတ်ဆက်လွှာ

"ဖားအောက်တောရ"လို့ ကျွန်တော်တို့ အတိုကောက် ခေါ်နေကြတဲ့ ဓာတ်ကမ္မဋ္ဌာန်း တရားစခန်းဟာ 'ဖားအောက်တောရ စကြံကျောင်း'ဖြစ်ပါတယ်။ သည်ဖားအောက်တောရစခန်းဟာ မော်လမြိုင်မြို့နဲ့ ကိုးမိုင် ကွာဝေးတဲ့ ဖားအောက်ကျေးရွာအနီးမှာ ရှိပါတယ်။

မော်လမြိုင် – မုဒုံ ကားလမ်းမကြီးပေါ်မှာ မော်လမြိုင်–မုဒုံ ခရီးတစ်ဝက်တိတိ ဖြစ်တဲ့ မိုင်တိုင် အမှတ် ၉ မှာ "ဖားအောက် တောရကျောင်းသို့"ဆိုတဲ့ ဆိုင်းဘုတ်ကြီးတစ်ခု ပြုလုပ်ထားပါတယ်။ သည်ဆိုင်းဘုတ် ညွှန်ပြတဲ့လမ်းဟာ ဖားအောက်တောရကျောင်းလမ်းပါပဲ။ လမ်းတစ်လျှောက်လုံးမှာ မိုးထိအောင် မြင့်မားပြီး ထာဝစဉ်စိမ်းလန်းနေကြတဲ့ အနန်းပင်များ စီတန်းနေကြပါတယ်။ သည်မြေညီလမ်း အတိုင်း လျှောက်သွားရင် လက်ဝဲဘက်မှာအရှေ့တောင်တိုင်း စစ်ဌာနချုပ်သံချပ်ကာတပ်ရဲ့ ဝင်းကျယ်ကြီး တည်ရှိပြီးတော့ လက်ယာဘက်မှာ မော်လမြိုင်မြို့ စက်မှုသိပ္ပံကျောင်းကြီးရဲ့ဝင်းကျယ်ကြီး တည်ရှိပါတယ်။

ကားလမ်းမကြီးကို ကျောပေးပြီး အရှေ့ဘက်က မှိုင်းညို့ညို့တောင်တန်းဆီကို ဦးတည်လျှောက်သွားတဲ့အခါ ကားသံ လူသံတွေတဖြည်းဖြည်း တိတ်ဆိတ်လာပြီးတော့ ကျေးငှက်သာရကာတို့ရဲ့တွန်ကျူးသံများကို ကြားနာရမှာဖြစ်ပါတယ်။ ရှည်လျားလှတဲ့ သံချပ်ကာ

http://www.dhammadownload.com



တံပ်ဝင်းနှင့် စက်မှုကျောင်းဝင်းတို့ကို ကျော်လွန်မိတာနဲ့ တစ်ပြိုင်နက် "နိဗြောဓာရုံ တောရကျောင်း" ဆိုတဲ့ ချိုးသွားတဲ့ လမ်းခွဲတစ်ခုကို တွေ့ရလိမ့်မယ်။ ထိုလမ်းကို မလိုက်မှုဘဲ မူလ လမ်းကျယ်အတိုင်း နည်းနည်း ဆက်လျှောက်သွားရင် ဝတ်ဘုရားကျောင်းဝင်းတစ်ခုကို တွေ့ရပေဦးမယ်။ သည် ဝတ်ဘုရားကျောင်းကို ကျော်လွန်သွားရင် ဖားအောက်တောရစကြံကျောင်းရဲ့ အမျိုးသားယောဂီဆောင်နဲ့ အမျိုးသမီးယောဂီဆောင်များကို တွေ့ရပါလိမ့်မယ်။

ကားလမ်းမကြီးကနေ ဖားအောက်တောရစကြံကျောင်းအရောက် အေးအေးဆေးဆေး လမ်းလျှောက်သွားရင် ကြာတဲ့အချိန်ဟာ ၁၅ မိနစ်ခန့်သာ ဖြစ်ပါတယ်။ အကယ်၍ ပစ္စည်းအလေးအပင်တွေ ပါရင် ဖားအောက် တောရ လမ်းဝမှာ မဆင်းဘဲ ဖားအောက်ရွာထိပ်ထိ ကားစီးသွားပါ။ ဖားအောက်ရွာ လမ်းဝနှင့် စက်မှုသိပ္ပံကျောင်း အဝင်ဝတို့ဟာ ကားလမ်းမ တစ်ဖက်တစ်ချက်စီမှာ မျက်နှာချင်းဆိုင်နေကြပါတယ်။ အဲသည်မှာ မြင်းလှည်းများက အသင့် စောင့်ဆိုင်းနေကြတာမို့ ဖားအောက် တောရစကြံကျောင်းသို့ ပို့ခိုင်းလို့ ရပါတယ်။

မော်လမြိုင်မြို့မှ မုဒုံမြို့သို့သွားတဲ့ ဟိုင်းလတ်ကား တစ်စီးစီးကို စီးပြီး ဖားအောက်တောရ လမ်းဝမှာ ဖြစ်စေ၊ ဖားအောက်ရွာ လမ်းဝမှာ ဖြစ်စေ ဆင်းနိုင်ပါတယ်။ သို့တည်းမဟုတ် မော်လမြိုင်မြို့မှ ဖားအောက်ရွာ စက်မှုသိပ္ပံကျောင်းသို့ ပြေးဆွဲတဲ့ အမှတ် ၈ ဟိုင်းလတ်ကားနဲ့ သွားနိုင်ပါတယ်။

ယခုအခါ ဖားအောက်တောရသို့ မြန်မာပြည်အရပ်ရပ်မှ ရဟန်းရှင်လူများ လာရောက်ပြီး တရားအားထုတ်ကြပါတယ်။ ဖားအောက်တောရ သာသနာ့နုဂ္ဂဟ အဖွဲ့က ယောဂီ ၅၀၀ ကျော်ကို နေရာထိုင်ခင်း

http://www.dhammadownload.com



စီစဉ်ပေးနိုင်ပါတယ်။ ယောဂီများကို အချိန်မရွေး လက်ခံပါတယ်။ ဆွမ်းစရိတ် တောင်းခံခြင်း မပြုဘူး။ သက်သတ်လွတ် ဆွမ်း ကျွေးပါတယ်။

စကြံကျောင်းကို ကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ်က စတင် တည်ထောင်ခဲ့ပါတယ်။ ကျောင်းတည်ထောင်တဲ့ ပထမဆရာတော်က '**ဦးခေမာဝန္တ**' ဖြစ်ပါတယ်။ သည်ဆရာတော်ဟာ သစ်သီးများကို အဓိက ထားပြီး ဆွမ်း ဘုဉ်း တဲ့ အ တွက် 'သစ် သီး ဆ ရာ တော်' လို့ အ မည် ကျော်ကြားပါတယ်။

ဒုတိယ ဆရာတော်က '**ဦးအဂ္ဂပညာ**' ဖြစ်ပါတယ်။ သူ့ရဲ့ဇာတိ ရွာကို အကြောင်းပြုပြီး 'ဖယ်ထော်ဆရာတော်' လို့ အမည်တွင်ပါတယ်။ ဒုတိယဆရာတော်က ပထမဆရာတော်ရဲ့ လမ်းစဉ်ကို ထိန်းသိမ်းစောင့် ရှောက်ပြီး တရားစခန်းများကို ဖွင့်လှစ်ပေးခဲ့တယ်။ ကျောင်းတိုးတက် စည်ကားလာအောင်လည်း ဆောင်ရွက်တော်မူခဲ့တယ်။

ကောဇာသက္ကရာဇ် ၁၃၄၃ ခုနှစ် (၂၁-၇-၈၁) မှာ ဒုတိယ ဆရာတော် ပျံလွန်တော်မူလို့ ယခု လက်ရှိ ဆရာတော် '**ဦးအာစိဏ္ဏ**' က တတိယဆရာတော် ဖြစ်လာပါတယ်။ ဤဆရာတော်ဟာ ပရိယတ်၊ ပဋိပတ် စွယ်စုံတတ်မြောက်ပြီး ဝိနည်းတော်ကို အထူးကြည်ညို လေးစားပါတယ်။ မော်လမြိုင်-မုဒုံနယ်မှာ ဝိနည်းမိုရ် ဆရာတော်တစ်ပါး အဖြစ် ထင်ရှားပါတယ်။ နှစ် ၂၀ ကျော် တောရဆောက်တည်ကာ သမထ ဝိပဿနာဘာဝနာများကို စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ခဲ့ ပြီးနောက် ကောဇာသက္ကရာဇ် ၁၃၄၅ ခုနှစ်က စတင်ပြီး ဖားအောက် တောရမှာ တရားပြသပေးခဲ့ပါတယ်။

ဆရာတော် ညွှန်ပြတဲ့ တရားကျင့်စဉ်က ဓာတ်ကမ္မဋ္ဌာန်းကို

http://www.dhammadownload.com



အခြေခံပြီး ပိဋကတ်ကျမ်းဂန်နှင့် ဝိသုဒ္ဓိမဂ်လာ ကျင့်စဉ်များအတိုင်း တိတိကျကျ ပြည့်ပြည့်ဝဝ အားထုတ်ရတဲ့ အနုစိတ် ကျင့်စဉ် ဖြစ်ပါတယ်။ သို့သော် ဆရာတော် ညွှန်ပြတဲ့ နည်းစနစ်က သိပ္ပံနည်းကျ ထိထိမိမိ ရှိလှတဲ့အတွက် တရားအားထုတ်သူများဟာ မပင်မပန်းဘဲ ရွှင်ရွှင်လန်းလန်း အားထုတ်နိုင်ကြပါတယ်။

သည်စာအုပ်မှာ ပထမဆရာတော်၊ ဒုတိယဆရာတော်နှင့် တတိယဆရာတော်တို့ရဲ့ ထေရုပ္ပတ္တိ ဘဝဖြစ်စဉ်များကို အကျဉ်းမျှ ဖော်ပြပြီးနောက် ဆရာတော်တို့ရဲ့ တရားကျင့်စဉ်များကို အခြေခံသဘောလောက်သိရှိအောင် မိတ်ဆက်ရေးသားထားပါတယ်။

'အပွေးမြင် အပင်သိ၊ အသွေးမြင် အသွင်သိ' ဆိုသလို ဤမိတ်ဆက် စာသားများကို ဖတ်ရှုပြီးနောက် ဆရာတော်များကို ကြည်ညိုစိတ် ပွားကာ လက်ရှိညွှန်ကြားပြသပေးနေတဲ့ တရားဘာဝနာစနစ်ရဲ့ အနှစ်သာရကို ချိန်ဆ ခန့်မှန်းနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ တရားစစ် တရားမှန်ကို ထိုးထွင်း မြင်သိအောင် ကျင့်ကြံ အားထုတ်နိုင်ကြပါစေ။

ဗုဒ္ဓမြတ်စွာရဲ့ အတုမရှိသော သာသနာတော်ဟာ နေ့လပမာ အရှိန်အဝါ ထွန်းလင်းတောက်ပပြီး လူသားတို့ရဲ့ နှလုံးသားအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့ကာ အလင်းရောင် ပေးဆောင်နိုင်ပါစေသောဝ်။

**တရားလမ်းမှန်၊ ဖော်ထုတ်ပြန်၊ ရောက်ရန် နိဗ္ဗူနန်း၊**
**ချမ်းမြေ့သေချာ၊ တရားရှာ၊ ကြွပါ ဖားအောက်စခန်း။**

မိမိတို့ရဲ့ ဘဝအသီးသီးကို အမြင့်မြတ်ဆုံးသောအခြေသို့ ရောက်အောင် မြှင့်တင်ပေးနိုင်ကြပါစေ။

**ဒေါက်တာ မင်းတင်မွန်**

http://www.dhammadownload.com

# ပထမဆရာတော်
# ဦးခေမာဝန္တ မဟာထေရ်

## သစ်သီးဆရာတော်လောင်းလျာဘဝ

ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်ခန့်မှ ၁၃၃၄ ခုနှစ်အထိ၊ ခရစ်သက္ကရာဇ် ၁၉၃၀ ခုနှစ်လောက်မှ ၁၉၇၃ ခုနှစ်အထိ ကာလမှာ မော်လမြိုင်မြို့မှ ကိုးမိုင် ကွာဝေးတဲ့ ဖားအောက်ကျေးရွာမှာ 'သစ်သီးဆရာတော်' လို့ ထင်ပေါ်ကျော်ကြားတဲ့ ဆရာတော်တစ်ပါး ပေါ်ထွန်းခဲ့ပါတယ်။ ထိုဆရာတော်ဟာ ဖားအောက်တောရစကြံကျောင်းကို စတင်ထူထောင်ခဲ့တဲ့ ဦးခေမာဝန္တ မဟာထေရ် ဖြစ်ပါတယ်။

ဆရာတော် လောင်းလျာဖြစ်တဲ့ **'မောင်ကံထူး'** ကို ကောဇာသက္ကရာဇ် ၁၂၆၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ တနင်္လာနေ့ နံနက်အရုဏ်တက်အချိန်မှာ ဖွားမြင်ခဲ့ပါတယ်။ မိဘနှစ်ပါးက ဖားအောက်ရွာမှာ ရိုးသားဖြောင့်မတ်စွာ လယ်ယာလုပ်ကိုင်စားသောက်ကြတဲ့ မွန်လူမျိုး ဦးရာနဲ့ ဒေါ်ငြိမ်းဒူတို့ ဖြစ်ကြပါတယ်။ မွေးချင်းမောင်နှမ ကိုးဦးအနက်က မောင်ကံထူးဟာ အကြီးဆုံး ဖြစ်ပါတယ်။

http://www.dhammadownload.com



ကျောင်းနေတဲ့အရွယ် ရောက်လာတဲ့အခါ မိဘတို့က မောင်ကံထူးကို မြန်မာစာသင်ကျောင်းသို့ မပို့ဘဲ ဖားအောက်တိုက်ကျောင်း **ဆရာတော်ဦးသီလ** (ငယ်နာမည်ဦးဖြန်) ထံမှာ အပ်နှံကြတယ်။ ဘုန်းတော်ကြီးထံပါးမှာ တရားစာများကိုသင်ကြားရတဲ့ ဥပနိဿယကြောင့် မောင်ကံထူးဟာ သာသနာတော်မှာ စိတ်ကိုင်းညွတ်လာပါတယ်။ အသက် ၁၄ နှစ်အရွယ်မှာတော့ **'ရှင်ခေမာဝန္တ'** ဖြစ်လာပါတယ်။

ရှင်ခေမာဝန္တ ဟာ မော်လမြိုင်မြို့နယ် ကတိုးကော့နယ် ပရိယတ္တိစာသင်တိုက်ကြီးမှာ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အဘိဓာန်၊ အလင်္ကာ၊ ကစ္စည်း ဝိဘာရဏီ အဋ္ဌကထာနှင့် ဝိနည်း ပါဠိတော်များကို ငါးနှစ်ကြာ သင်အံ ဆည်းပူးတယ်။ ထို့နောက် ဇာတိရွာသို့ ပြန်ကြွလာပြီး ငယ်ဆရာ ဦးသီလထံမှာ ရဟန်းခံယူတယ်။

ရဟန်း ဖြစ် ပြီး တော့ နှစ် ဝါ မျှ ဖား အောက် တိုက် ကျောင်း မှာ သီတင်းသုံးတယ်။ ၁၂၈၄ ခုနှစ်မှာတော့ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံကျောင်းသို့ စာပေဆက်လက်သင်ကြားဖို့ ကြွသွားတော်မူတယ်။ **မဟာဂန္ဓာရုံဆရာတော်** ဟာ ဗုဒ္ဓါနုဿတိကို အလေးထားပြီး ရှုပွားတော်မူတယ်။ အခြေအနေအားလျော်စွာ မေတ္တာဘာဝနာ၊ အသုဘကမ္မဋ္ဌာန်း၊ မရဏာနုဿတိနဲ့ ဝိပဿနာတရားတို့ကိုလည်း ပွားများအားထုတ်တော်မူတယ်။ အသား မစားသင့်ပုံကို ဟောကြားပြီး မိမိကိုယ်တိုင်လည်း...

"သဗ္ဗမံသံ ပရိဝဇ္ဇေမိ"

'အလုံးစုံသော အသားတို့ကို မစားတော့ပါ၊ အလျဉ်းရှောင်ကြဉ်ပါ၏'လို့ အဓိဋ္ဌာန် ပြုတော်မူတယ်။

http://www.dhammadownload.com



မဟာဂန္ဓာရုံကျောင်းသို့ ရဟန်းငယ် အရှင်ခေမာဝံသ ရောက်တဲ့ အချိန်မှာ မဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူပြီးဖြစ်လို့ **မဟာသုခ ချမ်းအေး ဆရာတော်** အုပ်ချုပ်နေချိန် ဖြစ်တယ်။ ချမ်းအေးဆရာတော် ဟာ မဟာဂန္ဓာရုံ ဆရာတော်နှင့် အတူတကွ တောထွက်လာခဲ့တဲ့ တပည့် ရင်း ဖြစ်လို့ မဟာဂန္ဓာရုံ ဆရာတော်နည်းအတိုင်း သမထ ဝိပဿနာ ပွားများအားထုတ်တော်မူတယ်။

ဒါကြောင့် သဒ္ဓါအရင်းခံ အလွန်ထက်သန်နေတဲ့ **အရှင်ခေမာဝံသ** ကလည်း ဆရာလမ်းစဉ်အတိုင်း ဗုဒ္ဓါနုဿတိကို အထူးအလေးပေးကာ အား ထုတ်တော်မူတယ်။ မဟာဂန္ဓာရုံကျောင်းရောက်ပြီး ပထမတစ်နှစ် မှာ စံကင်းဆရာတော်၊ မြောင်းမြ ဆရာတော်တို့ထံမှာ ပရိယတ္တိ၊ ပဋိ ပတ္တိ နည်းများကို သင်ယူတယ်။ ဒါပေမဲ့ လေနာရောဂါ စွဲကပ်လာလို့ ပရိယတ္တိကျမ်းဂန် ပြင်းပြင်းထန်ထန် သင်ကြားအားထုတ်မှုကို လျှော့ ပေါ့ပြီး ပဋိပတ္တိလုပ်ငန်းဘက်သို့ ကူးပြောင်းလိုက်ရတယ်။ သည်အချိန် က စပြီး မဟာဂန္ဓာရုံ ဆရာတော် ဩဝါဒအတိုင်း အသားဟင်းတို့ကို လုံးဝရှောင်ကြဉ်လိုက်တော့တယ်။

မဟာဂန္ဓာရုံမှာ ဆွမ်းခံတန်း နှစ်တန်း ရှိတယ်။ တစ်တန်းက သားငါး မရှောင် ရရာခံယူတဲ့ အတန်းဖြစ်ပြီး၊ ကျန်တစ်တန်းက သက် သတ်လွတ် တန်း ဖြစ်တယ်။ အရှင်ခေမာဝံသ ဟာ သက်သတ်လွတ် ဆားဟင်းတန်းမှာ ထာဝစဉ် ဦးဆောင်ပြီး ဆွမ်းခံမြဲသူ ဖြစ်တယ်။

စစ်ကိုင်းမှာ သုံးနှစ်ကြာ ပရိယတ်၊ ပဋိပတ် အလုပ်ကို ကြိုးစား အားထုတ်ပြီးတဲ့နောက် မိဘဆွေမျိုးထံမှ ပင့်လျှောက်စာ ရောက်လာ လို့ ၁၂၈၇ ခုနှစ်၊ နတ်တော်လမှာ ဖားအောက်သို့ ပြန်ကြွလာတယ်။ ပရိယတ်၊ ပဋိပတ် နှစ်ရပ်စွယ်စုံ ကုံလုံပြည့်ဝလျက် ဣန္ဒြေရရ သာသနာ

http://www.dhammadownload.com



ကျက်သရေဆောင် မထေရ်တစ်ပါးအဖြစ် အရှင် ခေမာဝန္တ ကို မိဘဆွေမျိုးများက ဖူးတွေ့ကြရလို့ အလွန်ဝမ်းမြောက်ကြတယ်။

## ဖားအောက်တောရ စကြဲကျောင်း

အရှင်ခေမာဝန္တ က ဝိပဿနာ့စုရဖြင့် တောရဘုန်းကြီး ပီပီသသ နေထိုင်ကာ ဝိနည်းတော်နဲ့အညီ ကျင့်သုံးလိုတဲ့အတွက် ဖားအောက် ရွာ အရှေ့ဘက် လေးတောင် တစ်ထွာ ရှိတဲ့ ကုလလေးတာဖြင့် တာ ၅၀၀ ဝေးကွာတဲ့အရပ်ကို ရွေးချယ်ပြီး ၁၂၈၇ ခုနှစ်၊ တပေါင်းလမှာပဲ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်မျှဖြင့် တောထွက်ပါတော့တယ်။

မိဘဆွေမျိုးတို့က ယခု ဖားအောက်တောရ စကြံကျောင်းဝင်း နေရာကို ခုတ်ထွင်ရှင်းလင်းပြီး အောက်မြေပြန့်မှာ ကျောင်းကလေး တစ်ဆောင်၊ အထက်ကုန်းမြင့်မှာ ကျောင်းကလေးတစ်ဆောင် ဆောက် လုပ်ပေးကြတယ်။ ကုန်းထိပ်မှာ မြေညှိစဉ်အခါမှာ အုတ်ကျိုးအုတ်စ များ ပေါ်လာလို့ အရှင် ခေမာဝန္တ ကြွရောက် ကြည့်ရှုရာ "ရှေး စေတီ ဟောင်း နေရာနဲ့ တူတယ်၊ ဒီနေရာ စေတီတစ်ဆူ ပြန်လည်တည်ထား ကြရမယ်" လို့ မိန့်တော်မူတယ်။

အရှင်မြတ်ရဲ့ ဆန္ဒကို ဖြည့်စွမ်းပေးနိုင်တဲ့ အကြောင်း မကြာမီ ပေါ်လာတယ်။ မြေညှိလုပ်အားပေးလှူသူ မောင်ထွန်းဦးက ထိုစေတီ နေရာ အနီးမှာ ရွှေကြုတ်တစ်လုံး တူးဖော်ရရှိတယ်။ မောင်ထွန်းဦးရဲ့ သဘောတူညီချက်နဲ့ ရွှေကြုတ်ရဲ့အထက်ပိုင်းကို ထုခွဲရောင်းချပြီး ဉာဏ် တော် ၁၂ တောင်ခန့် ရှိတဲ့ စေတီကလေး တစ်ဆူကို တည်ထားကြ တယ်။ ရွှေကြုတ်အောက်ပိုင်းကို မောင်ထွန်းဦးအား ထုခွဲစားသုံးရန် ပေးလိုက်ကြတယ်။

http://www.dhammadownload.com



အရှင်ခေမာဝန္တ ကို ကြည်ညိုကြတဲ့ ဟသ်ာတနဲ့ ခနေဖြူဘက်မှ သီလရှင် ၁၀ ပါးခန့်ဟာ စစ်ကိုင်းမှ လိုက်လာကြပြီး တောရကျောင်း သီလရှင်ဇရပ်မှာ နေထိုင်ကြတယ်။ အရှင်ခေမာဝန္တ ရဲ့ နှမငယ်ဖြစ်တဲ့ ငါးနှစ်အရွယ် မခင်နုကလည်း သီလရှင်ဝတ်ပြီး သီလရှင်ဇရပ်မှာ နေထိုင်ကာ မောင်ကြီးဘုရားရဲ့ ဝေယျာဝစ္စများကို ၁၃ နှစ်တိုင်တိုင် တရားအားထုတ်ရင်း လုပ်ကိုင်ပေးရှာတယ်။

တောရဆရာတော်ကလေး အရှင်ခေမာဝန္တ ဟာ ဘယ်သူပဲ ဝေယျာဝစ္စ လုပ်ပေးပေး၊ ဆွမ်းခံဝတ်ကို မဖျက်ဘူး။ နေ့စဉ် အချိန်မှန် ဆွမ်းခံထွက်ပြီး ရသမျှသက်သတ်လွတ်ဆွမ်းကို သံဃာတော်တို့အား လှူဒါန်းတယ်။ မိမိကတော့ သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ သစ်ရွက် စသည်တို့ကိုသာ နံနက် ကိုးနာရီမှာ တစ်ထပ် ဆွမ်းဘုဉ်းပေးလေ့ ရှိတယ်။ ထိုအခါမှ စပြီး အသက်အရွယ် မကြီးသေးပေမယ့် **'သစ်သီး ဆရာတော်'** လို့ အမည်တွင်လာပေတော့တယ်။

ဖားအောက်တောရမှာ အခြေစိုက်သီတင်းသုံးလို့ ငါးနှစ်မျှ ကြာတဲ့အခါ စစ်ကိုင်းမှာ ဆရာတော်နဲ့အတူ ရဟန်းဝတ်ဖူးပြီး ဆရာတော်ကို အလွန်ကြည်ညိုတဲ့ ဝါးခယ်မမြို့မှ လမ်းသမိုင် **လယ်ပိုင်ရှင် စက်သူဌေး ဦးဘိုးခင်** က ဆရာတော့်ထံ လာပြီး ကျောင်းဆောက်လှူခွင့် တောင်းတယ်။ နှစ်ထပ်တိုက်ကျောင်း ဆောက်လှူရန် စိတ်ကူးခဲ့ပေမယ့် သစ်သီးဆရာတော်က သစ်သားစကြံကျောင်းကို ဆောက်လှူရန် မိန့်ကြားတယ်။

ဒါကြောင့် ၁၂၉၂ ခုနှစ်မှာ အတောင် ၆၀ ရှည်လျားတဲ့ စင်္ကြံကျောင်းဟာ အရှေ့ဘက်က အိပ်ခန်း၊ ဘုရားခန်း၊ အနောက်ဘက်က ရေချိုးခန်း၊ ကုဋီ တွဲဆက်လျက် ဖားအောက်တောရမှာ ထီးထီးမားမား

http://www.dhammadownload.com



ပေါ်လာတယ်။ ဒီကျောင်းကို အစွဲပြုပြီး **"ဖားအောက်တောရ စကြံ ကျောင်း"** လို့ အမည်တွင်လာပါတယ်။ (ယခုအခါ ဤကျောင်းရဲ့ အနောက်ဘက်မှာ ဖားအောက်တောရ နိကြောဓာရုံကျောင်းနဲ့ အရှေ့တောင်ဘက်မှာ ခေမိကသိပ္ပံ စာသင်တိုက်တို့ဟာ စကြံကျောင်းနဲ့ ပရိဝုဏ်ချင်းစပ်လျက် တည်ရှိကြတယ်။)

သစ်သီးဆရာတော်ဟာ ကျောင်းဒကာ ဦးဘိုးခင်ရဲ့ ကျေးဇူးကို ထောက်မျှော်ပြီး စကြံကျောင်းမှာ ၁၆ နှစ်တိုင်တိုင် သီတင်းသုံးတော်မူတယ်။ အဲဒီအခါ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရဲ့ သံချပ်ကာ တပ်ခွဲမှ လူနေ့အဆောက်အဦများဟာ ဖားအောက်တောရ အဝင်လမ်းထိပ်ဘေးမှာ ပေါ်ပေါက်လာလို့ စကြံကျောင်းဟာ တောရ မမြောက်တော့ဘူး။ ဒါကြောင့် ဆရာတော်ဟာ စကြံကျောင်းရဲ့ အရှေ့မြောက်ဘက် သုံးဖာလုံလောက် ဝေးတဲ့အရပ်မှာ ကျောင်းသစ်တည်ပါတယ်။

## ကျွဲတညင်း စံကျောင်းတော်

ဒကာများက ကျွဲတညင်းပင်ကြီးရဲ့ အရိပ်အာဝါသ ရတဲ့ နေရာမှာ ကျောင်းသစ်ကို ဆောက်လှူလို့ ဒီကျောင်းကို **'ကျွဲတညင်း စံကျောင်း'** လို့ ခေါ်ကြတယ်။ ကျောင်းပတ်ဝန်းကျင်မှာ အနန်းပင် စတဲ့ သစ်ပင်ကြီးတွေက နေပြောက် မထိုးလုနီးပါး ထိစပ်နေကြလို့ အလွန်သာယာပါတယ်။ ဒီစံကျောင်းမှာ သစ်သီးဆရာတော်က နှစ်များစွာ သီတင်းသုံးတော်မူတယ်။

ကျောင်းဝင်း အဝင်ဝ အနန်းပင်ကြီးအောက်မှာ စင်ယော်ဇာလေး တစ်ခု ဆောက်ထားတယ်။

ဆရာတော်ကို သစ်သီးဆွမ်း လောင်းလှူကြတဲ့ ဒကာ ဒကာမ

http://www.dhammadownload.com



များဟာ နေ့စဉ် နံနက် ၈း၀၀ နာရီလောက်မှာ မိမိတို့ လောင်းလှူလိုကြတဲ့ သစ်သီး၊ သစ်ဥ သစ်ဖု၊ သစ်ရွက်တို့ကို စင်ပေါ်မှာ စုပေါင်းတင်ထားကြတယ်။ ပြီးတော့ အနီးမှာ ချိတ်ဆွဲထားတဲ့ တုံး (အုန်းမောင်း) ကလေးကို ခေါက်လိုက်တယ်။

အဲဒီအခါ ဆရာတော်က ကျောင်းထဲမှာ သင်္ကန်း ရုံ၊ သပိတ်ပိုက်ပြီး ထွက်ကြွလာတယ်။ သစ်သီးဆွမ်းကို အလှူခံတော်မူပြီး ရသမျှထဲက အကောင်းအမွန်တွေကို ဘုရားတင်တယ်။ နံနက် ၉း၀၀ နာရီမှာ ဆရာတော်ဟာ သစ်သီး သစ်ဥတို့ကို တစ်ထပ်ဆွမ်းအနေနဲ့ ဘုဉ်းပေးတယ်။ ခရမ်းသီး၊ ဘူးသီး၊ ပဲသီး၊ ပိန်းဥ၊ မြောက်ဥ၊ ကန်စွန်းဥ၊ အာလူး စသည်တို့ကို ဆားဟင်းချက်ပြီး လောင်းလှူတာကိုလည်း လက်ခံ ဘုဉ်းပေးတယ်။ ဟင်းရွက်ကျတော့ တေမိယဇာတ်တော်ထဲက ကဗျည်းရွက်ပြုတ် ဆိုတာမျိုးလို ဟင်းရွက်ပြုတ်အနေနဲ့ ဘုဉ်းပေးပါတယ်။ ထမင်းနဲ့ ကောက်ညှင်းတို့ကို ဘုဉ်းမပေးဘူး။ တစ်ခါတစ်ရံ ခေါက်ဆွဲကို ဘုဉ်းပေးတယ်။ နွားနို့ ဘုဉ်းပေးတယ်။ အများအားဖြင့် သစ်သီးများကို အားပြု ဘုဉ်းပေးတဲ့အတွက် **'သစ်သီးဆရာတော်'** လို့ အမည်တွင်လာခြင်းဖြစ်ပေတယ်။

ကျွဲတည်င်း စံကျောင်းအနီးမှာ ဉာဏ်တော် ကိုးတောင်ရှိတဲ့ **'ကိုးနဝင်း စေတီတော်တစ်ဆူ'** ရှိတယ်။ စေတီတော်မှာ ဘုရားဓာတ်တော် ၂၂ ဆူနဲ့ ရဟန္တာ ဓာတ်တော် ခြောက်ဆူတို့ကို ဆရာတော်ကိုယ်တိုင် ဌာပနာပြီး ၁၃၂၈ ခုနှစ်မှာ တည်ထားခဲ့တယ်။ စေတီတော်အနီးမှာ **ဗောဓိပင်** တစ်ပင်က ပန့်တင့်စွာ ပေါက်ရောက်နေတယ်။ ဒီဗောဓိပင်ကို ရန်ကုန်မြို့ ကုန်ပဒေသာသူဌေး ဦးသာဝင်းက ပင့်လာပြီး ဆရာတော်အား လှူဒါန်းခဲ့ပါတယ်။ ဆရာတော်ကြီးမှူးကြီး ၁၃၂၆ ခုနှစ်

http://www.dhammadownload.com



မှာ ဒီဗောဓိပင်ကို စိုက်ပျိုးခဲ့လို့ ယခုအခါ ဗောဓိပင်ဟာ သက်တမ်း ၃၄ နှစ် ကျော်နေပါပြီ။

တောခေါင်းကျောင်းနဲ့ ဘန့်ပွေးကျောင်း

မူလစကြ်ကျောင်းနဲ့ ဆက်စပ်လျက် အရှေ့ဘက်မှာ **တောခေါင်းကျောင်းနှင့် ဘန့်ပွေးကျောင်း** တို့ တည်ရှိကြတယ်။ တောခေါင်းကြီးက သစ်သီးဆရာတော်အား ဆောက်လှူတဲ့ကျောင်းဖြစ်လို့ တောခေါင်းကျောင်းလို့ အမည်တွင်ခြင်း ဖြစ်တယ်။ တောခေါင်းကျောင်း စေတီကို ဆရာတော်ပင် ကြီးမှူးပြီး တည်ထားတော်မူခဲ့တယ်။ ဆရာတော်ဟာ မြတ်စွာဘုရားကို အလွန်ကြည်ညိုလို့ မိမိသီတင်းသုံးတဲ့ ကျောင်းအသီးသီးနဲ့ မနီးမဝေးမှာ စေတီတစ်ဆူ တည်ထားတော်မူတယ်။

တောခေါင်းကျောင်းရဲ့ အရှေ့ဘက်မှာတော့ **ဘန့်ပွေးကျောင်း** က ဝင်းချင်းဆက်လျက် တည်ရှိတယ်။ ဒီကျောင်းကို ဆရာတော်ဘုရားရဲ့ ခမည်းတော် ဆောက်လှူခဲ့ပြီး သူကိုယ်တိုင် ရဟန်းဝတ်နဲ့ သီတင်းသုံးခဲ့တဲ့ နေရာဖြစ်တယ်။ ဘန့်ပွေးကျောင်းရဲ့ မနီးမဝေးမှာလည်း စေတီဖြူဖြူတစ်ဆူ ရှိပြန်တယ်။ တောထဲမှာ ကျောင်းကလေးနဲ့ စေတီတော်တို့ကို ဖူးတွေ့ရတာဟာ အလွန်စိတ်ချမ်းမြေ့စရာ ကောင်းလှပါတယ်။

ဘန့်ပွေးကျောင်းရဲ့ မြောက်ဘက်မှာ ကျွဲတည်းကျောင်းဝင်းက ဆက်လျက် တည်ရှိတယ်။ ဒါကြောင့် သစ်သီးဆရာတော်ကို လှူဒါန်းထားတဲ့ ကျောင်းများဟာ စကြ်ကျောင်း၊ တောခေါင်းကျောင်း၊ ဘန့်ပွေးကျောင်း၊ ကျွဲတည်းကျောင်း ဟူ၍ လေးကျောင်းရှိပြီး စုစုပေါင်း မြေဧက ၁၂ ဧကကျော် ကျယ်ဝန်းပါတယ်။

ခမည်းတော်ကြီးက ရဟန်းဘဝသို့ ရောက်ပြီး အသက်ကြီးလို့

http://www.dhammadownload.com



ကွယ်လွန်ခါနီး သုံးနှစ်လောက်မှာ လူဝတ်လဲခဲ့တယ်။ မယ်တော်ကြီးက သီလရှင်ဝတ်နဲ့ စကြံကျောင်းမှာပဲ ၁၅ နှစ်ခန့် တရားအားထုတ်ရင်း ကွယ်လွန်ပါတယ်။

## သစ်သီးဆရာတော်ရဲ့ ထူးခြားတဲ့ ဂုဏ်ရည်

သစ်သီးဆရာတော်ဟာ မြတ်စွာဘုရားကို လွန်လွန်ကဲကဲ ကြည်ညိုသူ ဖြစ်တယ်။ မအြောခဏ ဘုရားရှိခိုးတယ်။ ဖျားနာတဲ့အခါ ဝေဒနာပြင်းပြနေလင့်ကစား ဘုရားရှိခိုးမပျက်ဘူး။ ကမ္မဋ္ဌာန်းအားထုတ်ရာမှာလည်း ဗုဒ္ဓါနုဿတိဟာ အမြတ်ဆုံး ကမ္မဋ္ဌာန်းပဲလို့ မှတ်ယူကာ ဗုဒ္ဓါနုဿတိကို အလေးပေးပြီး အားထုတ်တယ်။

နှစ်စဉ် တပို့တွဲလပြည့်နေ့မှာ စကြံကျောင်း၊ တောခေါင်းကျောင်း၊ ဘန့်ဖွေးကျောင်းနဲ့ ကျွဲတည်းကျောင်း အသီးသီးမှာရှိတဲ့ စေတီတော်များမှာ တံခွန်ကုက္ကားနဲ့ ပန်း ဆီမီး ၈၄,၀၀၀ ကပ်လှူပူဇော်တယ်။ ရွာသူ ရွာသားများ လာရောက်ကြပြီး တံခွန် ကုက္ကားစသည်ကို ဝိုင်းဝန်းပြင်ဆင်ကြ၊ တပျော်တပါး ဘုရားပူဇော်ကြလို့ အလွန်စည်ကား သိုက်မြိုက်ပါတယ်။

ဆရာတော်ဟာ တိစီဝရိတ် ဓုတင်၊ ပံသုကူ ဓုတင်၊ အရညကင် ဓုတင် စသည်ဖြင့် ဓုတင် ၁၃ ပါးတို့ကို စွမ်းသမျှ ဆောက်တည်ပါတယ်။ ဆရာတော်ဟာ အလွန် အလိုနည်းပြီး ရသမျှနဲ့ ရောင့်ရဲတင်းတိမ်ပါတယ်။ အလှူအတန်းမှာတော့ ရောင့်ရဲတင်းတိမ်တယ်လို့ မရှိဘူး။ အကောင်းမှန်သမျှကို အကုန်လှူဒါန်းလိုက်တာပဲ။

မော်လမြိုင်မြို့ **သူဌေးကြီး ဦးစိုးတင်** က ဆရာတော်အား ပင့်ပြီး "မော်လမြိုင်မြို့ပေါ်မှာ ဆရာတော် အလိုရှိတဲ့ နေရာကို ညွှန်ပြပါ၊ မြေ

http://www.dhammadownload.com



ရောတိုက်ကျောင်းပါ လှူဒါန်းပါမယ်”လို့ လျှောက်ထားတယ်။ ဆရာတော်ရဲ့အဖြေက “တို့ တောဘုန်းကြီး၊ တောမှာပဲ ပျော်ပါသကွယ်”တဲ့။

ဆရာတော် မကျန်းမာလို့ မော်လမြိုင်ဆေးရုံကို တက်ရောက်နေရစဉ် သံဖြူဇရပ်မှ ဒကာတစ်ဦးက ၇၅ ကျပ်တန် ပွမ်းစောင်ကြီး တစ်ထည် လာလှူတယ်။ ဆရာတော်က အဲဒီစောင်ကို ဆေးရုံတက်နေရတဲ့ မုဒုံဆရာတော်အား လှူဒါန်းလိုက်တယ်။ မိမိကတော့ နှစ်ထပ်သင်္ကန်းကြီးနဲ့ပဲ မှူတတော်မူတယ်။

ဆရာတော်ကို ကြည်ညိုလို့ စကြံကျောင်းမှာ ဒုလ္လဘရဟန်းများ ၂၅ ပါ မှ ၅၀ ပါ အထိ အမြဲရှိနေတတ်တယ်။ ဆရာတော်ဆွမ်းခံရသမျှကို ဆွမ်းစားကျောင်းမှာ ကိုယ်တိုင်ကြီးကြပ်ပြီး ဆွမ်းခွက်များကို ခုံပေါ်စီထားစေတယ်။ သံဃာတော်များကို ဝါစဉ်အလိုက် တန်းစီစေပြီး မိမိတို့ ကြိုက်နှစ်သက်ရာ ဆွမ်းခွက်များကို ကောက်ယူစေပါတယ်။ ဆရာတော်ကိုယ်တိုင်က နောက်ဆုံးကနေပြီး ဆွမ်းခွက်များကို ကောက်ယူတယ်။

ဆရာတော်ရဲ့ သည်းခံမှု စွမ်းရည်ဟာ အလွန် ချီးမွမ်းထိုက်ပါတယ်။ အချမ်းအပူ ရာသီဒဏ်နဲ့ ခြင် မှက် စတဲ့ ဘေးရန်တို့ကိုမညည်းမညူ သည်းခံတော်မူတယ်။ ဆရာတော်ဟာ အရဏ်မဘုဉ်းဘဲ တစ်ထပ်ဆွမ်းသာ ဘုဉ်းပြီး သစ်သီးများကို အားပြု ဘုဉ်းပေးတဲ့အတွက် အမြဲ ချူချာနေလေ့ရှိတယ်။ မကြာခဏ နာမကျန်းဖြစ်တယ်။ ဒါပေမဲ့ ညည်းညူခြင်း မရှိ၊ တပည့်တို့ကိုလည်း အသိမပေးဘူး။ စကားမပြောဘဲ တစ်ပါးတည်း အဓိဋ္ဌာန်ဝင်နေတဲ့ အခါများမှာ အကြီးအကျယ် နေမကောင်းလို့ ဝေဒနာဖြစ်နေရင်လည်း မည်သူအားမျှ အသိမပေးဘဲ သည်းခံနေတတ်တယ်။

http://www.dhammadownload.com



ဆွမ်းခံချိန်မှာတော့ ဝေဒနာကို သည်းခံပြီး ဆွမ်းခံမပျက် ထွက်တော်မူလာတယ်။ မစားမသောက်၊ မဘုဉ်းပေးနိုင်ဖြစ်ပြီး အလွန်ပိန်ကြုံသွားမှသာ ဒကာများက ဆရာတော်ဖျားနာနေကြောင်း သိရှိကြရတော့တယ်။

နေထိုင်မကောင်းစေကာမူ ဖူးမြော်ကန်တော့သူ များလာလျှင် မငြင်းမပယ် အဖူးမြော်ခံပြီး သီလပေး၊ တရားဟောပြောတော်မူတယ်။ ဆရာတော် မကြည်မသာ ဖြစ်နေတာကို မြင်လို့ "ဆရာတော်... နေမကောင်းဘူးလား ဘုရား" လို့ မေးလျှောက်တဲ့အခါ "ခန္ဓာ ရှိနေရင် ဝေဒနာ ရှိနေမှာပေါ့ကွယ်" လို့ ဖြေကြားတော်မူတတ်တယ်။

ဆရာတော်ဟာ ပရိယတ်၊ ပဋိပတ် စွယ်စုံဖြစ်လို့ စင်္ကြံကျောင်းပေါ်မှာ ပါဠိတော်များ၊ အဋ္ဌကထာ ဋီကာများ၊ ဝိပဿနာကျမ်းများ၊ ဓမ္မဗျူဟာ၊ ဓမ္မလောက စာစောင်များကို အစုံအလင် ထားရှိတယ်။ ဆရာတော်ဟာ မပြတ် တရားအားထုတ်နေတတ်ပေမယ့် အနားယူတဲ့အခါမှာ စာကြည့်တာပဲ။ စကားပြော တရားဟောတာ အလွန်နည်းပါးပါတယ်။ မွန်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် စာအုပ်များကိုလည်း ပြုစုခဲ့တယ်။

ဆရာတော်ဟာ အအိပ် အနေ အလွန်နည်းတယ်။ အဓိဋ္ဌာန်မှ ထွက်နေတဲ့အခါများမှာ တပည့်များနှင့်အတူ စင်္ကြံကျောင်းမှာ သီတင်းသုံးလေ့ ရှိတယ်။ ဒါပေမဲ့ ဆရာတော် ဘယ်အချိန် ကျိန်းစက်ပြီး ဘယ်အချိန် အိပ်ရာမှ ထတာကို မည်သူမှ မသိဘူး။ သန်းခေါင်ကျော် နာရီပြန် နှစ်ချက်လောက် စုံစမ်းကြည့်လျှင်လည်း ဆရာတော်ဟာ တရားထိုင်ရင် ထိုင်၊ မထိုင်ရင် စင်္ကြံလျှောက်နေတာကိုသာ မြင်တွေ့ကြရတယ်။

http://www.dhammadownload.com



သက်တော် ၆၀ ကျော်လာတဲ့အခါ ဒကာ ဒကာမများနှင့် ဆက်ဆံရေးကို လျှော့ပေါ့ပြီး ကျွဲတည်း စံကျောင်းမှာ တစ်ပါးတည်း တစ်နေ့လုံး တစ်ညဥ့်လုံး တံခါးပိတ်ပြီး သီတင်းသုံးတယ်။ ဆွမ်းခံချိန်၊ စင်္ကြံလျှောက်ချိန်၊ စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်ပြုချိန်တို့မှာသာ အပြင်သို့ ထွက်ကြွတော်မူတယ်။ ဆရာတော် ရေချိုးတာကိုလည်း မမြင်တွေ့ကြရဘူး။ ရေမချိုးပေမယ့် ဆရာတော်ရဲ့ ကိုယ်နံ့နဲ့ သင်္ကန်းနံ့တို့က သင်းပျံ့နေတာပါပဲ။

ထိုမှ တစ်ဆင့်တိုးပြီး ဒကာ ဒကာမများနဲ့ လုံးဝ စကားမပြောတော့ဘဲ သံဃာတော်များကိုသာ ပြောဆို ဟောကြားတော်မူတယ်။ ဒကာ ဒကာမများက ဝမ်းနည်းပက်လက်ဖြစ်ကြပြီး ဆရာတော်အား အကြောင်းပြုကာ ကုသိုလ်ပွားများခွင့် ရဖို့ ပိုင်းဝန်းလျှောက်ထားကြတော့မှ တပို့တွဲလပြည့်နေ့က စပြီး ဝါဆိုလပြည့်အထိ ဒကာ ဒကာမများအား စကားပြောခြင်း၊ တရားဟောခြင်း ပြုတော်မူတယ်။ ပင့်လျှောက်ရာသို့ ကြွတော်မူတယ်။ ဝါဆိုလပြည့်ကျော် ၁ ရက်မှ စပြီး တပို့တွဲလပြည့်ရောက်သည်အထိ ကျွဲတည်း စံကျောင်းမှာ ကေစာရိကိန်းအောင်းတော်မူတယ်။

၁၃၃၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့မှာ ဖားအောက်တောရမှာ ထူးခြားတဲ့ ကိစ္စတစ်ရပ် ပေါ်ပေါက်ခဲ့တယ်။ မိတ္ထီလာမြို့မှ **ဆီစက်ပိုင်ရှင် ဒေါ်အေး** က ရဟန္တာ သုံးပါးအား ကြာသင်္ကန်း ကပ်လှူဖို့ အဓိဋ္ဌာန်ခဲ့တဲ့အတိုင်း ကြာသင်္ကန်း သုံးစုံ စီစဉ်ပြီး ရဟန္တာ သုံးပါးကို ရှာဖွေတယ်။ ရဟန္တာလို့ ကျော်ကြားတဲ့ ဆရာတော် နှစ်ပါးကို ကြာသင်္ကန်း ကပ်လှူပြီးတော့ နောက်တစ်ပါးကို လိုက်ရှာရာ ဖားအောက်

http://www.dhammadownload.com



တောရသို့ ရောက်လာပြီး သစ်သီးဆရာတော်အား ထိုစဉ်က ကျပ်၃၀၀၀ တန် **ကြာသကန်း** ကို လှူဒါန်းပါတယ်။

ဆရာတော်က ဒါယကာ ဒါယိကာမတို့ရဲ့ စေတနာသဒ္ဓါတရား ကို စောင့်ရှောက်တဲ့အနေနဲ့ အလှူခံယူပြီးတဲ့နောက် မိမိရဲ့ ဆရာရင်း တစ်ဆူဖြစ်တဲ့ အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးအား ထိုဆရာတော်ရဲ့ အသက် ၁၀၀ ပြည့် ပွဲတော်အခမ်းအနားနဲ့ ကြုံကြိုက် လို့ အချိန်မီ ပို့ဆက်ပြီး လှူဒါန်းတော်မူတယ်။

သစ်သီးဆရာတော် မပျံလွန်ခင်ကလေးမှာ ဆရာတော်ကို ကြည် ညိုကြတဲ့ စေတနာရှင်များ ရဲ့ ကြိုးပမ်းမှုကြောင့် ဖားအောက်တောရ တစ်ခုလုံး လျှပ်စစ်မီးလင်းထိန်သွားပေတယ်။ ဆရာတော်က "လျှပ်စစ် မီး မလိုပါဘူး၊ မလိုပါဘူးကွယ်" လို့ အမြဲငြင်းဆန်တော်မူခဲ့တယ်။ လျှပ်စစ်မီး လုံးလုံးရချိန်နဲ့ ဆရာတော် မျက်နှာလွှဲသွားတဲ့ အချိန်တို့ဟာ မရှေးမနှောင်းပင် ဖြစ်နေကြပေတယ်။

## မလွန်ဆန်သာတဲ့ ဓမ္မတာသဘော

၁၃၃၄ ခုနှစ်မှာ သက်တော် ၇၂ နှစ် ရှိလာပြီး အားနည်းတဲ့ အခါ ကြောင့် ဆရာတော်မကြာခဏ ဖျားနာလာတယ်။ ခန္ဓာကိုယ်အင်အား နဲ့ ဝီရိယတရားရဲ့ မမျှတမှုကြောင့် ဆီး ဝမ်း သွားဖို့ ခက်ခဲလာတယ်။ ကျောက်ကပ်ရောဂါ ဖြစ်လာပြီး ဆီးမသွားနိုင်တော့တဲ့အတွက် မကြာ ခဏ ဆီးချူပေးရတယ်။ ဆရာတော်က မညည်းမညူပါပဲ။

ရောဂါ ပိုဆိုးဝါးလာတဲ့အခါ ဆရာဝန်ကြီးများရဲ့ အကြံပြုချက် အရ ဆေးရုံတက်ရတယ်။ ဆရာတော်က အလွန် အားနည်းနေတဲ့ အတွက် အားရှိတဲ့ အစာ အာဟာရများကို မှီဝဲဖို့ ဆရာဝန်ကြီးများက

http://www.dhammadownload.com



တိုက်တွန်းကြတယ်။ ဆရာတော်က နှစ်ပေါင်း ၅၀ နီးပါး ဆောက်တည်ခဲ့တဲ့ သက်သတ်လွတ် အဓိဋ္ဌာန်ကို ချိုးဖောက်တော်မမူဘူး။ ဒကာ ဒကာမများက နွားနို့၊ မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံ လာရောက်လှူဒါန်းကြတာကို ဆရာတော် ဘုဉ်းပေးခြင်း မရှိတော့ဘူး။ ဂိလာန သံဃာများအား လှူဒါန်းစေတော်မူတယ်။

တပေါင်းလဆန်း ၉ ရက်နေ့ဟာ ဆရာတော်ရဲ့နောက်ဆုံးအချိန်ဖြစ်တာကို ဆရာတော် အရိပ်အမြွက်မျှ မိန့်ကြားပြီး ဝေဒနာကို ရှုပွားလျက် နေတော်မူတယ်။ ဆရာဝန်ကြီးများက ဆရာတော်ရဲ့အသက်ကို ကယ်တင်ရန် အစွမ်းကုန် ကြိုးစားကြတယ်။

"နိစ္စ၊ သုခ၊ အတ္တ၊ သုဘ ဆိုတာ တစ်ခုမျှ မရှိ၊ တိတ္ထိတို့ ကြံသမျှ အမှန်မကျ အသာရက ချည်းသာပဲ" ဆိုတဲ့ သဘောကို ဘုရား ရဟန္တာများသော်မှ မလွန်ဆန်နိုင်ကြလေရာ သစ်သီးဆရာတော်လည်း ညနေ ၃ နာရီအချိန်မှာ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူတယ်။

စကြိုကျောင်းရဲ့ မြောက်ဘက် ကျောင်းဝင်းအပြင်နားမှာ သစ်သီးဆရာတော်ရဲ့ အရိုးဂူကို စေတီကလေးသဖွယ် လွမ်းဆွတ်စဖွယ် သပ်ရပ် သေသပ်စွာ မြင်တွေ့ရပါတယ်။

ဂူရှေ့မျက်နှာစာမှာ ရေးထိုးထားတဲ့ စာတန်းက...

**သစ်သီးဆရာတော်ဘုရားကြီး**
**ဦးခေမာဝန္တ ထေရ်**
သက်တော် ၇၂ နှစ်၊ သိက္ခာတော် ၅၂ ဝါ
၁၃၃၄ ခု၊ တပေါင်းလဆန်း ၉ ရက်
(၁၂-၃-၇၃) တနင်္လာနေ့တွင်
ပျံလွန်တော်မူသည်။

http://www.dhammadownload.com



ပြုပြင်ပေးရတဲ့ သင်္ခါရတရားတို့ဟာ ပျက်စီးခြင်းသဘော ရှိကြကုန်တယ်။ ခန္ဓာကိုယ် မပျက်စီးမီ မမေ့မလျော့တဲ့ သတိတရားဖြင့် ဘာဝနာရှုပွားခြင်းသည်သာ ဘဝကိစ္စ ဖြစ်သင့်ပေတော့တယ်။

## သစ်သီးဆရာတော်ဘုရား၏ ဖြဲဖွဲ့စိုရ်တရား ရှုပွားနည်း

ဗုဒ္ဓသာသနာဆိုတဲ့ အင်ကြင်းတောကြီးကို တင့်မောလှပစေခဲ့တဲ့ သစ်သီးဆရာတော်ဘုရားကြီး ပျံလွန်သွားတာ နှစ် ၂၆ မျှ ရှိလာပြီ ဖြစ်ပေသော်လည်း ဖားအောက်တောရ ဒကာ ဒကာမများက ဆရာတော်ဘုရားကို မမေ့ပျောက်နိုင်ကြသေးဘူး။ ဆရာတော်ဘုရား ကျင့်သုံးခဲ့တဲ့ အောက်ပါ ဖြဲဖွဲ့စိုရ်တရား ရှုပွားနည်းနဲ့ ဉာဏ်စဉ် (၁၁) ပါး ရွတ်ပွားခြင်းတို့ကို ဖားအောက်တောရမှာ ယနေ့တိုင် ဥပုသ်နေ့ တရားပွဲ ပြီးတိုင်း စုပေါင်းရွတ်ဆိုပွားများနေကြပါတယ်။

### မေတ္တာပို့နည်း

* ငါသည် (ချမ်းသာပါစေသတည်း) ၂ (၃–ကြိမ်)
* ခေတ်သုံးပါး၌ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည် (ချမ်းသာကြပါစေကုန်သတည်း) ၂
* ခေတ်သုံးပါး၌ ခပ်သိမ်းကုန်သော နတ်အပေါင်းတို့သည် (ချမ်းသာကြပါစေကုန်သတည်း) ၂
* ဤတောတောင် (နေရပ်ဒေသ) ၌ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည်
(ချမ်းသာကြပါစေကုန်သတည်း) ၂

http://www.dhammadownload.com



* ဤတောတောင် (နေရပ်ဒေသ) ၌ ခပ်သိမ်းကုန်သော နတ်အပေါင်းတို့သည် (ချမ်းသာကြပါစေကုန်သတည်း)၂
(မေတ္တာတရားဖြင့် ဒေါသကို ပယ်၏)

## ကရုဏာပို့နည်း

* ငါသည် ဆင်းရဲအပေါင်းမှ (လွတ်ပါစေသတည်း)၂ (၃-ကြိမ်)
* ခေတ်သုံးပါး၌ ခပ်သိမ်းကုန်သော ဒုက္ခိတ သတ္တဝါအပေါင်းတို့သည် ဆင်းရဲအပေါင်းမှ (လွတ်ကြပါစေကုန်သတည်း)၂
* ခေတ်သုံးပါး၌ ခပ်သိမ်းကုန်သော ဒုက္ခိတ နတ်အပေါင်းတို့သည် ဆင်းရဲအပေါင်းမှ (လွတ်ကြပါစေကုန်သတည်း)၂
* ဤတောတောင် (နေရပ်ဒေသ) ၌ ခပ်သိမ်းကုန်သော ဒုက္ခိတ သတ္တဝါအပေါင်းတို့သည် ဆင်းရဲအပေါင်းမှ (လွတ်ကြပါစေကုန်သတည်း)၂
* ဤတောတောင် (နေရပ်ဒေသ) ၌ ခပ်သိမ်းကုန်သော ဒုက္ခိတ နတ်အပေါင်းတို့သည် ဆင်းရဲအပေါင်းမှ (လွတ်ကြပါစေကုန်သတည်း)၂
(ကရုဏာတရားဖြင့် ဝိဟိံသကို ပယ်၏။)

## မုဒိတာပို့နည်း

* ငါသည် ရအပ်ပြီးသော စည်းစိမ်ချမ်းသာမှ (မပျက်မစီး ကြီးပွားပါစေသတည်း)၂ (၃-ကြိမ်)
* ခေတ်သုံးပါး၌ ခပ်သိမ်းကုန်သော သုခိတ သတ္တဝါအပေါင်းတို့သည် ရအပ်ပြီးသော စည်းစိမ်ချမ်းသာမှ (မပျက်မစီး ကြီးပွားပါစေကုန်သတည်း)၂

http://www.dhammadownload.com



* ခေတ်သုံးပါး၌ ခပ်သိမ်းကုန်သော သုခိတ နတ်အပေါင်းတို့သည် ရအပ်ပြီးသော စည်းစိမ်ချမ်းသာမှ (မပျက်မစီး ကြီးပွားပါစေကုန်သတည်း)၂
* ဤတောတောင် (နေရပ်ဒေသ) ၌ ခပ်သိမ်းကုန်သော သုခိတ သတ္တဝါအပေါင်းတို့သည် ရအပ်ပြီးသော စည်းစိမ်ချမ်းသာမှ (မပျက်မစီး ကြီးပွားပါစေကုန်သတည်း)၂
* ဤတောတောင် (နေရပ်ဒေသ)၌ ခပ်သိမ်းကုန်သော သုခိတ နတ်အပေါင်းတို့သည် ရအပ်ပြီးသော စည်းစိမ်ချမ်းသာမှ (မပျက်မစီး ကြီး ပွား ပါစေကုန်သတည်း )၂

(မုဒိတာတရားဖြင့် အရုတီကို ပယ်၏။)

## ဥပေက္ခာပွားနည်း

* ငါသည် (ကံသာလျှင် မိမိဥစ္စာ ဖြစ်၏) ၂ (၃- ကြိမ်)
* ခေတ်သုံးပါး၌ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည် (ကံသာလျှင် မိမိဥစ္စာ ဖြစ်ကြကုန်၏) ၂
* ခေတ်သုံးပါး၌ ခပ်သိမ်းကုန်သော နတ်အပေါင်းတို့သည် (ကံသာလျှင် မိမိဥစ္စာ ဖြစ်ကြကုန်၏ ) ၂
* ဤတောတောင် (နေရပ်ဒေသ) ၌ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည် (ကံသာလျှင် မိမိဥစ္စာ ဖြစ်ကြကုန်၏ ) ၂
* ဤတောတောင် (နေရပ်ဒေသ) ၌ ခပ်သိမ်းကုန်သော နတ်အပေါင်းတို့သည် (ကံသာလျှင် မိမိဥစ္စာဖြစ်ကြကုန်၏ ) ၂

(ဥပေက္ခာတရားဖြင့် ရာဂ ပဋိဃကို ပယ်၏)

http://www.dhammadownload.com



### အနန္တ စကြဝဠာသတ္တဝါတို့အား မေတ္တာပို့ခြင်း

* အထက်သို့ ဘဝဂ်တိုင်အောင်၊ အောက်သို့ အဝီစိတိုင်အောင် ထက်ဝန်းကျင်မှ အနန္တ စကြဝဠာမြေ၌ ကျက်စားကြကုန်သော အကြင်သတ္တဝါတို့သည် ရှိကြကုန်၏။ ထိုသတ္တဝါတို့သည် (ချမ်းသာကြပါစေကုန်သတည်း)၂
* အထက်သို့ ဘဝဂ်တိုင်အောင်၊ အောက်သို့ အဝီစိ တိုင်အောင် ထက်ဝန်းကျင်မှ အနန္တ စကြဝဠာရေ၌ ကျက်စားကြကုန်သော အကြင်သတ္တဝါတို့သည် ရှိကြကုန်၏။ ထိုသတ္တဝါတို့သည် (ချမ်းသာကြပါစေကုန်သတည်း)၂
* အထက်သို့ ဘဝဂ် တိုင်အောင်၊ အောက်သို့ အဝီစိ တိုင်အောင် ထက်ဝန်းကျင်မှ အနန္တ စကြဝဠာ ကောင်းကင်၌ ကျက်စားကြကုန်သော အကြင်သတ္တဝါတို့သည် ရှိကြကုန်၏။ ထိုသတ္တဝါတို့သည် (ချမ်းသာကြပါစေကုန်သတည်း)၂

(မေတ္တာတရားဖြင့် ဒေါသကို ပယ်၏)

### သစ်သီးဆရာတော်၏ ဉာဏ်စဉ် (၁၁) ပါး ရွတ်ပွားနည်း

### ၁။ နာမရူပ ပရိစ္ဆေဒဉာဏ် ပွားနည်း

* ဖောက်ပြန်တတ်သော သဘောတရားတို့သည် ရုပ်တွေသာ ကေန် ဟုတ်ကုန်ပါတကား။
* အာရုံကို ယူတတ်သော သဘောတရားတို့သည် နာမ်တွေသာ ကေန် ဟုတ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် ငါ ကေန်မဟုတ်ကုန်ပါတကား။ (တစ်နည်းကား)

http://www.dhammadownload.com



* မသိတတ်သော သဘောတရားတို့သည် ရုပ်တွေသာ ကေန် ဟုတ်ကုန်ပါတကား။
* သိတတ်သော သဘောတရားတို့သည် နာမ်တွေသာ ကေန် ဟုတ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် ငါ ကေန်မဟုတ်ကုန်ပါတကား။

(နာမ ရူပ ပရိစ္ဆေဒဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိကို ပယ်၏)

## ၂။ ပစ္စယ ပရိဂ္ဂဟဉာဏ် ပွားနည်း

(ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိ၏။)[၃]

* ရုပ်နာမ်တို့သည် အမှန်ကို မသိတတ်သော အဝိဇ္ဇာကြောင့် ဖြစ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် တပ်မက်တတ်သော တဏှာကြောင့် ဖြစ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် စွဲလမ်းတတ်သော ဥပါဒါန်ကြောင့် ဖြစ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ဖြစ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ စသော အကြောင်းတရားတို့ကြောင့် ဖြစ်ကုန်ပါတကား။

(ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိ၏)[၃]

* ရုပ်နာမ်တို့သည် ကံကြောင့် ဖြစ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် စိတ်ကြောင့်ဖြစ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် ဥတုကြောင့် ဖြစ်ကုန်ပါတကား။
* ရုပ်နာမ်တို့သည် အာဟာရကြောင့် ဖြစ်ကုန်ပါတကား။

http://www.dhammadownload.com



* ရုပ်နာမ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ စသော အကြောင်းတရားတို့ကြောင့် ဖြစ်ကုန်ပါတကား။

(ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်၏)

## ၃။ သမ္မသနဉာဏ်ပွားနည်း

(ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ရုပ်နာမ်တို့သည် ယခုဖြစ်၊ ယခုပျက်၍ နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် ယခုများစွာဖြစ်၊ ယခုများစွာ ပျက်၍နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် ယခုမရေမတွက်နိုင်အောင် ဖြစ်၊ ယခု မရေမတွက်နိုင်အောင် ပျက်၍ နေကုန်ပါတကား။

(အနိစ္စသမ္မသနဉာဏ်)

(ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ရုပ်နာမ်တို့သည် ယခုဆင်းရဲ၍ နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် ယခုများစွာ ဆင်းရဲ၍ နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် ယခု မရေမတွက်နိုင်အောင် များစွာ ဆင်းရဲ၍ နေကုန်ပါတကား။

(ဒုက္ခသမ္မသနဉာဏ်)

(ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ရုပ်နာမ်တို့သည် ယခုအသုံးမကျ၍ နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် ယခုများစွာ အသုံးမကျ၍ နေကုန်ပါတကား။

http://www.dhammadownload.com



* ရုပ်နာမ်တို့သည် ယခု မရေမတွက်နိုင်အောင် အသုံးမကျ၍ နေကုန်ပါတကား။

(အနတ္တသမ္မသနဉာဏ်)

(သမ္မသနဉာဏ်ဖြင့် သမ္မုဟဂါဟကို ပယ်၏)

**၄။ ဥဒယဗ္ဗယဉာဏ် ပွားနည်း**

(ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ရုပ်နာမ်တို့သည် ဖြစ်ပျက်၍ နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် ယခုများစွာ ဖြစ်ပျက်၍ နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် ယခု မရေမတွက်နိုင်အောင် ဖြစ်ပျက်၍ နေကုန်ပါတကား။

(ဥဒယဗ္ဗယဉာဏ်ဖြင့် ဥစ္ဆေဒ ဒိဋ္ဌိ၊ သဿတ ဒိဋ္ဌိတို့ကို ပယ်၏)

**၅။ ဘင်္ဂဉာဏ်ပွားနည်း**

(ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ရုပ်နာမ်တို့သည် ပျက်စီး၍ နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် များစွာ ပျက်စီး၍ နေကုန်ပါတကား။

* ရုပ်နာမ်တို့သည် မရေမတွက်နိုင်အောင် ပျက်စီး၍ နေကုန်ပါတကား။

(ဘင်္ဂဉာဏ်ဖြင့် သဿတဒိဋ္ဌိကို ပယ်၏)

**၆။ ဘယဉာဏ်ပွားနည်း**

(ငါမရှိ၊ ရုပ်နာမ်တွေသာရှိ၏) ၃

* ပျက်စီးသောရုပ်နာမ်တို့သည် ကြောက်မက်ဖွယ် ဘေးရန်ကြီးပါတကား။

http://www.dhammadownload.com



* ပျက်စီးသော ရုပ်နာမ်တို့သည် များစွာကြောက်မက်ဖွယ် ဘေးရန်ကြီးပါတကား။
* ပျက်စီးသော ရုပ်နာမ်တို့သည် မရေမတွက်နိုင်အောင် ကြောက်မက်ဖွယ် ဘေးရန်ကြီးပါတကား။

(ဘယဉာဏ်ဖြင့် အဘယဉာဏ်ကို ပယ်၏)

**၇။ အာဒီနဝဉာဏ်ပွားနည်း**

(ငါ မရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ပျက်စီးနေသော ရုပ်နာမ်တို့သည် အပြစ်စုကြီးပါတကား။
* ပျက်စီးနေသော ရုပ်နာမ်တို့သည် များစွာအပြစ်စုကြီးပါတကား။
* ပျက်စီးနေသော ရုပ်နာမ်တို့သည် မရေမတွက်နိုင်အောင် အပြစ်စုကြီးပါတကား။

(အာဒီနဝဉာဏ်ဖြင့် အဿာဒသညာကို ပယ်၏)

**၈။ နိဗ္ဗိဒါဉာဏ်ပွားနည်း**

(ငါ မရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ပျက်စီးသော ရုပ်နာမ်တို့သည် ငြီးငွေ့ဖွယ်ကြီးပါတကား။
* ပျက်စီးသော ရုပ်နာမ်တို့သည် များစွာငြီးငွေ့ဖွယ်ကြီးပါတကား။
* ပျက်စီးသော ရုပ်နာမ်တို့သည် မရေမတွက်နိုင်အောင် ငြီးငွေ့ဖွယ်ကြီးပါတကား။

(နိဗ္ဗိဒါဉာဏ်ဖြင့် သပိတိက တဏှာကို ပယ်၏)

**၉။ မုဉ္စိတုကမျတာဉာဏ်ပွားနည်း**

(ငါ မရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ပျက်စီးသော ရုပ်နာမ်တို့မှ လွတ်ခြင်း၌ အလိုဆန္ဒကြီး ရှိပါတကား။

http://www.dhammadownload.com



* ပျက်စီးသော ရုပ်နာမ်တို့မှ လွတ်ခြင်းငှာ များစွာ အလိုဆန္ဒကြီး ရှိပါတကား။
* ပျက်စီးသော ရုပ်နာမ်တို့မှ လွတ်ခြင်းငှာ မရေမတွက်နိုင်အောင် အလိုဆန္ဒကြီး ရှိပါတကား။

(မုဥ္စိတုကမျတာဉာဏ်ဖြင့် အမုစိတုကာမဘာဝကို ပယ်၏)

**၁၀။ ပဋိသင်္ခါဉာဏ်ပွားနည်း**

(ငါ မရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ပျက်စီးသော ရုပ်နာမ်တို့သည် အမြဲမရှိစွတကား။
* ပျက်စီးသော ရုပ်နာမ်တို့သည် ဆင်းရဲစွတကား။
* ပျက်စီးသော ရုပ်နာမ်တို့သည် အသုံးမကျစွတကား။

(ပဋိသင်္ခါဉာဏ်ဖြင့် မောဟကို ပယ်၏)

**၁၁။ သင်္ခါရုပေက္ခာဉာဏ်ပွားနည်း**

(ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိ၏) ၃

* ရုပ်နာမ်တို့သည် မချစ်အပ်၊ မမုန်းအပ်ကုန်ပါတကား။
* ရုပ်နာမ်တို့ကို ချစ်/မုန်းလျှင် ဆင်းရဲဒုက္ခကြီး ရောက်ရမည် မှန်ပါတကား။
* ရုပ်နာမ်တို့ကို မချစ်/မမုန်းလျှင် နိဗ္ဗာန်ချမ်းသာကြီး ရောက်ရမည် မှန်ပါတကား။

(သင်္ခါရုပေက္ခာဉာဏ်ဖြင့် အနုပေက္ခနာဉာဏ်ကို ပယ်၏)

(ဉာဏ်စဉ် ၁၁–ပါးပွားနည်း ပြီး၏။)

http://www.dhammadownload.com



## ရတနာသုံးပါးထို့အား ကျင့်ဝတ်တရားဖြင့် ပူဇော်ရန်

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

* ဤလောကုတ္တရာ တရား ကိုးပါးအား လျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါ၏ အရှင်ဘုရား။
* ဤလောကုတ္တရာ တရား ကိုးပါးအား လျော်သော ကျင့်ဝတ် ပဋိပတ် ဖြင့် တရားတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။
* ဤလောကုတ္တရာ တရား ကိုးပါးအား လျော်သော ကျင့်ဝတ် ပဋိပတ် ဖြင့် သံဃာတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

## ဆုတောင်း

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိဇရာ ဗျာဓိမရဏ မှာ ပရိမုစ္စိဿာမိ။

ဤကျင့်ဝတ်ပဋိပတ်ကြောင့် ပဋိသန္ဓေနေရခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှ ကေန်စင်စစ် လွတ်ရပါလို၏ အရှင်ဘုရား။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

မေ- ကျွန်ုပ်၏၊ ဣဒံ ပုညံ- ဤကောင်းမှုအစုစုသည်၊ အာသဝက္ခယံ- အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကြီးကို၊ ဝဟံ - ရွက်ဆောင်နိုင်သည်၊ ဟောတု- ဖြစ်ပါစေသတည်း။

http://www.dhammadownload.com



မေ– အကျွန်ုပ်၏၊ ဣဒံ ပုညံ – ဤကောင်းမှုအစုစုသည်၊ နိဗ္ဗာနဿ – နိဗ္ဗာန်ချမ်းသာကြီး၏၊ ပစ္စယော–အကြောင်းအထောက်အပံ့သည်၊ ဟောတု – ဖြစ်ပါစေသတည်း။

### အမျှပေးဝေရန်

ဣဒံမေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမိ၊
တေ သဗ္ဗေ နော သမံ ပုညဘာဂံ၊ လဘန္တု။

မေ– အကျွန်ုပ်၏၊ ဣဒံပုညဘာဂံ– ဤကောင်းမှုကုသိုလ်အဖို့ကို၊ သဗ္ဗသတ္တာနဉ္စ – ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့အား၊ ဘာဇေမိ – အမျှပေးဝေပါ၏။

တေ သဗ္ဗေ – ထိုခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည်၊ နော အမေ့ဟိ– အကျွန်ုပ်တို့နှင့်၊ သမံ–ညီတူညီမျှ၊ ပုညဘာဂံ –ကောင်းမှုကုသိုလ်အဖို့ကို၊ လဘန္တု – ရကြကုန်၍ ကျန်းမာချမ်းသာကြပါစေသတည်း။

အမျှ...အမျှ...အမျှ...ယူတော်မူကြပါကုန်လော့။
သာဓု...သာဓု...သာဓု...။

သူတော်ကောင်း သူမြတ်လောင်းတို့၏ ပို့သသော မေတ္တာ၊ ပေးဝေသော ကုသိုလ်အဖို့ဘာဂကိုလည်း ကျွန်ုပ်တို့က ခံယူပါ၏။

သာဓု...သာဓု...သာဓု...။

***

http://www.dhammadownload.com



# ဖားအောက်တောရ ဒုတိယဆရာတော်
# ဦးအဂ္ဂပညာမဟာထေရ်

သစ်သီးဆရာတော် ပျံလွန်တော်မူတဲ့အခါ ဖားအောက်တောရ စကြႍကျောင်းကို ဆက်လက်ထိန်းသိမ်းအုပ်ချုပ်ရတဲ့ ဆရာတော်ဟာ ဦးအဂ္ဂပညာ ဖြစ်ပါတယ်။

ဦးအဂ္ဂပညာဟာ မော်လမြိုင်မြို့နယ်၊ ကော့နပ်ကျေးရွာအနီးမှာ တည်ရှိတဲ့ ဖယ်ထော်ရွာ ဇာတိ၊ မွန်လူမျိုး ဖြစ်ပါတယ်။ ဇာတိရွာကို အကြောင်းပြုပြီး ဒကာဒကာမများက သူ့အား **'ဖယ်ထော်ဆရာတော်'** လို့ အမြတ်တနိုး ခေါ်ကြတယ်။

ဆရာတော်ဟာ ငယ်စဉ်ကတည်းကပဲ ရတနာသုံးပါးကို အလွန်ကြည်ညိုလေးစားတဲ့ သဒ္ဒါတရားနဲ့ ပြည့်စုံခဲ့တယ်။ မိဘဘိုးဘွားတို့ရဲ့ လုပ်ရိုးလုပ်စဉ်ဖြစ်တဲ့ လယ်လုပ်ငန်းခွင်ကို ကျောခိုင်းပြီး စောစောစီးစီး သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့တယ်။ ရှေးဦးစွာ ကော့နပ် စာသင်တိုက်မှာ ပညာဆည်းပူးပြီးတော့ ဖားအောက်တောရ စကြႍကျောင်းနဲ့

http://www.dhammadownload.com



ဝင်းချင်းကပ်လျက် တည်ရှိတဲ့ ခေမိကာသိပ္ပံတောရ စာသင်တိုက်မှာ ပညာဆက်လက်ဆည်းပူးတယ်။

နပျိုစဉ်အခါမှာပဲ ပရိယတ်၊ ပဋိပတ် နှစ်မျိုးလုံးကို ရယူလိုတဲ့ အာသာဆန္ဒ ပြင်းပြတဲ့အတွက် ပရိယတ်စာပေများကို ဆည်းပူးနေဆဲမှာ ပဋိပတ်နည်းပညာများကို ဖားအောက်တောရ သစ်သီးဆရာတော် ထံ နည်းခံယူတယ်။ ဒီလိုနဲ့ ဦးအဂ္ဂပညာဟာ သစ်သီးဆရာတော်ရဲ့ တပည့်အရင်းအချာ ဖြစ်လာပါတယ်။

ဦးအဂ္ဂပညာဟာ ပညာဗဟုသုတ ရှာမှီးရတာကို မရောင့်ရဲနိုင်တဲ့ အတွက် ဖားအောက်ရွာထဲမှာရှိတဲ့ ဝေဠုဝန်ကျောင်းမှာလည်း ပရိယတ် စာပေ ဆည်းပူးတယ်။ မဟာစည်သာသနာ့ရိပ်သာမှာလည်း ပဋိပတ် နည်းပညာများကို လက်တွေ့ဆည်းပူးပြီးတော့ ဖားအောက်တောရသို့ ပြန်လာပြီး သစ်သီးဆရာတော်ထံပါးမှာ ငါးဝါ သီတင်းသုံးတယ်။ ပြီး တော့ ရေးမြို့နယ်၊ အစင်သချိုင်းတောင်မှာ ခုနစ်ဝါ သီတင်းသုံးတယ်။ ထို့နောက် သန်လျင်တောရမှာ ခြောက်လကြာ တရားအားထုတ်တယ်။ ပြီးတော့ ဖားအောက် တောရသို့ ပြန်လာပြီး သစ်သီး ဆရာတော်ရဲ့ လက်ထောက်အဖြစ် ဆောင်ရွက်တော်မူတယ်။ ၁၃၂၆ ခုနှစ်မှာ သစ်သီး ဆရာတော်ရဲ့ တာဝန်ပေးချက်အရ ဘုန်းတော်ကြီး ဦးသီလ တည် ထောင်ခဲ့ပြီး သစ်သီးဆရာတော်ထံ အပ်နှံထားတဲ့ မုဒုံမြို့နယ် ကျောက် တစ်လုံး တောရကြီးဆီသို့ ဦးအဂ္ဂပညာ ကြွသွားရပါတယ်။ ဒီတောရ မှာ သီတင်းသုံးနေစဉ်မှာ ဖားအောက်တောရ တတိယဆရာတော်ဖြစ် လာမယ့် ဦးအာစိဏ္ဏနဲ့ ဦးအဂ္ဂပညာတို့ တွေ့ဆုံကြတယ်။

ဦးအာစိဏ္ဏနဲ့ သီတင်းသုံးဖော် ဦးတေဇဝန္တတို့က ပိုပြီး တော တွင်းကျတဲ့ စိတ္တသုခ တောရကျောင်းမှာ သီတင်းသုံးကြတယ်။ စိတ္တ

http://www.dhammadownload.com



သုခ ကျောင်းနဲ့ ကျောက်တစ်လုံး တောရကြီးတို့ဟာ အထဲကျောင်း၊ အပြင်ကျောင်းလို ဖြစ်နေကြတဲ့အတွက် နှစ်ကျောင်း တစ်ကျောင်းလို နေထိုင်ကြတယ်။ ဒကာ ဒကာမများက အပြင်ကျောင်းကိုပိုအရောက် များကြပါတယ်။

ဦးအဂ္ဂပညာဟာ အလွန်စိတ်ထား ကောင်းမွန်ပြီး သူတစ်ပါးကို အလွန်ကူညီတတ်တဲ့အတွက် ဦးအာစိဏ္ဏတို့ လိုအပ်တာတွေကို ကူညီ ပေးလေ့ရှိတယ်။ မိမိ သိလိုတဲ့ ပရိယတ် ပဋိပတ်အကြောင်းအရာများကို လည်း ဦးအာစိဏ္ဏတို့နဲ့ အစဉ်မပြတ် ဆွေးနွေးပါတယ်။

ကျောက်တစ်လုံးတောရမှာ ဦးအဂ္ဂပညာနဲ့ ဦးအာစိဏ္ဏတို့ သုံးနှစ် ဆုံတွေ့ကြပြီးတဲ့နောက် ဦးအာစိဏ္ဏက ရေးမြို့နယ် အစင်တောရသို့ ထွက်ခွာသွားပါတယ်။ ဦးအဂ္ဂပညာက ကျောက်တစ်လုံးတောရကြီး မှာ ဆက်လက်သီတင်းသုံးတယ်။ ၁၃၃၄ ခုနှစ်မှာ သစ်သီးဆရာတော် အသည်းအသန် နာမကျန်းဖြစ်လာတဲ့အတွက် ဦးအဂ္ဂပညာကိုခေါ်တော် မူတယ်။ ဦးအဂ္ဂပညာဟာ မိမိရဲ့ဆရာတော်ကို ရိုသေကျိုးနွံစွာ ပြုစုပါ တယ်။ သစ်သီးဆရာတော် ပျံလွန်တော်မူတဲ့အခါ သစ်သီးဆရာတော် ရဲ့ တင်ကြိုတာဝန်ပေးချက်အရ ဦးအဂ္ဂပညာဟာ ဖားအောက်တောရ စကြံကျောင်းကို ထိန်းသိမ်းအုပ်ချုပ်ရပါတယ်။

ဦးအဂ္ဂပညာဟာ သစ်သီးဆရာတော်ရဲ့ လမ်းစဉ်အတိုင်း လိုက် နာ ကျင့်သုံးပြီး ဖားအောက်တောရမှာ သက်သတ်လွတ် ဆွမ်းကိုသာ သုံးဆောင်စေပါတယ်။ ဗုဒ္ဓါနုဿတိကိုလည်း ရှေ့တန်းတင်ပြီး ရှုမှား တယ်။ ဒါပေမဲ့ ဦးအဂ္ဂပညာ တရားပြတဲ့အခါမှာ မဟာစည်နည်း အ တိုင်း မွန်ဘာသာဖြင့် ပြသပေးတယ်။

ဦးအဂ္ဂပညာဟာ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာန်း

http://www.dhammadownload.com



စရိယ ဆရာတော်များကို ငါးကြိမ် ပင့်ဖိတ်ပြီးတော့ ဖားအောက်တောရမှာ ၁၀ ရက် တရားစခန်းများကို ဖွင့်လှစ်ပေးခဲ့တယ်။ မော်လမြိုင်မြို့ တောင်ဝိုင်းသီတာရုံ မဟာစည်ရိပ်သာနဲ့ သန်လျင်တောရရိပ်သာတို့မှ ကမ္မဋ္ဌာန စရိယ ဆရာတော်များကိုလည်း ပင့်ဖိတ်ပြီး ၁၀ ရက် တရားစခန်းများ ပြုလုပ်ပေးခဲ့ပါတယ်။

ဦးအဂ္ဂပညာဟာ တရားပွဲများကိုလည်း မကြာခဏ ကျင်းပပေးတယ်။ ဒါကြောင့် ဖားအောက်တောရဟာ ပိုပြီး စည်ကားလာတယ်။ တပို့တွဲ လပြည့်နေ့များမှာ ဖားအောက်တောရက စေတီ လေးဆူကို ပန်း ဆီမီး၊ စာခွန်ကျုက္ကား ၈၄,၀၀၀ တို့ဖြင့် ပူဇော်တဲ့ပွဲကိုလည်း တခမ်းတနား ဆက်လက် ကျင်းပပေးပါတယ်။

၁၃၄၃ ခုနှစ် ဝါဆိုလမှာတော့ ဦးအဂ္ဂပညာ နာမကျန်းဖြစ်လာတယ်။ မရဏန္တိက ရောဂါမျိုးဖြစ်တာကို ဆရာတော် သိရှိတော်မူတဲ့အတွက် အစင်တောရမှာ သီတင်းသုံးနေတော်မူတဲ့ ဦးအာစိဏ္ဏကို မှာကြား ခေါ်ယူတယ်။ ဦးအာစိဏ္ဏဟာ မဆိုင်းမတွဘဲ မော်လမြိုင်ဆေးရုံကြီးသို့ ကြွလာပြီး ဦးအဂ္ဂပညာကို ပြုစုပေးပါတယ်။ ဦးအာစိဏ္ဏရဲ့ ပရိယတ်၊ ပဋိပတ် စွမ်းရည်ကို သိရှိထားတဲ့ ဦးအဂ္ဂပညာဟာ မိမိ ပျံလွန်တော်မူတဲ့အခါ ဖားအောက်တောရ စကြဲကျောင်းကို ထိန်းသိမ်း အုပ်ချုပ်ဖို့ ဦးအာစိဏ္ဏအား အပ်နှံတော်မူတယ်။

အဲသည်နောက်မှာ ဖားအောက်တောရ ဒုတိယ ဆရာတော်ဟာ ကိုယ်စိတ်နှစ်ပါး ကြည်သာစွာနဲ့ပဲ ပျံလွန်တော်မူတယ်။ ဒုတိယ ဆရာတော်ရဲ့ သင်္ချိုင်းဂူကို ပထမ ဆရာတော်ရဲ့ သင်္ချိုင်းဂူအနီးမှာ ပုံစံတူ ပြုလုပ်ထားကြတယ်။ ဂူရဲ့ ရှေ့မျက်နှာစာမှာ ရေးထိုးထားတဲ့ စာတန်းကတော့...

http://www.dhammadownload.com



ဦးအဂ္ဂပညာ
သက်တော် ၆၂ နှစ်၊ သိက္ခာတော် ၄၂ ဝါ
၁၃၄၃ ခု ဝါဆိုလဆုတ် ၅ ရက်
(၂၁-၇-၈၁) ပျံလွန်တော်မူသည်။

* ချစ်ခင် ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်း ခေါက်ဆုံး ရှိချေ၏။
* နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုမင်းခေါက်ဆုံး ရှိချေ၏။
* ဝိညာဏ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းခေါက်ဆုံး ရှိချေ၏။

***

http://www.dhammadownload.com

# တတိယဆရာတော်ဦးအာစိဏ္ဏ

## ခေတ်နှင့် ထူးခြားချက်

ဟသ်ာတမြို့နယ်၊ လိပ်ချောင်းကျေးရွာမှာ ယခုလက်ရှိဖားအောက်တောရဆရာတော်လောင်းလျာဖြစ်တဲ့ **မောင်အောင်သန်း** ကို ဖွားမြင်ပါတယ်။ မိဘနှစ်ပါးက သာမန် လုပ်ကိုင်စားသောက်နေကြတဲ့မြန်မာလူမျိုး ဦးပြုံးနဲ့ ဒေါ်စောတင်တို့ဖြစ်ကြပါတယ်။ မောင်အောင်သန်းကို မွေးဖွားတဲ့အချိန်ဟာ ကောဇာသက္ကရာဇ် ၁၂၉၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့ နံနက် ၇း၀၀ နာရီဖြစ်ပါတယ်။

ဦးပြုံးနဲ့ ဒေါ်စောတင်တို့မှာ သားသမီး ငါးယောက် ထွန်းကားတဲ့အနက် မောင်အောင်သန်းဟာ စတုတ္ထမြောက် ရင်သွေးဖြစ်ပါတယ်။ ထူးခြားတာက မောင်အောင်သန်းကို မီးရှူးသန့်စင်ပြီးတဲ့အချိန်က စပြီး မိဘနှစ်ပါးတို့ဟာ အလုပ်အကိုင်အဆင်ပြေလာကြတယ်။ ချမ်းသာတဲ့အထိ စီးပွားမဖြစ်ထွန်းကြပေမယ့် သက်သာလွယ်ကူစွာ အသက်မွေးလာနိုင်ကြပါတယ်။

မောင်အောင်သန်းဟာ ငယ်စဉ်ကကတည်းက တစ်ယောက်တည်း

http://www.dhammadownload.com



အေးအေးလူလူ နေတတ်တယ်၊ စကားနည်းတယ်၊ မိဘတို့ကို ပူဆာခြင်း မရှိဘူး၊ သူတစ်ပါးတို့နဲ့ ခိုက်ရန်ဖြစ်ပွားခြင်းလည်း မရှိဘူး၊ လူကြီးမိဘတို့ကို ရိုသေကိုင်းရှိုင်းမှု ရှိတယ်။

အသက် ခြောက်နှစ် ရလာတဲ့အချိန် ကျောင်း စ နေရမယ့် အရွယ်မှာ ဂျပန်ခေတ်နဲ့ ကြုံကြိုက်လို့ မောင်အောင်သန်းဟာ အတန်းကျောင်း မတက်ရဘူး။ သူ့မိဘများက သူ့ကို လိပ်ချောင်းရွာ၊ စလင်းကျောင်း ဆရာတော် ဦးသောဏထံမှာ အပ်နှံကြပါတယ်။

မောင်အောင်သန်းက ဘုန်းကြီးကျောင်းမှာ နေရတာကို ပျော်ပိုက်တယ်။ အိမ်ပြန်ဖို့ မပူဆာဘူး။ ဆရာတော်က စာတက်ပေးရင်လည်း အခြား ကျောင်းသားများလို အော်မကျက်ရဘဲနဲ့ စာကို ခဏကလေး ကြည့်ရုံနဲ့ မှတ်မိတယ်။ ဒါကြောင့် ဆရာတော်ဦးသောဏနဲ့ အခြား သံဃာများရဲ့ ချစ်ခင်မှုကို မောင်အောင်သန်း ခံယူရတယ်။

မှဆိုးနား နီးတော့ မုဆိုး၊ တံငါနား နီးတော့ တံငါ ဖြစ်ကြသလို ကျောင်းကန်ဘုရားနဲ့ သံဃာများနဲ့ နီးစပ်တော့ မောင်အောင်သန်းရဲ့ နှလုံးသားမှာ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့ သဒ္ဓါတရားဟာ ထက်မြက် ရှင်သန်လာပါတယ်။ မောင်အောင်သန်းကလေးဟာ သာသနာ့ဘောင်ထဲကို ရှင်သာမဏေဘဝအဖြစ်နဲ့ ဝင်ရောက်ဖို့ စိတ်အား တက်သန်လာတယ်။

ဒါကြောင့် အသက် ကိုးနှစ်ကျော်လာတဲ့အချိန်မှာ ဖခင်ထံ ချဉ်းကပ်ပြီး...

"အဖေ... ကျွန်တော့်ကို ကိုရင်ဝတ်ပေးပါ" လို့ ပူဆာတယ်။

"ဟာ... သားက ငယ်ငယ်ကလေး ရှိသေးတာပဲ" လို့ ဖခင်က ဆိုတယ်။

http://www.dhammadownload.com



"ကိုရင်ဝတ်တာ အသက်ငယ်တာနဲ့ မဆိုင်ပါဘူးဗျ"

မောင်အောင်သန်းကလေးက လူကြီးဆန်တဲ့ စကားကို ပြောလာတော့ အဖေက အလေးအနက် စဉ်းစားလာပါတယ်။ ဆရာတော်ဦးသောဏနဲ့လည်း တိုင်ပင်ကြည့်ရတယ်။ ဆရာတော်ရဲ့ သဘောတူချက်ကို ရတော့ မောင်အောင်သန်းကို အသက် ကိုးနှစ်၊ ၁၀ လ ရှိလာတဲ့ ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့မှာ ရှင်သာမဏေပြုပေးလိုက်ကြပါတယ်။

ရှင်သာမဏေကလေးရဲ့ ဘွဲ့အမည်က **'ရှင်အာစိဏ္ဏ'** ဖြစ်ပါတယ်။ ဥပဇ္ဈာယ်ဆရာက လိပ်ချောင်းရွာ စလင်းကျောင်းဆရာတော် ဦးသောဏ ဖြစ်ပါတယ်။ ရှင်အာစိဏ္ဏအဖို့ ဘုရားသားတော်အဖြစ် ခံယူလိုက်ခြင်းဟာ မိဘ ဆွေမျိုးတို့ထံမှ ဖဲခွာပြီး သာသနာ့ဘောင်ထဲသို့ အပြီးအပိုင် ဝင်ရောက်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဂျပန်ခေတ်မှာ လူတွေ ယားနာတွေ ပေါက်ကြတော့ ရှင်အာစိဏ္ဏကလေးရဲ့ လက်များမှာလည်း ယားနာတွေ ပေါက်လာတယ်။ ဆရာတော် ဦးသောဏက ရှင်အာစိဏ္ဏကို လူထွက်စေပြီး အိမ်မှာ ဆေးပြန်ကုစေတယ်။

ရှင်အာစိဏ္ဏဟာ အိမ်ပြန်လာတာ ခဏတဖြုတ် ယာယီပဲလို့ သဘောပိုက်ထားတယ်။ ရက်သတ္တ နှစ်ပတ်လောက်ကြာလို့ ယားနာပျောက်တာနဲ့ မိမိတစ်ဦးတည်း ဘုန်းကြီးကျောင်းသို့ သွားပြီး ဆရာတော်ထံမှာ ရှင်သာမဏေပြန်ဝတ်တယ်။

ဖခင်က ညနေချမ်းမှာ အလုပ်ခွင်ကနေ အိမ်ကို ပြန်လာတော့ သားငယ်ကို မတွေ့လို့ လိုက်ရှာတယ်။ အရပ်ထဲမှာ ရှာမတွေ့တော့ ဘုန်းကြီးကျောင်းသို့ သွားတယ်။ ဆရာတော်က ဆီးကြိုပြီး…

http://www.dhammadownload.com



"ဒကာကြီးရေ... ဒကာကြီးသားက သူ့လက်က အနာတွေ ပျောက်ပြီ၊ ကိုရင်ပြန်ဝတ်ပေးပါလို့ ပူဆာလို့ ငါ ရှင်သာမဏေ ပြန်ဝတ်ပေးလိုက်တယ်"လို့ မိန့်တော်မူတယ်။

"ဆရာတော့်ရဲ့ ဆန္ဒအတိုင်းပါ၊ ဆရာတော်ကို တပည့်တော် အပ်နှံထားလို့ ဆရာတော်ရဲ့သား ဖြစ်နေပြီပဲ"လို့ ဖခင်ကလည်း သဘောတူလိုက်ရပါတယ်။

## စာဆင်အားအဝနဲ့ ရဟန်းအခံ

ရှင်အာစိဏ္ဏဟာ ဆရာတော်ဦးသောဏထံမှာ ပရိယတ္တိအခြေခံ ဖြစ်တဲ့ သဒ္ဒါသင်္ဂြိုဟ် စသည်တို့ကို ဆည်းပူးတယ်။ ပြီးတော့ ဟင်္သာတမြို့၊ ရေကြည်ကျောင်းတိုက်မှာ ဆရာတော် ဦးမဟိန္ဒနဲ့ ဦးပညာဝန္တ တို့ထံမှာ နှစ်နှစ်ခန့် ပညာဆည်းပူးတယ်။

အရွယ်နဲ့ မလိုက်အောင် ဉာဏ်ပညာထက်မြက်တဲ့ ရှင်အာစိဏ္ဏကို ဆရာတော်များက အားပေးချီးမြှောက်ကြတယ်။ ဒါကြောင့် ၁၃၁၄ ခုနှစ်မှာ ရန်ကုန်မြို့၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းသို့ ထွက်လာပြီး ဆရာတော် ဦးဥတ္တမထံမှာ လေးလ ပညာဆည်းပူးခွင့်ရတယ်။ ထိုဝါကျွတ်တဲ့အခါ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်သို့ သွားရောက်ပြီး အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါးနဲ့ နာယက ဆရာတော်များထံမှာ နှစ်နှစ်ကြာ ဆက်လက်ပညာဆည်းပူးခွင့် ရပြန်တယ်။

အဲသလို ရှင်သာမဏေဘဝနဲ့ ရန်ကုန်၊ မန္တလေးတို့မှာ စွမ်းစွမ်းတမံ ပညာဆည်းပူးပြီးတော့ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့မှာ ရဟန်းခံရန် အသက် ပြည့်လာပြီဖြစ်လို့ ဟင်္သာတမြို့၊

http://www.dhammadownload.com



ရေကြည်တိုက်သစ်မှာ ရေကြည်ဂိုဏ်းချုပ်မင်္ဂလာဆရာတော်ဦးပညာ အား ဥပဇ္ဈာယ်ဆရာပြုပြီး မြင့်မြတ်တဲ့ ရဟန်းဘဝသို့ တက်ရောက် တော်မူတယ်။

ထို့နောက် မန္တလေးမြို့သို့ တစ်ဖန်ကြွသွားပြီး တောင်ပြင်ရပ်၊ မြင်းဝန်တိုက်မှာ သုံးနှစ်ကြာ သီတင်းသုံးပြီး မြင်းဝန်တိုက်ဆရာတော် ဦးဥက္ကံသ ထံမှာရော၊ ထီးလင်းတိုက် ဆရာတော် ဦးသူရိယနဲ့ ဦးပညာ နန္ဒတို့ထံမှာရော၊ ဘုရားကြီးတိုက် ဆရာတော် ဦးအရိယ၊ ဦးဥက္ကံသ၊ ဦးကုမာရတို့ထံမှာရော၊ ပရိယတ္တိစာပေများကို ဆက်လက်ဆည်းပူးပါ တယ်။

ဦးအာစိဏ္ဏဟာ သာသနာတော်ကို အလွန်ကြည်ညိုလေးမြတ်တဲ့ အတွက် ပိဋကတ် ကျမ်းဂန်များကို ရိုရိုသေသေ နှိုက်နှိုက်ချွတ်ချွတ် ဆည်းပူးလေ့လာတယ်။ ဉာဏ်ပညာ ထက်မြက်ပြီး မှတ်ဉာဏ်အလွန် ကောင်းတဲ့အတွက် လေ့လာထားတဲ့စာများကို ကြာမြင့်စွာ သတိတရ မှတ်မိနေတယ်။ ပါဠိစာပေများကိုလည်း ကောင်းကောင်း ဖတ်ရှုနိုင် တယ်။

ဝိနည်းတော်များကိုလည်း သေသေချာချာ စေ့စေ့စပ်စပ် လေ့လာ ပြီးတော့ ဝိနည်းတော်နဲ့အညီ တစ်သဝေမတိမ်း လိုက်နာနေထိုင်တယ်။ တောထွက်ပြီးတဲ့အခါမှာလည်း ဝိနည်းပါဠိတော် တစ်ကျမ်းကို တစ် လ လောက်နဲ့ ကျက်လို့ရတယ်။ ဒါပေမဲ့ ဆွမ်းတစ်ထပ်တည်းနဲ့ ပဋိပတ် လုပ်ငန်းကို ကြိုးပမ်းလုပ်နေတဲ့အခါ ဖြစ်တာနဲ့အညီ အာဂုံပြန်ဆိုဖို့ အချိန်မပေးနိုင်လို့ နောက်ဝိနည်းတစ်ကျမ်းကို ကျက်မှတ်ပြီးတဲ့အခါ မှာ ပထမကျမ်းကို အာဂုံပြန်နိုင်ဖို့ အခက်အခဲ တွေ့လာရတယ်။

"ဦးပဉ္ဇင်း မှတ်ဉာဏ်က တိပိဋကရေဆရာတော်ဦးဝိစိတ္တရဲ့ မှတ်

http://www.dhammadownload.com



ဉာဏ်ကို လိုက်မမီဘူး၊ တိပိဋကဓရဆရာတော်က ပါဠိတစ်ပုဒ်ကို သုံးခေါက် ဖတ်ရင် ရတယ်၊ တစ်ခါ ရပြီးတဲ့ စာကို ၂၁ ရက်အထိ အာဂုံ မပြန်ဆိုရဘဲ မှတ်မိနေတယ်" လို့ ဦးအာစိဏ္ဏက စာရေးသူကို ပြောပြတယ်။

ဦးအာစိဏ္ဏဟာ ဝိနည်းကို တတ်ကျွမ်းပြီး ဝိနည်းတော်နှင့်အညီ ကျင့်ကြံနေထိုင်လို့ ယခုအခါ မော်လမြိုင်၊ မုဒုံနယ်ဘက်မှာ **ဝိနည်းဓိုရ်** ဆရာတော်တစ်ပါးအဖြစ် အသိအမှတ်ပြု ခံရပါတယ်။

ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်မှာ ဦးအာစိဏ္ဏဟာ **မဇ္ဈိမာစရိယ စာချတန်း** စာမေးပွဲကြီးကို အောင်မြင်တော်မူတယ်။ ၁၃၁၉ ခုနှစ်မှာ ရန်ကုန်၊ ကမ္ဘာအေးကုန်းမြေမှာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဦးစီးဖွင့်လှစ်ထားတဲ့ သံဃ တက္ကသိုလ်သို့ သွားရောက်ပြီး ပရိယတ္တိစာပေများနဲ့ ခေတ်စာပေများကို ငါးနှစ်နီးပါး ထပ်မံဆည်းပူးပါတယ်။

သံဃတက္ကသိုလ်မှာ ပညာဆည်းပူးနေစဉ်ကာလမှာ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးများ ဖြစ်ကြတဲ့ ဦးဖေအောင်၊ ဦးလှမောင်၊ အရာရှိများ ဖြစ်ကြတဲ့ ဦးစဝ်ထွန်းမှတ်ဝင်း၊ ဦးဟန်ငွေး၊ ဦးစံမြင့်အောင်၊ ဦးသိန်းအောင်တို့က ကမ္ဘာ့သာသနာပြုရာမှာ အထောက်အပံ့ဖြစ်ဖို့အတွက် အင်္ဂလိပ်စာနှင့်တကွ တက္ကသိုလ်ပညာရပ်များကို ဦးအာစိဏ္ဏအား သင်ကြားပို့ချပေးကြပါတယ်။

ဒီလိုနဲ့ ဦးအာစိဏ္ဏဟာ တက္ကသိုလ်ဝင် စာမေးပွဲကို ပြင်ပမှ ဝင်ဖြေလိုက်တယ်။ အောင်မြင်တော့ ဥပစာဝိဇ္ဇာ (အိုင်အေ) စာမေးပွဲကို ဆက်လက်ဖြေဆိုပါတယ်။ အခက်အခဲ မရှိ အောင်မြင်ပြန်တယ်။ ထို့နောက် ဝိဇ္ဇာဘွဲ့ (ဘီအေ) အတွက် ပြဋ္ဌာန်းစာများကို ဆည်းပူးလေ့လာပြန်တယ်။ ဒါပေမဲ့ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လမှာ တက္ကသိုလ်ကျောင်းများ

http://www.dhammadownload.com



ကို ပိတ်လိုက်ရတဲ့အတွက် ဘီအေ စာမေးပွဲကို ဦးအာစိဏ္ဏ မဖြေဖြစ်တော့ပါဘူး။

## တောရဆောက်တည် အားထုတ်ပြီ

"ရဟန်းခံပြီး ၁၀ ဝါရရင် တောထွက်မယ်"လို့ ဦးအာစိဏ္ဏမှာ အစဦးကတည်းက ရည်သန်ရင်း ရှိခဲ့တယ်။ ဘီအေစာမေးပွဲ ဖြေဆိုဖို့ အဆင်မပြေတဲ့အချိန်မှာ ရဟန်း ၁၀ ဝါ ရလာပြီးဖြစ်လို့ ဦးအာစိဏ္ဏ ဟာ တောထွက်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

တောမထွက်မီ ပဋိပတ္တိလမ်းညွှန်ချက်များကို ရယူရန် လိုအပ်လို့ ကောဇာသက္ကရာဇ် ၁၃၂၅ ခုနှစ်မှာ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ ရိပ်သာသို့ သွားရောက်ပြီး မဟာစည် ဆရာတော်ဘုရားကြီးနဲ့ ဆရာတော် ဦးပဏ္ဍိတာဘိဝံသတို့ထံမှာ ၅၅ ရက်ကြာ နည်းနာခံယူတယ်။ ပဋိပတ်လုပ်ငန်းမှာ အထုံပါရမီရှိခဲ့တဲ့ ဦးအာစိဏ္ဏဟာ တစ်လတည်း နဲ့ ဉာဏ်စဉ်နာခွင့် ရခဲ့ပါတယ်။ ဒါပေမဲ့ တရားအားထုတ်နည်း အပြည့် အစုံကို လေ့လာမှတ်သားချင်လို့ ၅၅ ရက်တိုင်အောင် ဦးအာစိဏ္ဏ အား ထုတ်ခဲ့ပါတယ်။

ပရိယတ် ပဋိပတ် ဗဟုသုတ စွယ်စုံဖြစ်လာတဲ့အခါ ဦးအာစိဏ္ဏ ဟာ ထိုနှစ်မှာပဲ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ တောင်စွန်း ကေလာသ တောင်အနီးရှိ မြသပိတ်တောင်သို့ တောထွက်ပြီး ကေစာရီကျင့်ကာ တရားအားထုတ်တော်မူတယ်။

ပဋိပတ်အကျင့်ဖြင့် မြင်သိရတဲ့အချက်တွေကို တိပိဋက ကျမ်း ဂန်၊ ဝိသုဒ္ဓိမဂ်တို့နဲ့ ချိန်ထိုးစိစစ်ကြည့်တယ်။ စိတ်တိုင်းကျ မဖြစ်တဲ့ အခါ နောက်ထပ်ပဋိပတ္တိ နည်းနာနိဿယများ ရရှိရေးအတွက် ဦး

http://www.dhammadownload.com



အာစိဏ္ဏဟာ ၁၃၂၆ ခုနှစ်မှာ ကသစ်ဝိုင် ဆရာတော်ထံမှာ ၁၀ ရက်၊ သန်လျင်တောရ ဆရာတော်ထံမှာ ခြောက်လခွဲ၊ ၁၃၂၇ ခုနှစ်မှာ ကန့်မြို့ ရွှေသိမ်တောရ ဆရာတော်ထံမှာ သုံးလခွဲ ထပ်မံပြီး နည်းနာခံယူပါတယ်။

တရားအားထုတ်ရာ ဌာနများကိုလည်း သပ္ပါယ ဖြစ်အောင် ပြောင်းရွှေ့ခဲ့ရာမှာ သထုံမြို့ နေမိန္ဒရတောင်အနီးရှိ တောင်ဝိုင်းကြီးမှာ တစ်ဝါ၊ မုဒုံမြို့နယ် ကျောက်တစ်လုံး စိတ္တသုခတောရမှာ သုံးဝါ၊ ရေးမြို့နယ် အစင်ကျေးရွာအနီးရှိ အစင်တောရမှာ ၁၃ ဝါ သီတင်းသုံးခဲ့ပါတယ်။

အဲသလို တရားအားထုတ်စဉ်ကာလမှာ တစ်ပါးတည်း ကျောင်းမှာ သီတင်းသုံးပြီး မိဘ မောင်ဘွား ဆွေမျိုးများနဲ့ အဆက်အသွယ် ဖြတ်ထားခဲ့တယ်။ အင်မတန် ထက်မြက်တဲ့ ဇွဲ ဝီရိယတို့ဖြင့် အားထုတ်တော်မူတယ်။

တောရ ဆောက်တည်ကာ တစ်ထပ်ဆွမ်းလောက်နဲ့ မျှတခဲ့ရလို့ ဂှက်ဖျားရောဂါနဲ့ အစာအိမ်ရောဂါတို့က ဦးအာစိဏ္ဏအား ဖိစီးလာကြတယ်။ အစင်တောရမှာ သီတင်းသုံးစဉ်အခါက ဝမ်းဗိုက်မှာပြင်းထန်စွာ လေထိုးလေအောင့် ဖြစ်လာလို့ ဆွမ်းခံမကြွနိုင်ဘဲ တစ်ပါးတည်း ကျောင်းကလေးမှာ လူးလိမ့်နေရတယ်။ သီတင်းသုံးဖော်များအားသူတို့ရဲ့ တရားအလုပ် ထိခိုက်မှာစိုးလို့ အကြောင်းမကြားဘူး။ သီတင်းသုံးဖော်တို့ လာရောက်ကြည့်ရှုကြတဲ့အခါမှ အဖြစ်မှန်ကို သိရှိကြရတယ်။

အစာအိမ်ရောဂါကြောင့် မော်လမြိုင်ဆေးရုံသို့ တက်ရောက်ပြီး ခွဲစိတ်ကုသခြင်းကို ခံယူရတယ်။ ရန်ကုန်မြို့သို့ ကြွပြီး အထူးကု ဆရာ

http://www.dhammadownload.com



ဝန်များထံမှာလည်း ဆေးကုသခြင်းကို ခံယူတယ်။ ဒါပေမဲ့ အစာအိမ်ရောဂါ၊ ငှက်ဖျားရောဂါနဲ့ အပြင်းအထန် ဇက်ထိုးခေါင်းကိုက်တဲ့ရောဂါတို့ဟာ ယနေ့တိုင်အောင် မပျောက်ကင်းဘဲ ဆရာတော်ဦးအာစိဏ္ဏအား ညှဉ်းပန်းနှိပ်စက်လျက် ရှိပေတယ်။ ဦးအာစိဏ္ဏက ဝဋ်နာလို့ပဲ သဘောထားပြီး ရောဂါဝေဒနာများကို လျစ်လျူရှုကာ မိမိဆောင်ရွက်စရာရှိတဲ့ ဂန္ထဓုရ၊ ဝိပဿနာဓုရ ကိစ္စများကို မမှိတ်မသုန် မဆုတ်မနစ်ဘဲ တက်တက်ကြွကြွ ဆောင်ရွက်နေပေတယ်။

## ဖားအောက်တောရ ဒုတိယဆရာတော်

ဦးအာစိဏ္ဏဟာ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင်၊ သပဒါန စာရိက ဓုတင်၊ အာရညကင် ဓုတင် စသည်တို့ကို စွမ်းဆောင်နိုင်သမျှ ဆောက်တည်ပြီး တောရဘုန်းကြီးဘဝနဲ့ ဘာဝနာအလုပ်နဲ့ ပျော်မွေ့ကာ နေထိုင်လိုပါသော်လည်း ဘဝကံကြမ္မာက ထိုသို့ နေခွင့်မပြုပါ။

ဖားအောက်တောရ ဒုတိယဆရာတော် ဦးအဂ္ဂပညာနဲ့ ကျောက်တစ်လုံး တောရမှာ သုံးနှစ်ကြာ ဆုံတွေ့နီးနှောခဲ့ကြပြီးတဲ့နောက် ဦးအဂ္ဂပညာက ဦးအာစိဏ္ဏရဲ့ ပရိယတ်၊ ပဋိပတ်စွမ်းရည်ကို အားရ ချီးကျူးနေတယ်။ ဒါကြောင့် ကောဇာသက္ကရာဇ် ၁၃၄၃ ခုနှစ်၊ ဝါဆိုလမှာ ဦးအဂ္ဂပညာ အသည်းအသန် နာမကျန်းဖြစ်ပြီး မော်လမြိုင်ဆေးရုံကြီးသို့ တက်ရောက်ရတဲ့အခါ ရေးမြို့နယ် အစင်တောရမှာ သီတင်းသုံးနေတဲ့ ဦးအာစိဏ္ဏကို မှာကြားခေါ်ယူတော်မူတယ်။

ဦးအာစိဏ္ဏက ဦးအဂ္ဂပညာကို ပြုစုဖို့ မော်လမြိုင်သို့ တက်လာတယ်။ ဦးအဂ္ဂပညာက မိမိပျံလွန်သွားတဲ့အခါ ဖားအောက်တောရ စကြံကျောင်းကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ပေးဖို့ လွှဲအပ်ပေး

http://www.dhammadownload.com



တော်မူတယ်။ ဦးအာစိဏ္ဏက ကျောင်း လက်မခံလိုပါ။ ကျောင်း အုပ်ချုပ်ရတဲ့ အလုပ်ဖြင့် မိမိရဲ့ ပဋိပတ်အလုပ်ကို အနှောင့်အယှက် မဖြစ်စေလိုပါ။ သို့သော် ဦးအဂ္ဂပညာရဲ့ နောက်ဆုံးအချိန်ကာလမှာ စိတ်အေး ချမ်းသာ ဖြစ်စေရေးအတွက် ဦးအဂ္ဂပညာအလိုကျ ဦးအာစိဏ္ဏ လက်ခံလိုက်ရပါတယ်။

ဒါကြောင့် ၁၃၄၃ ခုနှစ်၊ ဝါဆိုလဆုတ် ၅ ရက်၊ ခရစ်သက္ကရာဇ် ၁၉၈၁ ခုနှစ်မှာ ဒုတိယ ဖားအောက်ဆရာတော်ပျံလွန်တော်မူတဲ့အတွက် ဦးအာစိဏ္ဏဟာ တတိယ ဖားအောက်တောရ ဆရာတော် ဖြစ်လာပါတော့တယ်။

ဦးအာစိဏ္ဏဟာ ဖားအောက်တောရစကြံကျောင်းကို မိမိ ခေတ္တသာ ထိန်းသိမ်းစောင့်ရှောက်ပေးမည့်အကြောင်း၊ ဒကာတို့ စိတ်ကြိုက်ကျောင်း ထိုင် ဆ ရာ တော် တစ် ပါး ကို ရှာ ဖွေ ကြ ဖို့ အ ကြောင်း၊ စ ကြံကျောင်း ဒကာများကို မိန့်ကြားတော်မူတယ်။

ပြီးတော့ ဖားအောက်တောရ စကြံကျောင်းဟာ တောရ မမည်တော့ တဲ့ အ တွက် ဒီ ကျောင်း မှာ ဦး အာ စိ ဏ္ဏ သီ တင်း မ သုံး လို ဘူး။ တောရပီသတဲ့ အခြားတစ်နေရာကို ဦးအာစိဏ္ဏကိုယ်တိုင် လိုက်ရှာရာ စကြံကျောင်းရဲ့ အရှေ့ဘက် တစ်မိုင်ခွဲခန့် ဝေးတဲ့နေရာမှာ တောင်နှစ်လုံးကြားမှာ ဒူးရင်းပင်၊ သရက်ပင်များနဲ့ စိမ်းလန်းစိုပြည်တဲ့ ဥယျာဉ်ခြံ တစ်ခြံကို တွေ့ရတယ်။

အေးချမ်းလှတဲ့ ၎င်းဥယျာဉ်မြေမှာ ဦးအာစိဏ္ဏ သီတင်းသုံးလိုတဲ့အတွက် ခြံရှင်ကို ခွင့်တောင်းပြီး ဝါးကျောင်းကလေး တစ်ဆောင် ဆောက်လုပ်စေတယ်။ အဲဒီဝါးကျောင်းကလေးမှာ ဆွမ်းခံ ဆွမ်းစားချိန်မှအပ နေ့ရော ညဥ့်ပါ ဦးအာစိဏ္ဏ သီတင်းသုံးတော်မူတယ်။

http://www.dhammadownload.com



ဖားအောက်တောရ ကျောင်းဒကာများက မိမိတို့ ကြည်ညိုလေးစားတဲ့ ဒုတိယဆရာတော်ကိုယ်တိုင်ရွေးချယ်ခဲ့တဲ့ တတိယဆရာတော်ကို မထွက်ခွာသွားစေလိုကြဘူး။ ပြီးတော့ တတိယဆရာတော်ရဲ့ ထူးခြား မြင့်မြတ်တဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို တဖြည်းဖြည်း သိရှိလာကြတဲ့အတွက် ပိုမိုကြည်ညိုလာကြတယ်။ ဒါကြောင့် အခြားကျောင်းထိုင်ဆရာတော်ကို မရှာဖွေတော့ဘဲ ဦးအာစိဏ္ဏကို ဖားအောက် တောရမှာ အတည်တကျ သီတင်းသုံးရန် ထပ်ကာ ဖန်ဖန်လျှောက်ထားကြပါတယ်။

ဒါကြောင့် ယနေ့တိုင်အောင် ဦးအာစိဏ္ဏဟာ တတိယဖားအောက်တောရဆရာတော်ရဲ့ တာဝန်ကို ထမ်းဆောင်နေရပေတယ်။

## ခေတ်ကမ္မဋ္ဌာန်းစခန်းဖွင့်ပြီ

ဖားအောက်တောရ ဆရာတော် ဦးအာစိဏ္ဏဟာ ထင်ရှား ကျော်ကြားတဲ့ ဆရာတော်များထံမှ နည်းနာနိဿယ ခံယူကာ ပိဋကတ်ကျမ်းဂန်နဲ့ ညီနိုင်းလျက် ဆိတ်ငြိမ်အေးချမ်းတဲ့ တောရများမှာ နှစ်ပေါင်းများစွာ သမထ ဝိပဿနာကို အပြန်ပြန် အလှန်လှန် အားထုတ်တော်မူခဲ့တယ်။ မိမိကိုယ်တိုင် ထိုးထွင်းသိမြင်ခဲ့ရတဲ့ တရားရှုနည်းများကို အခြားပုဂ္ဂိုလ်တို့အား တစ်ဆင့်ပို့ချပြသပေးလိုတဲ့အတွက် အသင့်လျော်ဆုံး တရားရှုနည်း အစီအစဉ်ကို ရေးဆွဲတော်မူတယ်။

တရားရှုကွက်များကို နှစ်နှစ်ကြာ မိမိကိုယ်တိုင် စမ်းသပ်စစ်ဆေးရှုမှတ်ပြီးတဲ့နောက် ၁၉၈၃ ခုနှစ်မှ စတင်ကာ ခေတ်ကမ္မဋ္ဌာန်းကို အခြေခံလျက် သုဒ္ဓဝိပဿနာယာနိက လမ်းစဉ်ဖြင့် ယောဂီတို့ကို တရားညွှန်ပြပေးတယ်။ ဒီလမ်းစဉ်ဟာ အောင်မြင်ပေမယ့် နှောင့်နှေးကြန့်ကြာ

http://www.dhammadownload.com



တတ်လို့ ပိုမိုလျှင်မြန်ထက်မြက်တဲ့ သမထယာနိကလမ်းစဉ်သို့ ပြောင်းလဲကာ ယောဂီတို့အား တရားညွှန်ပြပေးပါတယ်။

တရားရှုကွက်များက အထူးတိကျပြည့်စုံပြီး သဘာဝလည်း ကျ၊ စနစ်လည်း ကျ၊ လက်တွေ့လည်း ကျတဲ့အပြင် ဆရာတော်ကိုယ်တိုင်က အလွန်ကြီးမားတဲ့ မေတ္တာကရုဏာဖြင့် အထူးအဆင်းရဲအပင်ပန်းခံကာ ယောဂီတို့အား ကြပ်ကြပ်မတ်မတ် စောင့်ရှောက်ပြီး တရားညွှန်ပြပေးတဲ့အတွက် ဖားအောက်တောရယောဂီများဟာ မြတ်ဗုဒ္ဓအလိုတော်နဲ့ ကိုက်ညီတဲ့ တရားရှုနည်းများကို ချမ်းသာလွယ်ကူစွာ ရှုသိနေနိုင်ကြပါပြီ။

ပိဋကတ်ကျမ်းဂန်နဲ့ ညီညွတ်ပြီး အလွန်ထူးခြားပြည့်စုံတဲ့ ဖားအောက် တောရ တရားရှုနည်းကို နောက်စာမျက်နှာများမှာ အကျဉ်းဖော်ပြကာ မိတ်ဆက်ပေးပါမယ်။ ဆက်လက်ရှုစားတော်မူကြပါ။

## ဆိတ်ငြိမ်အေးချမ်းတဲ့ တောရစခန်း

ဖားအောက်တောရစကြိုကျောင်းဟာ ဖားအောက်ကျေးရွာထိပ်ရှိ မော်လမြိုင်–မုဒုံ ကားလမ်းမနဲ့ တာ ၅၀၀ ခန့်၊ တစ်နည်း ၁၅ မိနစ်လမ်းလျှောက်စာမျှ ဝေးကွာတဲ့အတွက် ကားသံ၊ ဟွန်းသံ၊ ရေဒီယိုကက်ဆက်သံများကို မကြားရဘဲ ဆိတ်ငြိမ်အေးချမ်းတဲ့ တောရစခန်းတစ်ခု ဖြစ်ပါတယ်။ ယခင်က တောရမြောက်တဲ့ ဌာနတစ်ခု ဖြစ်ခဲ့တာနဲ့အညီ သစ်ပင် ဝါးပင်တို့ဟာ မိုးထိအောင် ပေါက်ရောက်နေကြပါတယ်။ သစ်ပင်ကြီးများရဲ့ အကိုင်းအခက်တွေက တစ်ပင်နဲ့ တစ်ပင် ကူးယှက်နေကြလို့ နေပြောက် မထိုးလောက်အောင် အရိပ်အာဝါသ ကောင်းလှပေတယ်။

http://www.dhammadownload.com



ကျေးငှက်မျိုးစုံတို့ရဲ့ တွန်ကျူးသံ၊ ရှဥ့်ညိုများရဲ့ မြူးသံ၊ ပုရစ်အော်သံများကတော့ တောကြီးမြိုင်လယ်ထဲမှာ ရောက်ရှိနေသည့်ပမာ အတွေ့ထူးနဲ့ ခံစားမှုအထူးတို့ကို ဖြစ်ပေါ်စေပါတယ်။ ယောဂီဆောင်များနဲ့ ပင်မစင်္ကြံကျောင်းဝင်းတို့ကို ပိုင်းခြားပေးထားတဲ့ စမ်းချောင်းကလေးက မိုးရာသီမှာ ဂီတသံစုံနှောလျက် တသွင်သွင်စီးဆင်းနေသဖြင့်လည်း သည်ရှုခင်းအလှနဲ့ သဘာဝတေးသံတို့ဟာ စက္ခုပသာဒနဲ့ သောတပသာဒတို့ကို အထူးပင် အေးမြကြည်ရွှင်စေပါတယ်။

ဤသို့သော ငြိမ်းအေးကြည်လင်တဲ့ ဝိဝေကရသ ခေါ် စိတ်ခံစားမှု အထူးတို့ဟာ တရားဘာဝနာ ရှုပွားမှုကို အထောက်အကူ ပြုကြပါတယ်။

## ယောဂီများအတွက် နေရာထိုင်ခင်း

ဖားအောက် တောရမှာ တရား အားထုတ်ကြတဲ့ ရပ်ဝေးရပ်နီး ယောဂီအရေအတွက်ဟာ ဆတက်ထမ်းပိုး တိုးတက်များပြားလာသလို ကျောင်းသခ်မ်းများနဲ့ ယောဂီဆောင်များကလည်း နေ့ချင်းညဥ့်ချင်းဆိုသလို တိုးပွားလာနေပါတယ်။

၁၉၉၉ ခုနှစ် ဧပြီလဆန်းတွင် ဖားအောက်တောရ၌ နိုင်ငံခြားသား ရဟန်း ရှင်လူ ယောဂီ ၂၄ ဦးအပါအဝင် ရဟန်း ၁၅၀ ပါး၊ သာမဏေ ၁၇ ပါး၊ သီလရှင် ၅၄ ဦး၊ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၇၃ ဦး၊ စုစုပေါင်း ယောဂီ ၃၃၃ ဦး တရားအားထုတ်နေကြပါတယ်။ ဖားအောက်ဆရာတော် နိုင်ငံခြားသို့ ဓမ္မဒူတ ခရီးထွက်နေချိန်ဖြစ်၍ နိုင်ငံခြားသား ယောဂီ ထက်ဝက်ခန့် လျော့နည်းသွားခြင်း ဖြစ်တယ်။ ပုံမှန်အားဖြင့် နိုင်ငံခြား ယောဂီ ၅၀ ဝန်းကျင် အမြဲရှိနေလေ့ရှိပါတယ်။

http://www.dhammadownload.com



၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခု မတ်လကုန်အထိ ဖားအောက်တောရ၌ တရားအားထုတ်ခဲ့ကြတဲ့ နိုင်ငံခြားသား ယောဂီများဟာ ၃၃ နိုင်ငံမှ ၄၈၄ ဦး ရှိခဲ့ပါပြီ။

၁၉၉၉ ခုနှစ် ဧပြီလဆန်း အခြေအနေအရ ဖားအောက်တောရ တွင် သံဃာဆောင် ၁၅ ဆောင်ခန့်၊ အမျိုးသား ဆောင် ၅ ဆောင်၊ အမျိုးသမီးဆောင် ၂၅ ဆောင်ရှိတဲ့အပြင် တောရစခန်းပီသတဲ့ တိုးချဲ့စိတ္တလ တောင်ကျောင်းမှာလည်း သံဃာတစ်ပါးဆောင် ၁၇၀ ကျော်၊ ဆရာ တော် စံကျောင်း ၃ ဆောင်တို့ ရှိပါတယ်။ ထို့ကြောင့် သံဃာ အပါး ၂၀၀၊ အမျိုးသား ၅၀ ဦး၊ အမျိုးသမီး ၃၀၀ ဦးတို့ကို တစ်ပြိုင်နက် နေ ရာချထားပေးနိုင်ပါတယ်။

ထို့အပြင် စိတ္တလတောင်ကျောင်းမှာ အလျားပေ ၁၄၀၊ အနံ ပေ ၈၀ ရှိတဲ့ နှစ်ထပ်သိမ်တော်ကြီးကို တည်ဆောက်လျက်ရှိရာ သံဃာ ၅၀၀ ခန့်တို့ တစ်ပြိုင်နက်တည်း အေးချမ်းစွာ တရားရှုပွားနိုင်တဲ့အထိ ဆက်လက်တိုးချဲ့သွားရန် ရည်မှန်းထားကြပါတယ်။

ဖားအောက်တောရ ရိပ်သာခွဲများအဖြစ် မန္တလေးတောင်၊ တောင် ဆင်း ကားလမ်းဘေး၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာရိပ်သာ၊ ရန် ကုန်တိုင်း သန်လျင်မြို့ ကျိုက်ခေါက်စေတီအနီး သီလဝါလမ်းမပေါ်၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာရိပ်သာနှင့် ကရင်ပြည်နယ် ဘားအံ မြို့ ဇွဲကပင်တောင်ခြေ၌ အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာရိပ်သာတို့ကို လည်း အချိန်ပြည့် ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် တရား အားထုတ်လိုသူများ အဆင်ပြေစွာ တရားအားထုတ်နိုင်ကြပါပြီ။

ဖားအောက်တောရဟာ တောရဆိုပေမယ့် အရှေ့တောင်တိုင်း စစ်နယ်မြေအနီးမှာ တည်ရှိလို့ လုံခြုံစိတ်ချရပါတယ်။ လျှပ်စစ်မီး

http://www.dhammadownload.com



ရပြီး အဝီစိရေတွင်းက ရေကို အသုံးပြုနိုင်ပါတယ်။ ရေတွင်းများလည်း ရှိတဲ့အတွက် နွေအချိန်မှာတောင် ရေမပြတ်ဘူး။

သံဃာတော်များအတွက် ခြင်ထောင်နဲ့ စောင်များကို နုဂ္ဂဟအဖွဲ့က ထောက်ပံ့ပေးနိုင်ပေမယ့် ယောဂီများက ကိုယ်ပိုင်စောင်နဲ့ ခြင်ထောင်များကို ယူလာဖို့ အထူးလိုအပ်ပါတယ်။ ဖားအောက်တောရမှာ ရာသီဥတုက မော်လမြိုင်၊ ရန်ကုန်တို့ထက် အနည်းငယ် ပိုချမ်းအေးတော့ ဆောင်းအခါမှာ အနွေးထည်များ၊ ဂွမ်းစောင်များ ယူဆောင်လာဖို့ လိုအပ်ပါတယ်။ ရေခွက်၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ မီးခြစ်၊ လက်နှိပ်ဓာတ်မီးတို့ကို ကိုင်ဆောင် ယူလာသင့်ပါတယ်။

အဝတ်အစားကတော့ ယောဂီဝတ်စုံ ဝတ်ဆင်ကြရန် သို့မဟုတ် အင်္ကျီလက်ရှည် လက်စကနဲ့ ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ကြဖို့ကို သာသနာ့နုဂ္ဂဟအဖွဲ့က နှိုးဆော်တိုက်တွန်းထားပါတယ်။

## တရားအားထုတ်ချိန်

ယခုအခါ ဖားအောက်တောရမှာ တရားစခန်းအမြဲဖွင့်လှစ်ထားပါတယ်။ တရားအားထုတ်လိုသူတို့ အချိန်မရွေး လာရောက်ကာ တရားအားထုတ်နိုင်ကြပါတယ်။ ရက်သတ္တတစ်ပတ်လောက်က စပြီး တစ်လ၊ နှစ်လ၊ သုံးလ စသည်ဖြင့် အလိုရှိသလောက် တရားအားထုတ်နိုင်ပါတယ်။ တကယ်တရားအားထုတ်ကြတဲ့ ယောဂီများကို သာသနာ့နုဂ္ဂဟအဖွဲ့က လက်ခံထားပြီး ကျွေးမွေးထောက်ပံ့ပေးနေမှာ ဖြစ်ပါတယ်။

ယောဂီများပြားပြီး နေရာထိုင်ခင်း အခက်အခဲဖြစ်နေတဲ့အခါများမှာတော့ နေရာထိုင်ခင်းအတွက် သာသနာ့နုဂ္ဂဟအဖွဲ့ထံ ကြိုတင်စုံစမ်း

http://www.dhammadownload.com



ထားရင် ပိုကောင်းမယ်။ ရပ်ဝေးယောဂီများကို ဦးစားပေးပေမယ့် နေရာမရှိလို့ ကျပ်ကျပ်တည်းတည်း နေထိုင်ရရင် သပ္ပာယ မဖြစ်မှာ စိုးရပါတယ်။ နွေကာလနဲ့ ဝါတွင်းကာလများမှာ ယောဂီများတတ်ပါတယ်။

**တစ်နေ့တာ တရားအားထုတ်ချိန်များက...**

၁။ နံနက် ၃း၃၀ နာရီ...အိပ်ရာမှ ထရန်၊

၂။ နံနက် ၄း၀၀ နာရီမှ ၅း၃၀ နာရီ...စုပေါင်း တရားရှုရန်၊

၃။ နံနက် ၅း၃၀ နာရီမှ ၆း၃၀ နာရီ ဆွမ်းခံ၍ နံနက်စာ စားရန်၊

၄။ နံနက် ၆း၃၀ နာရီမှ ၈း၀၀ နာရီ... နဝင်္ဂသီလ သြဝါဒခံယူရန်နှင့် စုပေါင်းတရားရှုရန်၊

၅။ နံနက် ၈း၀၀ နာရီမှ ၉း၀၀ နာရီ...စင်္ကြံလျှောက်တရားရှုရန်၊ တရားလျှောက်ရန်၊ သန့်ရှင်းရေး ပြုရန်၊

၆။ နံနက် ၉း၀၀ နာရီမှ ၁၀း၀၀ နာရီ... စုပေါင်း တရားရှုရန်၊

၇။ နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီ... ဆွမ်းခံ၍ နေ့လယ်စာ စားရန်၊

၈။ မွန်းတည့် ၁၂း၀၀ နာရီမှ ၁၂း၃၀ နာရီ...အနားယူရန်၊

၉။ မွန်းလွဲ ၁၂း၃၀ နာရီမှ ၂း၀၀ နာရီ...စုပေါင်း တရားရှုရန်၊

၁၀။ မွန်းလွဲ ၂း၀၀ နာရီမှ ၃း၀၀ နာရီ...တရားလျှောက်ရန်၊ စင်္ကြံလျှောက် တရားရှုရန်၊

၁၁။ မွန်းလွဲ ၃း၀၀ နာရီမှ ၄း၃၀ နာရီ...စုပေါင်း တရားရှုရန်၊

၁၂။ ညနေ ၄း၃၀ နာရီမှ ၆း၀၀ နာရီ... တရားလျှောက်ရန်၊ စင်္ကြံလျှောက် တရားရှုရန်၊ သန့်ရှင်းရေး ပြုလုပ်ရန်၊

၁၃။ ညနေ ၆း၀၀ နာရီမှ ၇း၃၀ နာရီ...စုပေါင်း တရားရှုရန်၊

၁၄။ ည၌ ၇း၃၀ နာရီမှ ၇း၄၅ နာရီ...စင်္ကြံလျှောက် တရားရှုရန်၊

http://www.dhammadownload.com



၁၅။ ညဥ့် ၇း၄၅ နာရီမှ ၈း၄၅ နာရီ...စုပေါင်း တရားနာရန်၊
၁၆။ ညဥ့် ၈း၄၅ နာရီမှ နံနက် ၃း၃၀ နာရီ...မိမိနေရာ၌ တရားရှုရန်နှင့် အိပ်စက်ရန်။

သိမ်တော်က ခေတ်မီ နှစ်ထပ် အဆောက်အဦဖြစ်ပြီး ခြင်ဆန်ခါများနဲ့ ပန်ကာများ တပ်ဆင်ထားပါတယ်။ ရဟန်း သံဃာများနဲ့ ယောက်ျားယောဂီများက သိမ်အပေါ်ထပ်မှာ တရားရှုပွားကြပြီး သီလရှင်များနဲ့ အမျိုးသမီးယောဂီများက သိမ်အောက်ထပ်မှာ တရားရှုပွားကြပါတယ်။

## ယောဂီများလိုက်နာရန် စည်းကမ်းများ

မိမိလည်း ချမ်းသာ၊ အများလည်း ချမ်းသာအောင် အောက်ပါ စည်းကမ်းများကို လိုက်နာရန် ယောဂီများအား ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့က မေတ္တာရပ်ခံထားပါတယ်။

၁။ မြတ်စွာဘုရား၊ တရားတော်နှင့် သံဃာတော်တို့ကို ရိုသေ လေးစားရမည်။ ကြီးကြပ်သူများကို လေးစားရမည်။
၂။ အမှန်တကယ် တရားလိုလား၍ အချိန်ပြည့် တရားအားထုတ်ရမည်။ ပျက်ကွက်လျှင် ယောဂီ စောင့်ရှောက်ရေး အဖွဲ့ဝင် တစ်ဦးထံ အကြောင်းကြားရမည်။
၃။ ဤရိပ်သာမှ ကမ္မဋ္ဌာနာစရိယ ဆရာတော် လမ်းညွှန်သည့် အတိုင်း တရားရှုရမည်။
၄။ ကိုးပါးသီလကို လုံခြုံအောင် ရိုရိုသေသေ စောင့်ထိန်းပါ။
၅။ တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ် တရားလျှောက်ရမည်၊ လိုရင်း တိုရှင်း လျှောက်ထားပါ။

http://www.dhammadownload.com



၆။ တရားတိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့် အခက်အခဲများကို ကမ္မဋ္ဌာနာ စရိယဆရာတော်ကိုသာ လျှောက်ထားရမည်။

၇။ လျှောင်း–ထိုင်–ရပ်–သွား– ဣရိယာပုထ် လေးပါး၊ လုံး၌ တရားနှလုံးသွင်းရမည်။

၈။ ဆရာတော်သည် တစ်နေ့လျှင် သုံးကြိမ် တရားစစ်ဆေးရာ ဤအချိန်များ၌သာ ဆရာတော်နှင့် တွေ့ဆုံ၍ တရားလမ်းညွှန်မှုကို ရယူပါ။

၉။ အခါခပ်သိမ်း ဆိတ်ငြိမ်မှုကို ထိန်းသိမ်းပါ၊ အပိုစကားပြောမှု ဆင်ခြင်ပါ၊ တရားထိုင်ချိန်၌ လုံးဝ စကားမပြောရ။

၁၀။ ကျောင်းဝင်းအတွင်း၌သာ စင်္ကြံလျှောက်ပါ။

၁၁။ ရိုးရိုးယဉ်ယဉ် ဣန္ဒြေရရ ဝတ်စားဆင်ယင်ပါ။

၁၂။ အများ ကြည်ညိုဖွယ်ဖြစ်အောင် တရားအမှတ်နှင့် သွားလာနေထိုင်ပါ။

၁၃။ တရားထိုင်ရန် သိမ်သို့ သွားသည့်အခါနှင့် ဆွမ်းစားရန် ဆွမ်းစားကျောင်းသို့ သွားသည့်အခါများတွင် စီတန်း၍ သွားပါ။

၁၄။ ကျန်းမာရေး ကောင်းရမည်၊ နေမကောင်းလျှင် ကျန်းမာရေးအဖွဲ့က ကူညီလိမ့်မည်။

၁၅။ တရားဝင်နေစဉ်အတွင်း ပြင်ပပုဂ္ဂိုလ်များနှင့် မဆက်သွယ်ရပါ။

၁၆။ အရေးကြီးကိစ္စပေါ်လာလျှင် အဆောင်မှူးမှတစ်ဆင့် အဆောင်မှူးကြီး ထံ ခွင့်ပန်ရမည်။ ခွင့်ရမှသာ ရိပ်သာပြင်ပသို့ ထွက်ရမည်။

၁၇။ အဆောင်စည်းကမ်းများကို လေးစား လိုက်နာပါ။

http://www.dhammadownload.com



## အဆောင်စည်းကမ်းများ

၁။ အဆောင်မှူး၏ညွှန်ကြားချက်များကို လေးစားစွာလိုက်နာပါ။

၂။ အဆောင်နေ ယောဂီအချင်းချင်း ချစ်ခင်လေးစားစွာ ဆက်ဆံပါ။

၃။ မိမိအား ခွင့်ပြုသောအခန်း၌သာ နေထိုင်ရမည်။ အခန်းပြောင်းလိုလျှင် အဆောင်မှူး၏ ခွင့်ပြုချက်ကို ရယူပါ။

၄။ အခန်းကူး၍ စကားမပြောပါနှင့်။

၅။ အခန်းဆွင်း၌ စကားပြောခြင်း၊ အသံထွက်၍ ဘုရားရှိခိုးခြင်း၊ တရားစာ ရွတ်ဆိုခြင်း၊ ပုတီးစိပ်ခြင်းတို့ကို မပြုရပါ။

၆။ မိမိနေရာနှင့် ပတ်ဝန်းကျင်ကို အမြဲသန့်ရှင်းစွာ ထားပါ။

၇။ အိမ်သာနှင့် ရေချိုးခန်းတို့ကို သန့်သန့်ရှင်းရှင်း အသုံးပြုပါ။

၈။ အဆောင်၌ အဖိုးတန်ပစ္စည်းများကို မထားပါနှင့်။

၉။ အမျိုးသားဆောင်သို့ အမျိုးသမီးများ မသွားရ၊ အမျိုးသမီးဆောင်သို့ အမျိုးသားများ မသွားရ။

၁၀။ သတ်မှတ်ထားသော ဧည့်ခန်း၌သာ ဧည့်သည်ကို တွေ့ဆုံရမည်။

၁၁။ ဆွမ်းစားဆောင်မှ ထမင်းဟင်းလျာများကို အခန်းတွင်းသို့ ယူဆောင်စားသောက်ခြင်း မပြုရပါ။

၁၂။ ယောဂီအချင်းချင်း တရားဆွေးနွေး မေးမြန်းခြင်း မပြုပါနှင့်။

၁၃။ အခက်အခဲရှိလျှင် အဆောင်မှူးအား အကြောင်းကြားပါ။

၁၄။ အဆောင်မှထွက်ခွာလိုလျှင် အဆောင်မှူးနှင့် အဆောင်မှူးကြီးအား အသိပေးရမည်။

http://www.dhammadownload.com



## ယူဆောင်လာရန် လိုအပ်သော ပစ္စည်းများ

၁။ အမျိုးသားမှတ်ပုံတင်နှင့် မိမိ နေထိုင်ရာ ရပ်ကွက်ကောင်စီ၏ ထောက်ခံချက် (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ ရိပ်သာ (ဖားအောက် တောရရိပ်သာခွဲ) အမှုဆောင် အဖွဲ့ဝင် တစ်ဦး၏ ထောက်ခံချက်။

၂။ ခြင်ထောင်၊ စောင်နှင့် မိမိ၏ အဝတ်အစား၊ အသုံးအဆောင် များ (ဆွမ်းခံစားရမည် ဖြစ်၍ ပန်းကန် (ဝါ) ဇလုံ၊ မတ်ခွက်၊ ဇွန်း၊ လက်သုတ်ပဝါ စသည်တို့ကို ယူဆောင်လာပါ။)

[**မှတ်ချက်။** ။ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ ယောဂီ ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် အဆောင်မှူးများသည် ယောဂီ အပေါင်းတို့အား စိတ်ချမ်းမြေ့စွာ တရားရှုပွားနိုင်ရန် ကူညီပေး ကြမည့် စေတနာ့ဝန်ထမ်းများ ဖြစ်ကြပါသည်။]

### ဖားအောက်တောရကျောင့်စဉ် သိစေချင် အလုပ်ပေးတရား

ယောဂီသစ် တစ်ဦးကို ဆရာတော် သီလ ပေးပြီးတဲ့ အခါ ထို ယောဂီက ဘယ်လိုတရားများ ရှုမှတ်ခဲ့ဖူးသည်ကို ဆရာတော် မေးမြန်း ပါတယ်။ အာနပါန ကမ္မဋ္ဌာန်း သို့မဟုတ် ဓာတ်ကမ္မဋ္ဌာန်း တစ်မျိုးမျိုးကို အတော်အတန် ပေါက်မြောက်အောင် အားထုတ်ခဲ့သူ ဖြစ်လျှင် ထို ကမ္မဋ္ဌာန်းကို စနစ်တကျ ရှုတတ်အောင် လမ်းညွှန်ပြီး ရှုစေပါတယ်။

အများအားဖြင့်ကတော့ ယောဂီသစ်တို့ကို ဓာတ်ကမ္မဋ္ဌာန်း ရှုစေ ပါတယ်။ ဓာတ်ကမ္မဋ္ဌာန်းက ဖားအောက်တောရရဲ့ အခြေခံကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ ယခုအခါ အာနာပါန ကမ္မဋ္ဌာန်းကိုလည်း စပေးပါတယ်။

http://www.dhammadownload.com



ဆရာတော်က ကမ္မဋ္ဌာန်းရှုနည်းကို အပြည့်အစုံ တစ်ခါတည်း ပြောပြလေ့ မရှိပါဘူး။ တစ်ကြိမ်မှာ ရှုနည်းတစ်ကွက်ကိုသာ ညွှန်ပြလေ့ ရှိတယ်။ အဲဒီရှုနည်းတစ်ကွက်မှာ တရားထိုင်ချိန် တစ်ချိန် (တစ်နာရီခွဲ) ရှုကြည့်ပြီးလျှင် ရှုလို့ မြင် မမြင် ဆရာတော်အား တရားလျှောက်ရပါတယ်။ ရှုလို့ မမြင်သေးရင် ယောဂီရဲ့ တရားရှုပုံကို ပြုပြင်ပေးပါတယ်။ ကောင်းကောင်း ရှုမြင်ပြီဆိုရင် နောက်ရှုကွက်တစ်ခုကို ညွှန်ပြပေးပါတယ်။

အဲဒီတော့ ဆရာတော် တရားပြတဲ့ နည်းက "သဲတစ်ပွင့်ဝါဒ" အတိုင်း ရှုကွက်တွေကို တစ်ခုပြီးမှ တစ်ခု ရှုတတ်အောင် လက်ထပ်သင်ပေးသွားတဲ့နည်း ဖြစ်ပါတယ်။ ဖားအောက်တောရမှာ တရား ရှုကွက်တွေက ထောင်သောင်းချီပြီး ရှိလေတော့ တစ်ချိန်တည်းမှာ အကုန် မပြောပြနိုင်ပါဘူး။ အကုန်လုံး ပြောပြလိုက်ရင် ယောဂီ မမှတ်သားနိုင်ဘဲ စိတ်ရှုပ်သွားမှာ ဖြစ်ပါတယ်။

"တရားရှာ ကိုယ်မှာတွေ့" ဆိုသလို လောကမှာ အမှန်တကယ် ရှိတဲ့ ပရမတ်တရားတွေကို မိမိရဲ့ ခန္ဓာကိုယ်ထဲမှာပဲ ဦးစွာ ရှာဖွေရပါတယ်။ ပရမတ်တရားတို့ဟာ အမှန်တကယ် ရှိပေမယ့် အဝိဇ္ဇာမျက်နှာဖုံးက ဖုံးကွယ်ထားတဲ့အတွက် မံသ စက္ခု ခေါ် ရိုးရိုးမျက်စိနဲ့ ကြည့်ရင် မမြင်နိုင်ပါဘူး။ ဉာဏ်မျက်စိနဲ့ ထိုးထွင်းပြီး ကြည့်တတ်မှ မြင်နိုင်ပါတယ်။ အဲသလို မြင်အောင် ရှုတတ်ဖို့အတွက် ဖားအောက်တောရဆရာတော်က ရှုကွက် တစ်ခုချင်း တစ်ခုချင်းကို လက်ထပ်သင်ပြသွားပါတယ်။

ပရမတ်သဘောတစ်ခုကို ရှုသိလိုက်တဲ့အကျိုးဟာ တန်ဖိုးမဖြတ်နိုင်ပါဘူး။

http://www.dhammadownload.com



## အရေးပါတဲ့ ဓာတ်ကမ္မဋ္ဌာန်း

ဓာတ်ကမ္မဋ္ဌာန်းဟာ "စတု ဓာတုဝ ဝတ္ထာန်"အမည်နဲ့ သမထ ကမ္မဋ္ဌာန်း ၄၀ မှာ ပါဝင်တယ်။ နိဗ္ဗာန်သို့ သွားရောက်ရာ တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်တဲ့ သတိပဋ္ဌာန် ဝိပဿနာကျင့်စဉ်တရားမှာ ဓာတ်ကမ္မဋ္ဌာန်းဟာ "ဓာတု မနသိကာရပဗ္ဗ" အမည်နဲ့ ပါဝင်တယ်။ ဗုဒ္ဓမြတ်စွာဟာ ရုပ်ကမ္မဋ္ဌာန်းကို ဟောကြားပြသတဲ့အခါမှာ ဓာတ်ကမ္မဋ္ဌာန်းကို အကျဉ်းနည်းဖြင့် ဖြစ်စေ၊ အကျယ်နည်းဖြင့် ဖြစ်စေ ဟောကြားတော်မူရိုး ဓမ္မတာဖြစ်တယ်။ (ဒီ၊၄၂၂၂၁၃၄။ မ၊၄၊၁၊၂၈၀။ အဘိ၊ ၄၊၂၊၂၅၂)

မဂ်ဖိုလ်ကို ရည်ရွယ်ပြီး ဝိပဿနာ ရှုပွားသူဟာ ပရမတ်တရားများ ဖြစ်ကြတဲ့ ရုပ်တရား နာမ်တရားတို့ကို ပိုင်းပိုင်းခြားခြား သိမြင်အောင် ရှုရပါတယ်။ ဒီလိုရှုနိုင်ဖို့အတွက် ပရမတ် တရားတွေထဲမှာ အထင်ရှားဆုံး ဖြစ်တဲ့ ဘူတရုပ် ခေါ် မဟာဘူတ (မဟာဘုတ်) ခေါ် ဓာတ်ကြီးလေးပါးကို ရှေးဦးစွာ သိမြင်အောင် မလွဲမသွေ ဦးစွာ ရှုရပါတယ်။ ဒါကြောင့် ဓာတ်ကမ္မဋ္ဌာန်းဟာ ယောဂီတိုင်း သိရမယ့်၊ လက်လွှတ်လို့ မရတဲ့၊ အလွန်အရေးပါတဲ့ ကမ္မဋ္ဌာန်း ဖြစ်ပါတယ်။

မဟာ သတိပဋ္ဌာန သုတ်မှာ ဓာတ်ကမ္မဋ္ဌာန်း နှလုံးသွင်းပုံကို အကျဉ်းဖော်ပြထားရာမှာ...

"ရဟန်းတို့... ဥပမာသော်ကား ကျွမ်းကျင်လိမ္မာတဲ့ နွားသတ်သမားဟာ နွားကို သတ်ပြီးတော့ လမ်းလေးခွ ဆုံရာမှာ အသားအရေ အရိုးတို့ကို အပုံ အပုံအားဖြင့် စုပုံထားတယ် ဆိုပါစို့၊ အဲဒီအခါ နွားကောင်ကို မမြင်ရတော့ဘူး၊ အသားပုံ အရေပုံ အရိုးပုံတို့ကိုသာ တွေ့မြင်ရလို့ နွားဆိုတဲ့ အမှတ်သညာဟာ ပျောက်ကွယ်သွားပါတယ်။

http://www.dhammadownload.com



"...ထိုအတူ ရုပ်ကန်းတို့ဟာ မိမိရဲ့ ရုပ်အပေါင်းဆိုတဲ့ ကိုယ်ကို တည်မြဲ ထားမြဲ အတိုင်းသာလျှင် သတ္တဝါကောင် အသက်ကောင် မဟုတ်တဲ့ ဓာတ်သဘောဖြင့် ရှုဆင်ခြင်တယ်၊ ဤကိုယ်ထဲမှာ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့ ရှိကြကုန်တယ်လို့ စူးစိုက်ပြီး ရှုဆင်ခြင်တယ်"

ဒီလို ရှုဆင်ခြင်လာနိုင်တဲ့အခါမှာ လူကောင် သတ္တဝါကောင် ငါကောင်ဆိုတဲ့ အမှတ်သညာဟာ ပျောက်သွားမှာဖြစ်တယ်။

## ဓာတ်ကမ္မဋ္ဌာန်း ရှုနည်း

ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ဓာတ်ကြီးလေးပါးတို့ရဲ့ သဘောလက္ခဏာများကို ဒီလို ဖော်ပြထားတယ်။

**ပထဝီ** = မာမှု၊ ပျော့မှု၊ ကြမ်းမှု၊ ချောမှု၊ လေးမှု၊ ပေါ့မှုသဘော။
**အာပေါ** = ယိုစီးမှု၊ ဖွဲ့စည်းမှုသဘော။
**တေဇော** = ပူမှု၊ အေးမှုသဘော။
**ဝါယော** = ထောက်ကန်မှု၊ တွန်းကန်မှုသဘော။

ဓာတ်တစ်ပါးစီမှာ ဆန့်ကျင်ဘက် သဘောတွေ ပါဝင်နေခြင်းဟာ နှိုင်းဆမှုသဘောကြောင့် ဖြစ်တယ်။ ဥပမာ–ခြောက်သွေ့တဲ့ ရွှံ့အုတ် တစ်ချပ်ဟာ ရွှံ့စိုအုတ်ထက် ပိုမာပြီး မီးသင်းပြီးအုတ်ထက် ပိုပျော့တယ်။ ဒါကြောင့် ပစ္စည်းတစ်ခုတည်းကိုပဲ နှိုင်းယှဉ်တဲ့စံနဲ့လိုက်ပြီး မာတယ်လို့လည်း ပြောနိုင်တယ်။ ပျော့တယ်လို့လည်း ပြောနိုင်တယ်။

http://www.dhammadownload.com



ခန္ဓာကိုယ်ရဲ့ အရေအသားတို့ဟာ မှန်မျက်နှာပြင်နှင့် နှိုင်းယှဉ်ရင် ကြမ်းတယ်လို့ ဆိုရပြီး ကော်ပတ်၊ သစ်ခေါက်၊ လမ်းမျက်နှာပြင်တို့နဲ့ နှိုင်းစာရင် ချောတယ်လို့ ဆိုရတယ်။ ကိုယ်အလေးချိန်ကလည်း အရွယ်တူ ဖော့တုံးနဲ့ နှိုင်းစာရင် အလွန်လေးပြီး အရွယ်တူ သံတုံးနဲ့ နှိုင်းယှဉ်ရင် အလွန်ပေါ့တယ်လို့ ဆိုရမယ်။ ဒါကြောင့် ပထဝီမှာ မာ၊ ပျော့၊ ကြမ်း၊ ချော၊ လေး၊ ပေါ့ ဆိုတဲ့ ဆန့်ကျင်ဘက်သဘောများ ရှိခြင်း ဖြစ်တယ်။

ဂျုံမှုန့်ထဲကို ရေအနည်းငယ်ထည့်ပြီး နယ်ရင် ဂျုံမှုန်များ တွဲဆက်ပြီး ဖွဲ့စည်းတိုးပွားလာတယ်။ ရေများသွားရင် ဂျုံရည် ကျဲသွားပြီး ယိုစီးသွားလိမ့်မယ်။ ဒါကြောင့် အာပေါဓာတ်မှာ ယိုစီးမှု၊ ဖွဲ့စည်းမှုဆိုပြီး ဆန့်ကျင်ဘက်သဘော တစ်စုံ ရှိတယ်။

နွေရာသီမှာ နေဝန်းနဲ့ နီးတော့ ပူအိုက်တယ်၊ ဆောင်းရာသီမှာ နေဝန်းနဲ့ ဝေးလို့ ချမ်းအေးတယ်။ ဒါကြောင့် နေကို မှီပြီး ပူခြင်း အေးခြင်း ဖြစ်နေရတယ်။ ပူခြင်း၊ အေးခြင်းတို့ဟာ တေဇောဓာတ်ရဲ့သဘော တစ်စုံ ဖြစ်တယ်။

ဘောလုံးတစ်လုံးကို လေထိုးသွင်းလိုက်တဲ့အခါ လေရဲ့ တွန်းကန်မှုကြောင့် ဘောလုံးတင်းလာတယ်။ တင်းလာနေတဲ့ အချိန်မှာပဲ ဘောလုံးပေါက်ကွဲမထွက်အောင် ဘောလုံးအခွံက လေရဲ့တွန်းကန်မှုကို ပြန်ထောက်ကန်ထားတယ်။ ဒါကြောင့် လေဓာတ်ဖြစ်တဲ့ ဝါယောဓာတ်မှာ တွန်းကန်ခြင်းနဲ့ ထောက်ကန်ခြင်းသဘောတစ်စုံ ရှိတယ်။

ခန္ဓာကိုယ်ဟာ ရုပ်ကလာပ်များနဲ့ ဖွဲ့စည်းထားပြီး ရုပ်ကလာပ်တိုင်းမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ ပါရှိကြတယ်။ ဒါကြောင့် ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတိုင်း ကလာပ်မှုန်တိုင်းမှာ မာမှု ပျော့မှု၊

http://www.dhammadownload.com



ကြမ်းမှု ချောမှု၊ လေးမှု ပေါ့မှု၊ ယိုစီးမှု ဖွဲ့စည်းမှု၊ ပူမှု အေးမှု၊ ထောက်ကန်မှု တွန်းကန်မှု သဘောတို့ ရှိကြတယ် ဆိုတာကို သဘောပေါက်ထားသင့်တယ်။

ဖားအောက်တောရမှာ ဝါယောဓာတ်ရဲ့ တွန်းကန်မှုသဘောကို ယောဂီတို့အား ဆရာတော် အရင်ရှုစေပါတယ်။ ဆရာတော်က လက်ညှိုး တစ်ချောင်းကို ကြမ်းပြင်ပေါ်မှာ ထောက်ထားစေပြီး ဖိကြည့်နိုင်းတယ်။ အဲဒီအခါ လက်ညှိုး၊ လက်ဖျံတစ်လျှောက်မှာ တွန်းတဲ့သဘောပေါက်လာတာကို မှတ်သားထားစေတယ်။

ထို့နောက် အပေါ်သွား နဲ့ အောက်သွား တို့ကို ဖိကိုက်စေပြီး ပါးစောင် တစ်လျှောက်မှာ ဖြစ်ပေါ်လာတဲ့ တွန်းမှုသဘောကို မှတ်သားထားစေတယ်။ ခန္ဓာကိုယ်မှာ ဒီလိုတွန်းမှုသဘောတွေ ဖြစ်ပေါ်နေတာကို အာရုံယူပြီး ရှုနိုင်အောင်ပေါ့။

"ကဲ...အသက်ရှူသွင်းတာကို အာရုံပြုစမ်း၊ နှာသီးဖျားက အစ နှာခေါင်းအတွင်းပိုင်းတစ်လျှောက် လေတွန်းပြီး တိုးဝင်သွားတာကို သတိပြုမိလိမ့်မယ်၊ နှာခေါင်းမှာ တွန်းတာကို ကြာကြာ မှတ်ရင် နှာခေါင်းပွပြီးကြီးလာတယ်လို့ ထင်ရတတ်တယ်၊ ဒါကြောင့် နှာခေါင်းရင်း နှာရောင်ကောက်နဲ့ နောက်စေ့ တည့်တည့်အကြား ဦးခေါင်းအလယ်မှာ လေရှူသွင်း ရှူထုတ်မှုကြောင့် တွန်းသွားတဲ့ သဘောကို မြင်အောင် ရှုပါ၊ တစ်နေရာမှာ တွန်းတာ ထင်ရှားလာရင် တဖြည်းဖြည်း ဘေးပတ်ဝန်းကျင်သို့ ဖြန့်ပြီး တွန်းတဲ့သဘောကို သိအောင် ရှုပါ၊ ဦးခေါင်းတစ်ခုလုံးမှာ တွန်းတဲ့သဘော ထင်ရှားလာတဲ့အခါ လည်ပင်း၊ ရင်ဘတ်၊ ကျောကုန်း၊ ဝမ်းဗိုက်၊ လက်ဖျား၊ ခြေဖျားအထိ အဆင့်ဆင့် ဆင်းပြီး တွန်းတဲ့သဘော ထင်ရှားအောင် ရှုပါ။

http://www.dhammadownload.com



ဆရာတော်က စကားပြောမြန်ပြီး အသံနည်းနည်းတိုးတယ်။ နားမယဉ်တဲ့ လူတွေက တစ်ခါတစ်ရံ နားမလည်ဘဲ ဖြစ်သွားတတ်တယ်။ သဘော မရှင်းရင် ဆရာတော်ကို မေးပါ။ ဆရာတော်က စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြပါလိမ့်မယ်။

ခန္ဓာကိုယ်မှာ အသက်ရှူသွင်း ရှူထုတ်မှုကြောင့်လည်း တွန်းတဲ့သဘော ဖြစ်ပေါ်နေတယ်။ နှလုံးညှစ်အားကြောင့် တစ်မိနစ်မှာ ၇၀ မျှ သွေးခုန်တိုးသွားတဲ့အတွက်ကြောင့်လည်း တွန်းတဲ့သဘောဖြစ်ပေါ်နေတယ်။ ရုပ်ကလာပ်အသီးသီးမှာလည်း ပင်ကိုဝါယောဓာတ်ရဲ့တွန်းတဲ့သဘောကလည်း ရှိနေတယ်။ ဒါကြောင့် တွန်းတဲ့သဘော တစ်လုံးကို ထင်ရှားအောင် ရှုနိုင်ရင် တစ်ကိုယ်လုံးမှာ အရေကြား၊ အသားကြား၊ အကြောကြား၊ အရိုးကြားပါမကျန် တရွရွ တိုးနေတာကို ရှုသိလာပါလိမ့်မယ်။

တချို့လူတွေက တရားတစ်ထိုင်တည်းနဲ့ တွန်းတဲ့သဘော ထင်ရှားသွားတယ်။ အချို့ကတော့ တရားနှစ်ထိုင် သုံးထိုင်၊ တစ်ရက် နှစ်ရက် စသည် ရှုမှတ်ရတယ်။ ကြာချင် ကြာပါစေ၊ ငယ်ထိပ်မှ ခြေဖျားအထိ အာရုံပြုလိုက်တိုင်း တွန်းတဲ့သဘော ထင်ရှားနေအောင် ရှုမှတ်ပါ။ တွန်းတဲ့သဘောတစ်ခု ထင်ရှားရင် ကျန်ဓာတ်သဘောတွေ လွယ်ကူသွားပါလိမ့်မယ်။

တွန်းတာ ရှုပြီးရင် **မာတဲ့သဘော**ကို ရှုပါ။ သွားချင်း ထိထားတဲ့ နေရာဟာ မာတဲ့နေရာပဲ။ အဲဒီ မာတဲ့နေရာက စပြီး ဘေးဝန်းကျင်သို့ တဖြည်းဖြည်း ဖြန့်ကာ တစ်ကိုယ်လုံးမှာ မာတဲ့သဘော ထင်ရှားလာအောင် ရှုပါ။ ရေ၊ လေ၊ သွေးတို့မှာလည်း မာတဲ့သဘောရှိတာကို သတိပြုပါ။ မော်တော်ကား တာယာထဲက လေတွေဟာ တင်းမာနေ

http://www.dhammadownload.com



လို့ မော်တော်ကားအလေးကြီးကို မ,ထားနိုင်တယ်။ ရေပြင်ကိုလက်ဝါးနဲ့ ဖြန်းခနဲ ရိုက်လိုက်ရင် လက်ဝါးကျိန်းစပ်သွားတာဟာ ရေရဲ့မာမှုသဘောကို ပြတာပဲ။

မာတဲ့သဘော ထင်ရှားလာတဲ့အခါ **ကြမ်းတဲ့သဘော** ကို ဆက်ရှုပါ။ အံသွား ထိပ်ဖျားများကို လျှာဖျားနဲ့ ပွတ်သပ်ကြည့်ရင် ကြမ်းနေတာ တွေ့လိမ့်မယ်။ ဒီကြမ်းတာကို အာရုံယူပြီး တစ်ကိုယ်လုံးမှာ ကော်ပတ်လို ကြမ်းတဲ့သဘော ထင်ရှားလာအောင် တဖြည်းဖြည်း ဖြန့်ရှုပါ။ ကြမ်းတာ ကောင်းကောင်းထင်ရှားလာရင် တစ်ကိုယ်လုံး တဖျင်ဖျင်း ဖြစ်ပြီး ကြက်သီးမွေးညင်း ထလာပါလိမ့်မယ်။

ကြမ်းတာရှုပြီး **လေးတာ** ဆက်ရှုပါ။ ဦးခေါင်းက လည်ပင်းပေါ် ဖိထားတာ၊ လည်ပင်းက ဇက်ပေါ် ဖိထားတာ၊ ဇက်က ကိုယ်ပေါ်ဖိထားတာ၊ ပြီးတော့ အထက်ပိုင်း ကိုယ်အလေးချိန်က တင်ပါးပေါ် ဖိထားတာ စသည်တို့ကို အာရုံပြုပြီး တစ်ကိုယ်လုံးမှာ လေးတဲ့သဘော ထင်ရှားအောင် ရှုပါ။ လေးတာ ထင်ရှားလာရင် ဇက်ပုကျသွားအောင် ဖိခံထားရသလို ခံစားရလိမ့်မယ်။

တစ်ခါဆက်ပြီး ဝါယောဓာတ်ရဲ့ **ထောက်ကန်မှုသဘော** ကို ရှုပါ။ ဦးခေါင်းကို ထောင်ထားနိုင်တာ၊ ကိုယ်ကို မတ်ထားနိုင်တာ၊ ခြေလက်တို့ကို ထားမြဲတိုင်း ဣရိယာပုထ်မှာ တည်မြဲနေနိုင်တာတွေဟာ ဝါယောဓာတ်ရဲ့ ထောက်ကန်ထားမှုကြောင့်ပါပဲ။ ခန္ဓာကိုယ်ကို ဘယ်ညာ ယိမ်းကြည့်ပါ။ မလဲကျအောင် ထိန်းထားတဲ့သဘောဟာ ထောက်ကန်မှုသဘောပဲ။ ဒီသဘောက တစ်ကိုယ်လုံးမှာရှိနေတာကို မြင်အောင်ရှုပါ။

http://www.dhammadownload.com



အခုလို ထင်ရှားတဲ့ ဂရုသဘောငါးမျိုးကို ရှုသိပြီးရင် ပထဝီဓာတ်ရဲ့ **ပျော့တဲ့သဘော၊** ချောတဲ့သဘော၊ ပေါ့တဲ့သဘောတို့ကို တစ်ခုပြီး တစ်ခု ထင်ရှားအောင် ရှုပါ။ နှုတ်ခမ်းတွေဟာ ပျော့မှုထင်ရှားတဲ့နေရာပဲ။ အဲဒီကတစ်ဆင့် တစ်ကိုယ်လုံးမှာ ပျော့တဲ့သဘော ထင်ရှားလာအောင် ရှုပါ။ ပျော့တာ ထင်ရှားလာရင် ကိုယ်ကို မ်တ်မတ်ဟန်မထားနိုင်ဘဲ ပျော့ခွေကျသွားတတ်ပါတယ်။

**ချောတဲ့သဘော** အဲတွက်လည်း နှုတ်ခမ်းက စရှုနိုင်တယ်။ အောက်နှုတ်ခမ်းကို လျှာဖျားနဲ့ တံတွေးဆွတ်ပြီး ပွတ်သပ်ကြည့်ရင် ချောနေတာ တွေ့ရမယ်။ ဒီချောလို့နေရာက စပြီး တစ်ကိုယ်လုံးမှာ အတွင်းအပြင်အားလုံး ချောနေတာကို မြင်အောင်ရှုပါ။ မိမိကိုယ်ကို ကိုလူချော ပျိုမဒီချောတွေ ဖြစ်နေတယ်လို့ ထင်မိပေလိမ့်မယ်။

**ပေါ့တဲ့သဘော** ရှုတဲ့အခါ လက်ဖဝါးကို အထက်ဘက် လှန်ပြီး လက်ညှိုးကို အကြိမ်ကြိမ် မ,တင်ကြည့်ရင် ပေါ့တဲ့သဘော ထင်ရှားလာမယ်။ အမြင့်ခုန်တဲ့အခါ ကိုယ်ကြွတက်သွားတာကို အာရုံယူပြီး ပေါ့တာကို ပေါ်လွင်လာအောင် ရှုနိုင်တယ်။ တစ်ကိုယ်လုံး ဝါဂွမ်းစိုင်လို မိုးပျံပူဖောင်းလို ပေါ့ပြီး ကြွတက်နေသလို ဖြစ်နေရင် အလွန်နေလို့ကောင်းပါတယ်။

ပြီးရင် တေဇောရဲ့ ပူမှု အေးမှု သဘောတို့ကို ရှုပါ။ တရားထိုင်နေစဉ် ဘယ်လက်ဖဝါးပေါ်မှာ လက်ယာလက်ဖမိုး ထပ်တင်ထားတဲ့နေရာဟာ ပူတဲ့နေရာပဲ။ ဒီပူတဲ့ တစ်နေရာက စပြီး တဖြည်းဖြည်း ဖြန့်ရှုကာ တစ်ကိုယ်လုံးမှာ **ပူတဲ့သဘော** ထင်ရှားအောင် ရှုပါ။ အချို့က သိပ်ပူလာပြီး ချွေးပြိုက်ပြိုက်ကျပါတယ်။

http://www.dhammadownload.com



**အေးတဲ့သဘော** ရှုဖို့အတွက် အသက်ရှူလို့ ဝင်လေတိုးထိသွားတဲ့နေရာ၊ ဖါးပြင်ကို လေစိမ်းတိုးသွားတဲ့နေရာတို့ဟာ အေးတဲ့နေရာတွေပဲ။ အေးတဲ့ တစ်နေရာက စပြီး တစ်ကိုယ်လုံး အေးစက်ချမ်းစိမ့်သွားတာ ထင်ရှားအောင် ရှုနိုင်ပါတယ်။

အာပေါရဲ့ ယိုစီးမှု ဖွဲ့စည်းမှုသဘောတို့ကို နောက်ဆုံးထား ရှုပါ။ ပါးစောင်အတွင်း တံတွေးစိမ့်ထွက်လာမှု၊ နှာရည်ယိုစီးမှု၊ မျက်ရည် ယိုစီးမှု၊ သွေးယိုစီးမှု၊ ကျင်ငယ်ယိုစီးမှုတို့ဟာ ထင်ရှားတဲ့ ယိုစီးမှုသဘောတွေပဲ။ တစ်ကိုယ်လုံးမှာ ယိုစီးမှုသဘော ထင်ရှားလာအောင် ရှုပါ။ အံချိုးက ယိုစီးမှု ထင်ရှာ လွန်းလို့ ရေလောင်းချိုးချသလို ယိုစီးမှုကို မြင်တွေ့ရတယ်လို့ ဆိုပါတယ်။

**ဖွဲ့စည်းမှုသဘော** ဆိုတာက ပထဝီ၊ တေဇော၊ ဝါယော ဓာတ်တို့ကို အာပေါဓာတ်နဲ့ ဖွဲ့စည်းတဲ့သဘောပဲ။ ဘယ်ဘက်လက်က လက်ချောင်း ငါးချောင်းကို စုပြီး လက်ယာ လက်ချောင်းများနဲ့ ဆုပ်ကိုင်လိုက်ရင် ဖွဲ့စည်း တင်းကျပ်တဲ့ သဘောကို ခံစားရပါတယ်။ အဲသလို ဖွဲ့စည်းတဲ့သဘောမျိုး ခန္ဓာကိုယ်တစ်ခုလုံးမှာ ထင်ရှားလာအောင် ရှုပါ။

## ဓာတ်သဘောများကို ခြုံ၍ရှုနည်း

အထက်ပါ ဓာတ်သဘော ၁၂ မျိုးကို ကျေကျေနပ်နပ်ကြီး ထင်ရှား ပေါ်လွင်အောင် တစ်ခုစီ ရှုပြီးတဲ့အခါ ၎င်းတို့ကို သွက်သွက်လက်လက် ရှုနိုင်လာအောင် လေ့ကျင့်ပါ။ မိမိ ထိုင်နေတဲ့ ခန္ဓာကိုယ်ကို နောက်မှ လူတစ်ယောက် မတ်တတ်ရပ်ပြီး ဆီးကြည့်နေသလို ကုပ်ပေါ်မှစ၍ စိတ်ကို စိုက်ထားပြီး တစ်ကိုယ်လုံးကို ခြုံကြည့်ပါ။

http://www.dhammadownload.com



ထို့နောက် ငယ်ထိပ်မှ ခြေဖျားအထိ တစ်ကိုယ်လုံး၌ မာမှု၊ ပျော့မှု၊ ကြမ်းမှု၊ ချောမှု၊ လေးမှု၊ ပေါ့မှု သဘောတို့ တစ်ခုပြီးတစ်ခု ထင်ရှားလာအောင် ရှုပြီး ထိုသဘောအပေါင်းကို **ပထဝီဓာတ်** ဟု မှတ်ပါ။ ထို့နောက် ယိုစီးမှု၊ ဖွဲ့စည်းမှုသဘောတို့ ထင်ရှားလာအောင် ရှုပြီး **အာပေါဓာတ်** လို့ မှတ်ပါ။ ဆက်လက်ပြီး **ပူမှု အေးမှုသဘော** တို့ ထင်ရှားလာအောင် ရှုပြီး **တေဇောဓာတ်** လို့ မှတ်ပါ။ တွန်းကန်မှု၊ ထောက်ကန်မှု သဘောတို့ ထင်ရှားလာအောင် ရှုပြီး **ဝါယောဓာတ်** လို့ မှတ်ပါ။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော အစီအစဉ်အတိုင်း အကြိမ်ထောင်သောင်း များစွာ ရှုမှတ်နေတဲ့အခါ ဓာတ်သဘောတို့ဟာ အထင်သား ပေါ်လွင်ထင်ရှားနေပေလိမ့်မယ်။ ဓာတ်သဘော ၁၂ မျိုးလုံး မထင်ပေါ်လျှင်လည်း ထင်ရှားသလောက် ဓာတ်တို့မှာသာ သတိကို ကပ်ပြီး ရှုမှတ်နေပါ။ ခန္ဓာကိုယ် ကွယ်ပျောက်ပြီး ဓာတ်သဘောများမှာသာ ဘာဝနာစိတ် ငြိမ်ဝပ်နေပေလိမ့်မယ်။

**ဝိသုဒ္ဓိမဂ် အဋ္ဌကထာ** မှာ ခန္ဓာကိုယ့်ရဲ့ အရိုးကြား အသားကြား အကြောကြားသို့ ဉာဏ်တည်းဟူသော လက်ဖြင့် ဓာတ်ကြီးလေးပါးတို့ကို တစ်လုံးစီ တစ်လုံးစီ အသီးသီးခွဲခြားစိတ်ဖြာပြီး ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်လို့ ကာလအရာအထောင် အသိန်းမက ကြိမ်ဖန်များစွာ အဖန်ဖန် အထပ်ထပ် ဆင်ခြင်သုံးသပ် ရှုပွားရမယ်လို့ ညွှန်ကြားထားပါတယ်။ (ဝိသုဒ္ဓိ၊ ၁။ ၃၄၇)

## စိတ်တန်ခိုး ဖြစ်ပေါ်လာပြီ

သမာဓိရှိအောင် လေ့ကျင့်ပေးနေတဲ့ စိတ်ဟာ တရွေ့ရွေ့စွမ်းရည် ပိုပိုပြီး ထက်မြက်လာပါတယ်။ မိမိကျက်စားဖူးတဲ့ ကာမဂုဏ်အာရုံ

http://www.dhammadownload.com



များဆီသို့ စိတ်ပြေးထွက်မှု၊ ညောင်းညာကိုက်ခဲလို့ အလိုမကျ သည်းမခံနိုင်မှု၊ ငိုက်မျဉ်းပျင်းရိလာမှု၊ စိတ်ပျံ့လွင့် ပူပန်မှု၊ ယုံမှား သံသယဖြစ်မှု ဆိုတဲ့ အပိတ်အပင် တရား (နီဝရဏ) ငါးပါးတို့ဟာ တဖြည်းဖြည်း ငြိမ်ဝပ်လာကြတယ်။ ဈာန်အင်္ဂါ ငါးပါးတို့က တစ်စ တစ်စ အားပိုကောင်းလာကြတယ်။ ဈာန်အင်္ဂါ ငါးပါးက…

**ဝိတက်** = စိတ်စေတသိက်တို့ကို အာရုံသို့ ရှေးရှုတင်ပေးတဲ့ သဘော၊

**ဝိစာရ** = အာရုံကို စူးစမ်းဆင်ခြင်တဲ့ သဘော၊

**ပီတိ** = အာရုံကို နှစ်သက်တဲ့ သဘော၊

**သုခ** = ကိုယ်စိတ်နှစ်ပါး ချမ်းသာတဲ့ သဘော၊

**ဧကဂ္ဂတာ** = အာရုံတစ်ခုတည်းမှာ စိတ်စေတသိက်တို့ကို စုစည်းထားနိုင်တဲ့ သဘော၊
(တည်ကြည်မှု သမာဓိ) တို့ ဖြစ်ကြတယ်။

ဒီ ဈာန်အင်္ဂါတွေ အားကောင်းလာကြတဲ့အခါ နီဝရဏ အပိတ်အပင်တရားတွေကို ချိုးနှိမ်ထားလို့ ဘာဝနာစိတ်ဟာ ကမ္မဋ္ဌာန်းအာရုံမှာ တည်ငြိမ်လာပါတယ်။ သမာဓိဖြစ်လာပါတယ်။ ဒီအခါမှာ စိတ်က ကြည်လင်တည်ငြိမ်နေပြီး နှစ်သက်ရွှင်လန်းမှု–ပီတိ၊ ကိုယ်စိတ်ငြိမ်းအေးမှု – ပဿဒ္ဓိ၊ ချမ်းသာမှု–သုခ၊ ပေါ့ပါးသွက်လက်မှု–လဟုတာ၊ နူးညံ့ပျောင်းအိမှု – မုဒုတာ စတဲ့ စေတသိက်တို့က အလွန် အားကောင်းလာကြလို့ ယောဂီဟာ ယခင် မကြုံတွေ့ခဲ့ဖူးတဲ့ အလွန်တရာ ကောင်းမြတ်တဲ့ ချမ်းသာကို ခံစားနေရပါတယ်။

အဲဒီအခါ ယောဂီက ပူမှုသဘောကို နှလုံးသွင်းလိုက်ရင် တစ်ကိုယ်

http://www.dhammadownload.com



လုံးမှာ ပူမှုသဘောတွေ ထင်ရှားလာတယ်။ အေးမှုသဘောကို နှလုံးသွင်းရင် တစ်ကိုယ်လုံး အေးစိမ့်သွားတယ်။ ကြမ်းမှုသဘောကို နှလုံးသွင်းရင် အနေခက်လာအောင် ကြမ်းလာတယ်။ လေးမှု သဘောကို နှလုံးသွင်းရင် ပိဿာလေးကြီးနဲ့ ဖိချထားသလို ကိုယ် လေးလာပြီး ပေါ့မှုသဘောကို နှလုံးသွင်းရင် လေထဲမှာ ကိုယ်လွင့်နေသလို ကိုယ်ပေါ့လာတယ်။

ဒါကြောင့် ယောဂီဟာ ပူချင်လည်း ရ၊ အေးချင်ရင်လည်း ရ၊ လေးချင်ရင်လည်း ရ၊ ပေါ့ချင်ရင်လည်း ရတယ်။ အထူးသဖြင့် ချောမှု၊ ပျော့မှု၊ ပေါ့မှုသဘောတို့ကို နှလုံးသွင်းနေတဲ့အခါ ယောဂီတို့ဟာ အလွန်နေလို့ကောင်းကြတယ်။ ခန္ဓာကိုယ် တစ်နေရာမှာ အပူလွန်ကဲပြီး ခဲမာနေရင် အေးမှု၊ ပျော့မှု၊ ယိုစီးမှုသဘောတို့ကို ဦးစားပေးကာ ရှုပေးပါ။ ဓာတ်ညီမျှလာပြီး ထိုအပူခဲနာ ပျောက်ကင်းသွားနိုင်ပါတယ်။

## ဥပစာရသမာဓိနှင့် စိတ္တဝိသုဒ္ဓိ

ဓာတ်ကြီး လေးပါးတို့ရဲ့ သဘော လက္ခဏာများဟာ ပရမတ်တရားများဖြစ်လို့ အမှန်တကယ် ဖြစ်ပေါ်နေကြတဲ့ တရားများ ဖြစ်ကြတယ်။ ဒီသဘောတရားတို့ကို ထင်ထင်ရှားရှား မြင်သိနေတဲ့ ယောဂီဟာ ဒီဓာတ်သဘောတို့မှာ တစ်နာရီလောက် စိတ်စူးစိုက်ထားနိုင်တဲ့အခါ အင်မတန် စူးရှထက်မြက်တဲ့ အလင်းထွက်လာပါတော့တယ်။

ထွက်လာတဲ့ အလင်းကို အာရုံမပြုဘဲ ဓာတ်သဘောမှာသာ စိတ်စူးစိုက်ထားနိုင်ယင်သမာဓိ ခိုင်မြဲလာသည်နှင့်အမျှ အလင်းကလည်း ခိုင်မြဲလာပါတယ်။ ဥပစာရသမာဓိအဆင့်သို့ ရောက်လာတဲ့အခါ ထွက်

http://www.dhammadownload.com



လာတဲ့ အလင်းဟာ မျက်စိကျိန်းစပ်အောင် ထက်မြက်စူးရှပြီး ဓာတ်မှန်ရောင်ခြည် (အိတ်စရေး ရောင်ခြည်) လို ထိုးဖောက်သွားနိုင်တဲ့ စွမ်းအား ရှိလာပါတယ်။

ပရမတ် ဓာတ်သဘောတွေဟာ နက်နဲတဲ့အတွက် ဓာတ်ကမ္မဋ္ဌာန်းကို အထွတ်အထိပ်သို့ ရောက်အောင် ရှုပွားတဲ့သူဟာ **ဥပစာရသမာဓိအဆင့်**လို့သာ ရောက်တယ်လို့ အဘိဓမ္မာနဲ့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့မှာ ဆုံးဖြတ်ပေးထားပါတယ်။

ဥပစာရသမာဓိဆိုတာ ဈာန်အနီးအပါးသို့ ရောက်နေတဲ့ သမာဓိမျိုး ဖြစ်ပါတယ်။ ဒီသမာဓိသို့ ရောက်ရင် စိတ်အစဉ်မှာ နီဝရဏ စတဲ့အပိတ်အပင်တရားတွေ ကင်းရှင်းနေတယ်။ စိတ်ထဲမှာ ထကြွသောင်းကျန်းတတ်တဲ့ လောဘ၊ ဒေါသ စတဲ့ ပရိယုဋ္ဌာန ကိလေသာတို့လည်း ငြိမ်ဝပ်နေကြတယ်။ ဒါကြောင့် စိတ်ဟာ အထူးကြည်လင်သန့်ရှင်းပြီး **စိတ္တဝိသုဒ္ဓိ** ဖြစ်နေတယ်လို့ ဆိုရပါတယ်။

ဒီအချိန်မှာ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ ဧကဂ္ဂတာ စတဲ့ တရားကောင်းတွေဟာ အလွန်ထင်ရှားနေကြလို့ ယောဂီဟာ ကာမဂုဏ်ချမ်းသာထက်သာလွန်တဲ့ ချမ်းသာကို ခံစားနေရပါတယ်။ ယောဂီက ဘယ်ချမ်းသာနဲ့မှ မတူတဲ့ ချမ်းသာကို ခံစားနေရတယ်လို့ ဆိုတတ်ပါတယ်။

## သမာဓိနှင့် အရောင်အလင်း

ဘာဝနာရှုပွားတဲ့အခါ အလင်းရောင် ထွက်ပေါ်လာတာနဲ့ ပတ်သက်ပြီး **အာလောကသုတ္တန်** (အံ၊ ၁၊ ၄၅၆) မှာ (၁) နေရောင်၊ (၂) လရောင်၊ (၃) မီးရောင်၊ (၄) ပညာရောင် ဟူ၍ အရောင်လေးမျိုးရှိကြောင်း၊

http://www.dhammadownload.com



တစ်ဖန် ပညာရောင်ကို အောက်ပါအတိုင်း လေးမျိုး ထပ်ခွဲနိုင်ကြောင်း **ပစလာယမာန သုတ္တန်** (အံ၊ ၎ွ၊ ၃၊ ၁၇၇) မှာ ဖော်ပြထားပါတယ်။

(၁) ဒိဗ္ဗစက္ခု အဘိညာဉ်မှ ထွက်တဲ့ အရောင်အလင်း၊
(၂) အာလောက ကသိုဏ်းမှ ထွက်တဲ့ အရောင်အလင်း၊
(၃) ပရိကမ္မသမာဓိ၊ ဥပစာရသမာဓိ၊ ဈာန်သမာဓိမှ ထွက်တဲ့ အရောင်အလင်း၊
(၄) ဝိပဿနာ ညစ်ညူးကြောင်းဖြစ်တဲ့ ဥပက္ကိလေသ အရောင်အလင်း ။

ဒီအရောင်အလင်းတို့ဟာ ပညာရောင်ဆိုတဲ့အတိုင်း ဉာဏ်ကြောင့်ဖြစ်ပေါ်လာကြတဲ့ အရောင်အလင်းများ ဖြစ်ကြပါတယ်။

ဒါကြောင့် တရားအားထုတ်ကြတဲ့ လူအများစုမှာ သမာဓိ အတော်အသင့်ဖြစ်လာတဲ့အခါ အရောင်အလင်း ထွက်လာတာကို တွေ့ရတယ်။ ဒီအရောင်အလင်းက ပရိကမ္မသမာဓိမှ ထွက်လာတဲ့ အရောင်အလင်းမျိုး ဖြစ်ပါတယ်။

သမာဓိ မြင့်တက်လာတာနှင့်အမျှ အရောင်အလင်းဟာ ပိုပိုပြီး တောက်ပစူးရှလာပါတယ်။ ဥပစာရသမာဓိမှ ထွက်လာတဲ့ အရောင်အလင်းဟာ မျက်စိကျိန်းစပ်လောက်အောင် တောက်ပစူးရှပြီး ဓာတ်မှန် ရောင်ခြည်လို အသားအရေတို့ကို ဖြတ်သန်းသွားနိုင်တယ်။ ဒီအရောင်အလင်းရဲ့ အကူအညီနဲ့ ယောဂီဟာ မျက်စိမှိတ်ထားလျက်က ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ စတဲ့အပြင် ကောဋ္ဌာသများကိုရော၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှိ၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ် စတဲ့ အတွင်းကောဋ္ဌာသများကိုရော

http://www.dhammadownload.com



မြင်လာနိုင်စွမ်း ရှိပါတယ်။ မနောဒွါရဆိုတဲ့ စိတ်တံခါးပေါက်မှာ အာရုံ ထင်လာပြီး မြင်သိခြင်း ဖြစ်ပါတယ်။

သမာဓိက ဥပစာရသမာဓိအောက် အဆင့်နိမ့်ကျနေရင် ထွက်လာတဲ့ အရောင်အလင်းနဲ့ ကောဋ္ဌာသများကို ရှုလို့ မမြင်နိုင်ပါဘူး။

## ကောဋ္ဌာသ ကမ္မဋ္ဌာန်း

လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ဟာ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး စသည်ဖြင့် ကောဋ္ဌာသပေါင်း ၃၂ ခုနှင့် ဖွဲ့စည်းထားပါတယ်။ ဒီကောဋ္ဌာသ တစ်ခုစီကို ပိုင်းခြားပြီး ရှုကြည့်မယ်ဆိုရင် ရွံဖွယ်အတိဖြစ်နေတာကို တွေ့ရမယ်။ ဥပမာ ဦးခေါင်းထက်မှာရှိတဲ့ ဆံပင်ကိုအမြတ်တနိုးပြုကြပေမယ့် ဆံပင်တစ်ပင် ကျွတ်ကျပြီး ထမင်းဟင်းထဲကို ဝင်သွားရင် ရွံရှာစက်ဆုပ်ကြပါတယ်။

ဒါကြောင့် မိမိနဲ့ သူတစ်ပါးတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ ကောဋ္ဌာသများကို ပိုင်းပိုင်းခြားခြား ရှုမြင်နေရင် ခန္ဓာကိုယ်ကို တပ်မက်တွယ်တာနေတဲ့ တဏှာဟာ အလွန်အားလျော့သွားမှာ ဖြစ်ပါတယ်။ ပြီးတော့ ခန္ဓာကိုယ်ဟာ ၃၂ ကောဋ္ဌာသတို့ရဲ့ အစုအဖွဲ့ပဲလို့ ပြတ်ပြတ်သားသား ရှုမြင်နေရင် ဤရုပ်ခန္ဓာကို 'ငါ'ပဲလို့ စွဲယူထားတဲ့ သက္ကာယဒိဋ္ဌိကလည်း အားလျော့သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကောဋ္ဌာသကမ္မဋ္ဌာန်းဟာ ဘုရားရှင်တိုင်း မစွန့်လွှတ်တဲ့ ကမ္မဋ္ဌာန်း တစ်ခု ဖြစ်ပါတယ်။ ဘုရားရှင်လက်ထက်တော်အခါက ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ ဆိုတဲ့ 'တစပဉ္စက'ကို ရှုပွားဆင်ခြင်ရုံမျှနဲ့

http://www.dhammadownload.com



ရဟန္တာဖြစ်သွားကြတဲ့ ရှင်သာမဏေနှင့် ရဟန်းတော်များ မြောက်မြား စွာ ရှိခဲ့ပါတယ်။

(သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ)

**သုတ်မဟာဝါ ပါဠိတော်**မှာ ရဟန်းတို့ကို မြတ်စွာဘုရား ဤသို့ ညွှန်ကြားတော်မူတယ်။

"ရဟန်းတို့...တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက်၊ ဆံပင်ဖျားမှ အောက်၊ ထက်ဝန်းကျင် အရေးပါအဆုံးရှိသော မစင်ကြယ်သည့် အရာ အမျိုးမျိုးတို့နှင့် ပြည့်လျက်ရှိသော ဤရုပ် အပေါင်း ခန္ဓာကိုယ်ကိုပင် စူးစိုက်ဆင်ခြင်၏။

"ဤငါ၏ ရုပ်အပေါင်း ခန္ဓာကိုယ်၌...

(၁) ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊

(၂) အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့ (ကျောက်ကပ်)၊

(၃) နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊

(၄) အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊

(၅) သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊

(၆) မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်... တို့သည် ရှိကြကုန်၏"ဟု စူးစိုက်ဆင်ခြင်၏။

ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ရှုပွားရာမှာ ကောဋ္ဌာသတို့ရဲ့ အဆင်း ပုံသဏ္ဌာန် တည်ရာဌာန ပိုင်းခြားထားပုံကို အာရုံယူပြီး နှုတ်ဖြင့် ရွတ် ဆိုခြင်း၊ စိတ်ဖြင့် ကြံစည်ခြင်းတို့ဖြင့် ရှုပွားရန် ဝိသုဒ္ဓိမဂ်မှာ ညွှန်ပြ ထားပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ကမ္မဋ္ဌာန်း ၄၀ အနက်က ကမ္မဋ္ဌာန်းတစ်ခုခုကို ပေါက်မြောက်အောင် ရှုပွားနိုင်ရင် အဆင့်မီတဲ့ သမာဓိ ရှိလာပြီဖြစ်လို့ အခြားကမ္မဋ္ဌာန်းတို့ကို အလွယ်တကူ ရှုပွားနိုင်ပါတော့တယ်။

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊
သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

"ရဟန်းတို့၊ သမာဓိထူထောင်နိုင်အောင် ပွားများအားထုတ်ကြ၊ "ရဟန်းတို့၊ သမာဓိရှိတဲ့ ရဟန်းဟာ ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိတယ်"လို့ သမာဓိသုတ္တန် (သံ၊၂၊၁၂) မှာ မြတ်စွာဘုရား မိန့်ကြားတော်မူတယ်။

စောစောက ဓာတ်ကမ္မဋ္ဌာန်းမှာ ဉပစာရ သမာဓိ ရောက်အောင် ထူထောင်နိုင်တဲ့ ယောဂီဟာ ဘာဝနာအရောင်အလင်းရဲ့ အကူအညီနဲ့ မိမိရဲ့ ခန္ဓာကိုယ်ထဲရှိ ကောဋ္ဌာသတို့ကို တစ်ခုစီ တစ်ခုစီ ပိုင်းခြားပြီး မြင်တွေ့လာနိုင်တယ်။ မိမိခန္ဓာကိုယ်ထဲက ကောဋ္ဌာသအားလုံးကို ရှုမြင်ပြီးတဲ့အခါ မိမိနှင့်အတူ တရားအားထုတ်နေကြတဲ့ ယောဂီ တစ်ဦးစီရဲ့ ကောဋ္ဌာသတို့ကို ပိုင်းပိုင်းခြားခြား မြင်တွေ့အောင်လည်း ရှုပွားရပါတယ်။ ဘာဝနာ အလင်းရောင်ကို အဝေးသို့ ဖြန့်ကျက်ပြီး မြင်တွေ့ရသမျှ လူနှင့် တိရစ္ဆာန်တို့ကို ကောဋ္ဌာသ အစုအဖွဲ့ များအနေနဲ့ မြင်တွေ့နိုင်အောင်လည်း ကြိုးစားရှုပွားရပါတယ်။

**အဘိဓမ္မာအဋ္ဌကထာ** (၂၊၂၄၂–၂၄၃) မှာ ဖော်ပြထားတာက... "ကောဋ္ဌာသများကို ဆံပင်မှ ကျင်ငယ်၊ ကျင်ငယ်မှ ဆံပင်သို့တိုင်အောင် ပုံသဏ္ဌာန် အတုံးအခဲ အစုအပုံအနေဖြင့်သာ ကြိမ်ဖန်များစွာ အပြန်ပြန် အလှန်လှန် ရှုကြည့်သော် ဆံပင်ကို ဆင်ခြင်နှလုံးသွင်းလိုက်သည်နှင့်

http://www.dhammadownload.com



တစ်ပြိုင်နက် ဆံပင်မှ ကျင်ငယ်တိုင်အောင်၊ တစ်ဖန် ကျင်ငယ်ကို နလုံး သွင်းလိုက်လျှင် ကျင်ငယ်မှ ဆံပင်သို့တိုင်အောင် အသိဉာဏ် ပေါက်ပေါက်သွားတော့၏။ ဤသို့ အဝါးဝစွာ လေ့ကျင့်ပြီးနောက် ဗဟိဒ္ဓလောက သို့ အသိဉာဏ်ကို ရှေးရှုကပ်ဆောင်လိုက်လျှင် လှည့်လည်ကျက်စား သွားလာနေကြသည့် လူများနှင့် တိရစ္ဆာန်များကို သတ္တဝါအနေဖြင့် မထင်ဘဲ ၃၂ ကောဋ္ဌာသတို့၏ အစုအပုံများအဖြစ် ထင်လာပေတော့ ၏။"

မဟာဂန္ဓာရုံ ဆရာတော် **အရှင်ဇနကာဘိဝံသ** ကလည်း "သမ္မော ဟ ဝိနောဒနီဘာသာဋီကာ" ဒုတိယအုပ် စာမျက်နှာ ၃၇၀ မှာ ကော ဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းနှင့် ပတ်သက်ပြီး သည်လို မှတ်ချက် ရေး ထားပါတယ်။

"စိတ်ဓာတ်သတ္တိသည် အလွန်ထက်၏၊ တစ်သက်လုံး တိရစ္ဆာန် အကောင်အထည်နှင့် လူပုံသဏ္ဌာန်တို့ကိုမြင်လာခဲ့သော်လည်း 'ဆံပင်၊ မွေးညင်း' စသော အစုကို တစ်ခုစီ ကြည့်ရှုဖန်များသောအခါ လူ ကိုယ် ကြီးဟု မမြင်တော့ဘဲ ဆံပင်၊ မွေးညင်း စသော အစုကိုသာ တစ်ခုစီ တစ်ခု စီ မြင်တော့၏။ ထို့ကြောင့်လည်း တရားထူး ရနိုင်ကြပေသည်။"

သို့အတွက် ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ဉာဏ်အမြင်ပေါက်အောင် ရှုပွားနိုင်ခြင်းဟာ အလွန်တရာ အကျိုးကျေးဇူး များပါတယ်။

## ပဋိကူလမနသိကာရနှင့် ပထမဈာန်

မိမိခန္ဓာကိုယ် ဆိုတဲ့ အဇ္ဈတ္တသန္တာန်၊ သူတစ်ပါးရဲ့ ခန္ဓာကိုယ် ဆို တဲ့ ဗဟိဒ္ဓသန္တာန်တို့မှာ ၃၂ ကောဋ္ဌာသတို့ကို ရှုတိုင်းလွယ်ကူစွာ မြင် တွေ့လာတဲ့အခါ မိမိရဲ့ အရိုးစုကိုဖြစ်စေ၊ မိမိရှေ့မှာ တရားထိုင်နေတဲ့

http://www.dhammadownload.com



ယောဂီတစ်ဦးရဲ့ အရိုးစု ကောဋ္ဌာသကို ဖြစ်စေ အာရုံယူပါ။ အရိုးစု အတွဲလိုက်ကို ဖြစ်စေ၊ အရိုးတစ်ချောင်းတည်းကိုဖြစ်စေ စူးစိုက်ကြည့်ပြီး ထိုအရိုးရဲ့ စက်ဆုပ်ရွံရှာဖွယ်သဘောကို အာရုံယူပါ။ အဲသလို အာရုံယူပြီးတော့...

"ပဋိကူလ၊ ပဋိကူလ = ရွံစရာ၊ ရွံစရာ" လို့ ဖြစ်စေ၊

"အဋ္ဌိက၊ ပဋိကူလ = အရိုးစု၊ ရွံစရာ" လို့ဖြစ်စေ၊

အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်းပြီး ရှုပွားပါ။ သည်လို ကောဋ္ဌာသ တစ်ခုစီမှာ ရွံစရာ အမှတ်သညာ ထင်လာအောင် နှလုံးသွင်းပြီး ရှုပွားတာကို "ပဋိကူလ မနသိကာရ" လို့ ခေါ်တယ်။

ဤပဋိကူလ မနသိကာရ ခေါ် "ပဋိကူလ ကမ္မဋ္ဌာန်း" မှာ နိမိတ်ထင်ပုံကို **ဝိသုဒ္ဓိမဂ်** (မြန်မာပြန်၊ ပ၊ ၅၂၄) မှာ ဒီလိုဆုံးဖြတ်ပေးထားတယ်။

ကောဋ္ဌာသ တစ်ခုစီ (အရိုးရဲ့) အဆင်းပုံသဏ္ဍာန် တည်ရာ အရပ် အပိုင်းအခြားနဲ့ တကွ ရှေးရှုထင်လာတဲ့ အာရုံဟာ ဥဂ္ဂဟနိမိတ် ဖြစ်တယ်။ ဥဂ္ဂဟနိမိတ်ဆိုတာ မျက်စိဖွင့်ပြီး မကြည့်ဘဲ မနောဒွါရ ခေါ် စိတ်တံခါးပေါက်မှာ ထင်ထင်ရှားရှား ထင်လာတဲ့ အာရုံ ဖြစ်တယ်။

ထိုထင်နေတဲ့ ကောဋ္ဌာသ (အရိုး) အာရုံရဲ့ စက်ဆုပ်ရွံရှာဖွယ်ကို နှလုံးသွင်းပြီး ဆက်လက်ရှုပွားလို့ စက်ဆုပ်ရွံရှာဖွယ်အစွမ်းဖြင့် အာရုံ ထင်လာခြင်းကို ပဋိဘာဂ နိမိတ်လို့ ခေါ်တယ်။ ပဋိဘာဂ နိမိတ် ဆိုတာ ဥဂ္ဂဟနိမိတ်ထက် ပိုကြည်လင်တောက်ပပြီး အပြစ်အနာအဆာ ကင်းကာ ပိုခိုင်မြဲတဲ့နိမိတ် ဖြစ်ပါတယ်။

ပဋိဘာဂ နိမိတ်ကို အာရုံယူပြီး ဆက်လက်ရှုပွားတဲ့ ဘာဝနာကို ဥပစာရဘာဝနာ (ချဉ်းကပ်နီးနေတဲ့ ဘာဝနာ) လို့ ခေါ်ပါတယ်။ အဲဒီ

http://www.dhammadownload.com



အခါမှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါ ငါးပါးလည်း ထင်ရှားလာပါတယ်။ ဒီဈာန်အင်္ဂါတွေ ပိုအားကောင်းလာလို့ ပဋိဘာဂ နိမိတ်မှာ တစ်နာရီ၊ နှစ်နာရီစသည်ဖြင့် စိတ်ငြိမ်ဝပ်နေအောင် ထားနိုင်ရင် ပဌမဈာန်သို့ ရောက်ပြီလို့ ဆိုနိုင်ပါတယ်။

ကောဋ္ဌာသတစ်ခုမှာ ပဋိကူလမနသိကာရ ရှုပွားလို့ ပဌမဈာန် ရပြီးတဲ့သူဟာ အခြားကောဋ္ဌာသတစ်ခုစီမှာလည်း ပဌမဈာန် ပေါက်မြောက်အောင် အလွယ်တကူ ဆက်လက်ရှုပွားနိုင်ပါတယ်။ သီဟိုဠ်ကျွန်းက **မဟာတိဿ မထေရ်ကြီး** ဟာ ကောဋ္ဌာသ ၃၂ ခုလုံးမှာ ပဌမဈာန်ရောက်အောင် ရှုပွားထားလို့ အကယ်၍ ညဉ့်မှာ တစ်ခုသော ဈာန်၊ နေ့မှာ တစ်ခုသော ဈာန်ကို ဝင်စားမယ်ဆိုရင် လခွဲလွန်လို့ ၁၆ ရက်စေ့တဲ့အခါ ကောဋ္ဌာသ ၃၂ ခုလုံးမှာ ဈာန်ဝင်စားခြင်း ပြီးမြောက်ပါတယ်။

(ဝိသုဒ္ဓိ မြန်မာပြန်၊ ပ၊ ၅၂၅)

တစ်ဖန် အဲဒီ ဝိသုဒ္ဓိမဂ် စာမျက်နှာမှာပဲ ဆံပင် အစရှိသည်တို့ရဲ့ အဆင်း အထွေးအပြားကို အမှီပြုပြီး လေးပါးသော ဈာန်ကို ရနိုင်ကြောင်းနဲ့ ခြောက်ပါးသော အဘိညာဉ်တို့ကို ထိုးထွင်းသိရှိနိုင်ကြောင်းတို့ကို ဖော်ပြထားပါတယ်။

## နိဗ္ဗာန်သို့ ဝင်ရောက်ရာ မုခ်ဦးသုံးသွယ်

**အဘိဓမ္မာ အဋ္ဌကထာ** (၂၊ ၂၄၂–၂၄၃) နှင့် **သမ္မောဟ ဝိနောဒနီ** အဋ္ဌကထာတို့မှာလည်း ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ကျွမ်းကျင်လိမ္မာစွာ ရှုထားပြီးတဲ့ ယောဂီဟာ နိဗ္ဗာန်သို့ ဝင်ရောက်ရာ မုခ်ဦးကြီး သုံးသွယ် အနက်မှ ကြိုက်ရာမုခ်ဦးဖြင့် ဝင်ရောက်သွားနိုင်ကြောင်း၊ ထိုသို့ ဝင်

http://www.dhammadownload.com



ရောက်သွားလျှင် မချွတ်ကေန် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်မည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားပါတယ်။ ထိုမုခ်ဦးသုံးသွယ်က…

(၁) ဝဏ္ဏ ခေါ် အရောင်အဆင်း ကသိုဏ်းရှုပွားခြင်း၊

(၂) ပဋိကူလ ခေါ် ရွံရှာစက်ဆုပ်ဖွယ်သဘောကို နှလုံးသွင်းရှုပွားခြင်း၊

(၃) သုညတ ခေါ် ပုဂ္ဂိုလ် သတ္တဝါ ဇီဝအတ္တမှ ဆိတ်သုဉ်းသောဓာတ်သဘောအားဖြင့် နှလုံးသွင်းရှုပွားခြင်း

…တို့ ဖြစ်ပါတယ်။

လောကဥပမာအားဖြင့် ဆိုရသော် မုန့်လုပ်လိုတဲ့ အမျိုးသမီးတစ်ဦးဟာ ဆန်မှုန့်ကို ထောင်းပြီး နယ်ထားတဲ့ မုန့်ညက်စိုင်ကို ရရင် အလိုရှိရာမုန့်ကို ပြုလုပ်နိုင်သလိုပါပဲ။

အထက်ပါ မုခ်ဦးကြီး သုံးသွယ်အနက် ကောဋ္ဌာသ တစ်ခုစီရဲ့ ရွံရှာစက်ဆုပ်ဖွယ်ကို နှလုံးသွင်းပြီး ပဋိကူလ ကမ္မဋ္ဌာန်းရှုပွားပုံကို စောစောက ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဓာတ်သဘောကို နှလုံးသွင်း၍ ဓာတ်ကမ္မဋ္ဌာန်း ရှုပွားပုံကို ရှေ့ပိုင်းမှာ ပဏာမအနေနဲ့ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ နောင် မကြာမီ ဆက်လက်ဖော်ပြပါဦးမယ်။ ကောဋ္ဌာသတို့ရဲ့ အဆင်းကို အာရုံယူပြီး ဝဏ္ဏကသိုဏ်း ရှုပွားနည်းကို ယခု ဆက်လက် ဖော်ပြပါမယ်။

မဖော်ပြခင်ကလေးမှာ စာရှုသူတို့အား အသိပေးလိုတာက ကောဋ္ဌာသ ကမ္မဋ္ဌာန်း၊ ပဋိကူလ ကမ္မဋ္ဌာန်း၊ ဓာတ်ကမ္မဋ္ဌာန်းတို့ဟာ 'ကာယဂတာသတိ' အမည်ရတဲ့ အနုဿတိ ကမ္မဋ္ဌာန်းထဲမှာ ပါဝင်ကြတယ်။ **ကာယဂတာသတိ** နဲ့ ပတ်သက်ပြီး **ဝိသုဒ္ဓိမဂ်** (မြန်မာပြန်၊ ပ၊ ၄၇၇) မှာ ဖော်ပြထားတာက…

http://www.dhammadownload.com



"အို... ရဟန်းတို့၊ တစ်ခုသော တရားကို ပွားစေအပ်သည်ရှိသော် အကြိမ်များစွာ အလေ့အထ ပြုအပ်သည် ရှိသော် ဟုတ်မှန်တိုင်းသော ကိုယ်၏သဘောကို မြင်သိသည်ဖြစ်၍ ကြီးစွာသော ထိတ်လန့်ခြင်းငှာ ဖြစ်၏၊ လွန်စွာကြီးမားသော အကျိုးစီးပွားအလို့ငှာ ဖြစ်၏၊ ကြီးပွားသော ဝိပဿနာဂုဏ်ကို ရခြင်း အကျိုးငှာ ဖြစ်၏၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်းအကျိုးငှာ ဖြစ်၏။ ဝိဇ္ဇာသုံးပါး၊ နိဗ္ဗာန်၊ သာမည ဖိုလ်တို့ကို မျက်မှောက်ပြုရခြင်းအကျိုးငှာ ဖြစ်၏။

"တစ်ခုသော တရား ဟူသည် အဘယ်နည်း၊ ကိုယ်၌ဖြစ်သော သတိတည်းဟူသော ကာယဂတာ သတိပေတည်း။ အို... ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာသတိတရားကို သုံးဆောင်ကြကုန်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရကုန်၏၊ အို... ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိတရားကို အားထုတ်အပ်၊ ပြီးစေအပ်ပြီ၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်အပ်ပြီ၊ မယုတ်ပြီ၊ မချော်ချွတ်ပြီ။"

ရှင်တော်ဗုဒ္ဓဟာ အထက်ပါ စကားတော်ကို သုတ္တန်ဒေသနာ များစွာမှာ ဟောကြားထားတာကို ထောက်ရှုရင် ကာယဂတာ သတိမှာ အကျုံးဝင်တဲ့ ခါတ်ကမ္မဋ္ဌာန်း၊ ကောဋ္ဌာသ ကမ္မဋ္ဌာန်း၊ ပဋိကူလ ကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်း၊ အာနာပါနကမ္မဋ္ဌာန်း စသည်တို့ဟာ ဝိပဿနာ ရှုပွားသူတို့အတွက် အလွန့်တရာ အရေးကြီးကြောင်း သိရှိနိုင်ပါတယ်။

## ဝဏ္ဏကသိုဏ်းလေးပါး

ကမ္မဋ္ဌာန်းရှုသူက အကြွင်းအကျန်မရှိ အလုံးစုံ အကုန်အစင် တစ်ပြိုင်နက် ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်တဲ့ အာရုံကို 'ကသိုဏ်း'

http://www.dhammadownload.com



လို့ ခေါ်ပါတယ်။ ဝဏ္ဏဆိုတဲ့ အရောင်အဆင်းနဲ့ပတ်သက်တဲ့ ကသိုဏ်း လေးပါး ရှိပါတယ်။

**နီလ ကသိုဏ်း** = အညိုရောင်အဆင်း ကသိုဏ်း၊
**ပီတ ကသိုဏ်း** = ရွှေရောင်အဆင်း ကသိုဏ်း၊
**လောဟိတ ကသိုဏ်း**= အနီရောင်အဆင်း ကသိုဏ်း၊
**ဩဒါတ ကသိုဏ်း** = အဖြူရောင်အဆင်း ကသိုဏ်း၊

ဝိသုဒ္ဓိမဂ် (မြန်မာပြန်၊ ပ၊ ၃၂၉-၃၃၀) မှာ ပြထားတာက...

(၁) နီလ ကသိုဏ်းကို ယူတဲ့ ပုဂ္ဂိုလ်ဟာ အညိုရောင် အဆင်း ရှိတဲ့ ပန်းပွင့်မှာ ဖြစ်စေ၊ အဝတ်မှာ ဖြစ်စေ နိမိတ်ယူနိုင် တယ်။

(၂) ပီတ ကသိုဏ်း ပွားများလိုတဲ့ပုဂ္ဂိုလ်ဟာ ရွှေရောင်အဆင်း ရှိတဲ့ ပန်းပွင့်၊ အဝတ်၊ ဓာတ်သတ္တုစသည်တို့မှာ နိမိတ်ယူ နိုင်တယ်။

(၃) လောဟိတ ကသိုဏ်းကို အားထုတ်လိုတဲ့ ယောဂီပုဂ္ဂိုလ် ဟာ အနီရောင် အဆင်းရှိတဲ့ ပန်းပွင့်၊ အဝတ်၊ ဓာတ်သတ္တု စသည်တို့မှာ နိမိတ်ယူနိုင်တယ်။

(၄) ဩဒါတ ကသိုဏ်းကို ရှုပွား အားထုတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ အဖြူရောင်အဆင်းရှိတဲ့ပန်းပွင့်၊ အဝတ်၊ ဓာတ်သတ္တုစသည် တို့မှာ နိမိတ်ယူနိုင်တယ်။

ဒါကြောင့် ကသိုဏ်းရှုတဲ့အခါ ကျကျနန ပြုပြင်ထားတဲ့ ကသိုဏ်း ဝန်းကို ရှုလို့ရသလို သင့်လျော်ရာ အရောင်အဆင်းရှိတဲ့ အရာဝတ္ထု တစ်ခုခုကို အာရုံယူပြီးတော့လည်း ရှုနိုင်ပါတယ်။ ခန္ဓာကိုယ်ထဲက ကောဋ္ဌာသ ၃၂ ခုလုံးကို ရှုမြင်နေတဲ့ ပုဂ္ဂိုလ်ဟာ...

http://www.dhammadownload.com



(၁) ဆံပင်ရဲ့ အညိုရောင်ကို အာရုံယူပြီး နီလ ကသိုဏ်းရှုနိုင်တယ်။

(၂) အဆီခဲ၊ ကျင်ငယ် စတဲ့ အဝါရောင် ကောဋ္ဌာသ တစ်ခုကို အခြေခံပြီး ပီတ ကသိုဏ်းကို ရှုပွားနိုင်တယ်။

(၃) သွေးရဲ့ အနီရောင်ကို အာရုံယူပြီး လောဟိတ ကသိုဏ်း ရှုနိုင်တယ်။

(၄) အရိုးစုရဲ့ အဖြူရောင်ကို အာရုံယူပြီး ဩဒါတ ကသိုဏ်း ရှုနိုင်တယ်။

ဒီလိုရှုနိုင်တာကို **အဘိဓမ္မာအဋ္ဌကထာ**(၂၊၂၄၂-၃) နှင့် **သမ္မောဟဝိနောဒနီအဋ္ဌကထာ**တို့မှာ ဖော်ပြထားပါတယ်။

ကောဋ္ဌာသတို့ကို အဇ္ဈတ္တဆိုတဲ့ မိမိရဲ့သန္တာန်၊ ဗဟိဒ္ဓဆိုတဲ့ သူတစ်ပါးတို့ရဲ့ သန္တာန်မှာ ကျွမ်းကျင်လိမ္မာစွာ ရှုမြင်နိုင်တဲ့ ယောဂီဟာ မိမိရှေ့မှာ တရားထိုင်နေတဲ့ ယောဂီတစ်ဦးရဲ့ အရိုးစုကို လှမ်းရှုတယ်။ အဲဒီအရိုးစုအနက်က ဦးခေါင်းခွံရဲ့ အဖြူရောင်ကို အာရုံစူးစိုက်ပြီး 'ဩဒါတ…ဩဒါတ' လို့ဖြစ်စေ၊ 'အဖြူ…အဖြူ' လို့ဖြစ်စေ အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်း ရှုပွားတယ်။ အရိုးဆိုတဲ့ အမှတ်သညာ ကွယ်ပျောက်ပြီး 'အဖြူရောင်' အာရုံသက်သက်ပဲ ထင်ပေါ်လာတဲ့အခါမှာ ဥဂ္ဂဟ နိမိတ်သို့ ရောက်တယ်လို့ ဆိုနိုင်တယ်။

'အဖြူ…အဖြူ' လို့ ကြိမ်ဖန်များစွာ ရှုပွားလို့ 'အဖြူရောင်နိမိတ်' ဟာ ကြည်လင်တောက်ပလာပြီး အပြစ်အနာအဆာ ကင်းပကာ စနောဒ္ဒါ ရမှာ ငြိမ်ဝပ်စွာ တည်ငြိမ်လာတဲ့အခါ ပဋိဘာဂနိမိတ်သို့ ရောက်ပြီလို့ ဆိုနိုင်တယ်။ အဲဒီအခါ 'ကသိုဏ်းဝန်းဟာ ဘေးပတ်ဝန်းကျင်သို့ တစ်လက်မ၊ သို့မဟုတ် နှစ်လက်မခန့် ကျယ်ပြန့်ပါစေ' လို့ အဓိဋ္ဌာန်

http://www.dhammadownload.com



ပြုပြီး ချဲ့ပေးရတယ်။ အရပ် ၁၀ မျက်နှာသို့ အဆုံးအစမရှိ ကျယ်ပြန့်သွားအောင် ချဲ့ပေးရတယ်။ အဲသလို ချဲ့ပြီးတဲ့အခါမှာ အဖြူရောင်ပဋိဘာဂ နိမိတ်မှာ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ရယ်လို့ သမာဓိ အဆင့်ဆင့် ရင့်ကျက်လာအောင် ရှုပွားနိုင်ပါတယ်။

## ကမ္မဋ္ဌာန်းနိမိတ်နှင့် သမာဓိအဆင့်ဆင့်

အဘိဓမ္မာ သင်္ဂြိုဟ်၊ ဝိသုဒ္ဓိမဂ် စသည်တို့မှာ ကမ္မဋ္ဌာန်းရှုပွားတဲ့အခါ နိမိတ်အဆင့်ဆင့် ထင်ပုံနှင့် သမာဓိအဆင့်ဆင့် မြင့်တက်လာပုံကို တိတိကျကျ ညွှန်ပြထားပါတယ်။ စာရှုသူတို့ နားလည်လွယ်အောင် ကျွန်တော် ကောက်နုတ်ပြီး ရှင်းပြပါမယ်။

အကြိမ်ကြိမ် အဖန်ဖန် ရှုပွားမှုကို '**ဘာဝနာ**' လို့ ခေါ်ပါတယ်။ အဲဒီဘာဝနာရှုပွားမှုရဲ့ အာရုံကို '**ကမ္မဋ္ဌာန်း**' လို့ ခေါ်ပါတယ်။ မြေအဝန်း (ပထဝီကသိုဏ်း) စတဲ့ ကမ္မဋ္ဌာန်းတစ်ခုကို စတင်ရှုပွားတဲ့အခါ မျက်စိဖွင့်ကြည့်ပြီး မြင်နေရတဲ့ မြေအဝန်းအစရှိတဲ့ အာရုံကို '**ပရိကမ္မနိမိတ်**' လို့ ခေါ်တယ်။ 'ပရိကံ' ပြုတယ်ဆိုတာ ဘာဝနာအဆင့်အဆင့်၊ သမာဓိအဆင့်ဆင့် မြင့်တက်လာအောင် အခြေချ အစပျိုးတာပဲပေါ့။ အဲဒီ ပရိကမ္မနိမိတ်ကို အာရုံယူပြီး ရှုပွားမှုကို '**ပရိကမ္မဘာဝနာ**' လို့ ခေါ်ပါတယ်။

အကြိမ် အတော်ကြာ ရှုပြီးသွားလို့ မျက်စိမှိတ်လိုက်လျှင်လည်း မြေအဝန်း စတဲ့ ကမ္မဋ္ဌာန်းနိမိတ်ကို မျက်စိဖွင့်ထားစဉ်ကအတိုင်း မြင်တွေ့နေရင် အဲဒီနိမိတ်ကို '**ဥဂ္ဂဟနိမိတ်**' လို့ ခေါ်ပါတယ်။ ဥဂ္ဂဟနိမိတ်ဟာ မျက်စိနဲ့ တိုက်ရိုက်ကြည့်လို့ မြင်နေတဲ့ အာရုံ မဟုတ်ဘဲ မနောဒွါရဆိုတဲ့ စိတ်တံခါးဝမှာ ထင်နေတဲ့ အာရုံဖြစ်ပါတယ်။ ဒီဥဂ္ဂဟနိမိတ်ဟာ

http://www.dhammadownload.com



နဂိုမူလ ကသိုဏ်းဝန်းအတိုင်း ထင်ပေါ်လို့ မူလကသိုဏ်းဝန်းမှာအရေးအကြောင်း စတဲ့ အပြစ်အနာအဆာတွေရှိရင် အဲဒီအပြစ်အနာအဆာနဲ့ တကွ ပေါ်လာတယ်။

ဥဂ္ဂဟ နိမိတ်ကို အာရုံယူပြီး ရှုပွားမှုကိုလည်း ပရိကမ္မ ဘာဝနာ လို့ပဲ ခေါ်ပါတယ်။ ဥဂ္ဂဟနိမိတ် ထင်လာတဲ့အခါမှာ ရှိတဲ့ သမာဓိဟာ အစပျိုး ရှုပွားစဉ်အခါက ရှိတဲ့ သမာဓိထက် အများကြီး ပိုမြင့်နေမှာပါ။ ဒါကြောင့် သမာဓိဟာ အရည်အသွေးအဆင့်ဆင့်ရှိတယ်ဆိုတာ သိသာ ပါတယ်။

ဥဂ္ဂဟနိမိတ်ကို အာရုံယူပြီး ဆက်လက်ရှုပွားဖန် များလာတဲ့အခါ အဲသည် နိမိတ်ဟာ ကြေးမုံအိမ်မှ ကြည်လင်တဲ့ ကြေးမုံချပ်ကို ထုတ်ယူ လိုက်သကဲ့သို့ အင်မတန် သန့်စင် ကြည်လင်လာတယ်။ မူလ ပရိကမ္မ နိမိတ်ထက် အဆပေါင်းများစွာ ပိုမိုကြည်လင်တောက်ပနေပြီး အပြစ် အနာအဆာတွေ ကင်းပနေတယ်၊ ဥဂ္ဂဟနိမိတ်ထက်လည်း ပိုမိုကြည် လင် တောက်ပပြီး အလွန် ငြိမ်ဝပ်လာတယ်။ ဒီနိမိတ်ကို '**ပဋိဘာဂ နိမိတ်**'လို့ ခေါ်ပါတယ်။

ပဋိဘာဂနိမိတ် ထင်လာတဲ့အခါ ဘာဝနာ အဆင့်ကလည်း '**ဥပစာရ ဘာဝနာ**' အဆင့်သို့ မြင့်တက်သွားပါတယ်။ 'ဥပစာ'ဆိုတာ 'အနီးအပါး' လို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့် ဥပစာရ ဘာဝနာ ဆိုတာ ဈာန်အနီးအနားသို့ ရောက်နေတဲ့ ဘာဝနာလို့ အဓိပ္ပာယ် ရပါ တယ်။ ဒီဘာဝနာ အဆင့်မှာရှိတဲ့ သမာဓိကို '**ဥပစာရသမာဓိ**' လို့ ခေါ် ပါတယ်။

ပဋိဘာဂ နိမိတ်ကို အာရုံယူပြီး ဆက်လက်ရှုပွားလို့ သမာဓိကို ထပ်မြှင့်တင်နိုင်မယ်ဆိုရင် ဈာန် ဖြစ်ပေါ်လာပါတယ်။ ဈာန် ဆိုတာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ စေတသိက် ငါးခုတို့ရဲ့

http://www.dhammadownload.com



အပေါင်းအစုပါပဲ။ ဒီစေတသိက်တို့ဟာ စိတ်ကို ဘာဝနာရဲ့ အာရုံမှာ ငြိမ်ဝပ်တည်တံ့အောင် လုပ်ဆောင်ပေးတတ်လို့ အဆိုပါ စေတသိက် တစ်ခုစီကို **'ဈာန်အင်္ဂါ'**လို့ ခေါ်ပါတယ်။ ဒီစေတသိက် အပေါင်းအစု ကို **'ဈာန်'** လို့ ခေါ်ပါတယ်။ ကိုယ်အင်္ဂါအပေါင်းအစုကို 'ကိုယ်' လို့ ခေါ်သလို ဈာန်အင်္ဂါ အပေါင်းအစုကို 'ဈာန်' လို့ ခေါ်ခြင်း ဖြစ်ပါတယ်။

အဖြူရောင်ကသိုဏ်း ရှုပွားနေတဲ့ ယောဂီအဖို့ ...

(၁) **ဝိတက်** = ဘာဝနာရှုနေတဲ့စိတ် စေတသိက်တို့ကို အဖြူရောင် ကသိုဏ်းပေါ်သို့ ရှေးရှုတင်ပေးတဲ့ သဘော။

(၂) **ဝိစာရ** = အဖြူရောင်ကသိုဏ်းအာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်း သဘော။

(၃) **ပီတိ** = အဖြူကသိုဏ်းအာရုံကို နှစ်သက်ခြင်းသဘော။

(၄) **သုခ** = အဖြူကသိုဏ်းအာရုံ၏ အရသာကို ချမ်းသာစွာ ခံစားခြင်း သဘော။

(၅) **ဧကဂ္ဂတာ** = အဖြူကသိုဏ်းဟူသော တစ်ခုတည်းသော အာရုံ၌ စိတ် စေတသိက်တို့ကို စုစည်းငြိမ်ဝပ် စေခြင်း သဘော။

ဧကဂ္ဂတာစေတသိက်ဟာ**'သမာဓိ'**လို့ အမည်ရပါတယ်။ သမာဓိ ဟာ စိတ် စေတသိက်တို့ကို အာရုံအမျိုးမျိုးဆီသို့ မပျံ့လွင့်စေခြင်း လက္ခဏာရှိတယ်။ စိတ်ကို အာရုံအမျိုးမျိုးဆီကို ပျံ့လွင့်စေတတ်တဲ့ ဥဒ္ဓစ္စကို ဖျက်ဆီးခြင်း ကိစ္စရသ ရှိတယ်။ မတုန်မလှုပ်သောအားဖြင့် ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိတယ်။ "ချမ်းသာသူရဲ့ စိတ် ဟာ တည်ကြည်တယ်"လို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အ

http://www.dhammadownload.com



တွက် သုခဟာ သမာဓိရဲ့ အနီးကပ် အကြောင်းတရား ပဒဋ္ဌာန် ဖြစ်တယ်။

ဈာန်အင်္ဂါအသီးသီးတို့ဟာ အာရုံတစ်ခုတည်းမှာ စိတ်တည်ငြိမ်နေအောင် ဝိုင်းဝန်းရွက်ဆောင်ပေးကြတယ်။ ဒါကြောင့် ဈာန်ဆိုတာ စိတ်မပျံ့လွင့်ဘဲ အာရုံတစ်ခုတည်းကို စူးစူးစိုက်စိုက် ရှုနိုင်စေတဲ့ အရည်အသွေး တစ်ရပ်ပါပဲ။ ဒီအကြောင်းကြောင့်လည်း

**"စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟု ခေါ်သတတ်"**

လို့ မဟာစည်ဆရာတော်ဘုရားကြီး လင်္ကာသီကုံးတော်မူခဲ့ပါတယ်။

ပြီးတော့ ဈာန်ဆိုတာ ကိလေသာတရားတို့ကို ဖျက်ဆီး သတ်ဖြတ်တတ်တယ်။ တရားအားထုတ်နေကြတဲ့ ယောဂီတို့ ရင်ဆိုင်နေရတဲ့ ကိလေသာတို့က **နီဝရဏ** လို့ အမည်ရတဲ့ အပိတ်အပင်တရားတွေပါပဲ။ နီဝရဏတို့က ကုသိုလ်တရားနှင့် ဈာန် မဂ်ဖိုလ်တွေ မဖြစ်ပေါ်အောင် ပိတ်ပင်တားဆီးတတ်ကြတယ်။ နီဝရဏတရား ငါးပါးက...

(၁) **ကာမစ္ဆန္ဒ** = ကာမဂုဏ် အာရုံများကို လိုချင် နှစ်သက်တဲ့ တဏှာလောဘ။ တရားအားထုတ်နေစဉ် အတွင်းမှာ စိတ်ကို မိမိ ကျက်စားဖူးတဲ့ အာရုံ အမျိုးမျိုးဆီ ဆွဲခေါ်သွားတတ်တယ်။

(၂) **ဗျာပါဒ** = စိတ်ဆိုး စိတ်ပျက်ခြင်း အမျက်ဒေါသ။ တရားအားထုတ်နေစဉ် ထုံကျင်ကိုက်ခဲလာတာကို အလိုမကျ သည်းမခံနိုင်အောင် တရားရှုမှတ်မှုကို ရပ်ဆိုင်းချင်အောင် ပြုလုပ်တယ်။

http://www.dhammadownload.com



(၃) **ထိနမိဒ္ဓ** = စိတ် စေတသိက်တို့ကို ထိုင်းမှိုင်းလေးလံစေတဲ့သဘော။ တရားအားထုတ်စဉ် ပျင်းရိငိုက်မျဉ်းလာအောင် ပြုလုပ်တတ်တယ်။

(၄) **ဥဒ္ဓစ္စ၊ကုက္ကုစ္စ**= စိတ်ပျံ့လွင့်ခြင်းနှင့် နောင်တ တစ်ဖန် ပူပန်ခြင်းသဘော။ အာရုံအမျိုးမျိုးဆီသို့ စိတ် ပြေးလွှားနေအောင် စိတ်ပူလောင်အောင် ပြုလုပ်တတ်တယ်။

(၅) **ဝိစိကိစ္ဆာ** = ရတနာသုံးပါး၊ ဆရာသမားနှင့် တရား အားထုတ်မှုတို့အပေါ်မှာ ယုံမှားသံသယ ဖြစ်ခြင်းသဘော။ ယုံမှား သံသယဖြစ်နေရင် စိတ်မထက်မြက်ဘဲ တွန့်ဆုတ်သွားပြီး တရားမတက်ဘဲ တန့်နေလိမ့်မယ်။

ဈာန်အင်္ဂါတို့က အထက်ပါ နီဝရဏတို့ကို ဆန့်ကျင်ပြီး ဖျက်ဆီးကြတယ်။ သမာဓိက ကာမစ္ဆန္ဒကို ချိုးနှိမ်တယ်။ ပီတိက ဗျာပါဒကို နှိမ်နင်းတယ်။ ဝိတက်က ထိနမိဒ္ဓကို တားမြစ်တယ်။ သုခက ဥဒ္ဓစ္စ–ကုက္ကုစ္စကို ဖယ်ရှားတယ်။ ဝိစာရက ဝိစိကိစ္ဆာကို ချေဖျက်တယ်။

(ပေဋကောပဒေသ ကျမ်းနှင့် ဝိသုဒ္ဓိမဂ်)

ဒါကြောင့်ဈာန်အင်္ဂါတွေ ထင်ရှားအားရှိလာကြတဲ့အခါ နီဝရဏတရားတွေ ကင်းဝေးပြီး စိတ်ဟာ ကြည်လင်သန့်ရှင်းလာတယ်။ **စိတ္တဝိသုဒ္ဓိ** ဖြစ်လာတယ်လို့ ဆိုရပါတယ်။ စိတ္တဝိသုဒ္ဓိဖြစ်မှလည်း သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်တရား ပြည့်စုံလာပါတယ်။

http://www.dhammadownload.com



နီဝရဏတွေ ကင်းစင်ပြီး စိတ္တဝိသုဒ္ဓိဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ငြိမ်းအေးပြီး အလွန် ချမ်းသာနေပါတယ်။ ကာမဂုဏ် ချမ်းသာထက် သာလွန်တဲ့ ချမ်းသာကို ခံစားရပါတယ်။

ဈာန်အင်္ဂါငါးပါးပြည့်စုံပြီး ဘာဝနာအာရုံမှာ အလိုရှိသလောက် ငြိမ်ဝပ်စွာ ရှုပွားနိုင်လာတဲ့အခါ **ပထမဈာန်**သို့ ရောက်နေပြီလို့ ဆိုနိုင်တယ်။ ပထမဈာန်ချမ်းသာဟာ နတ်ချမ်းသာကို ကျော်လွန်ပြီး ပထမဈာန် ဘုံဗြဟ္မာများရဲ့ ချမ်းသာမျိုးနဲ့ အလားတူပါတယ်။

ပထမဈာန်ကို နိုင်နင်းအောင် လေ့ကျင့်ပြီးတော့ ဝိတက်၊ ဝိစာရ တို့ မပါဘဲနဲ့ ဘာဝနာအာရုံမှာ စိတ်တည်ငြိမ်နေအောင် သမာဓိ မြှင့်တင်လာနိုင်တဲ့အခါ **ဒုတိယ ဈာန်**သို့ ရောက်တယ်လို့ ဆိုပါတယ်။ ဒုတိယဈာန်ဟာ ပထမဈာန်ထက် ပိုမိုတည်ငြိမ်ပြီး ပိုချမ်းသာပါတယ်။

ဒုတိယ ဈာန်ကို နိုင်နင်းအောင် လေ့ကျင့်ပြီးတော့ ပီတိကိုထပ်ပယ်ကာ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနဲ့ပဲ ဘာဝနာ အာရုံမှာ စိတ်တည်ငြိမ်အောင် ရှုပွားနိုင်ရင် **တတိယဈာန်**သို့ ရောက်ပါတယ်။ တတိယဈာန်က ဒုတိယဈာန်ထက်ပိုတည်ငြိမ်ပြီး ပိုချမ်းသာပါတယ်။

တတိယဈာန်ကို နိုင်နင်းအောင် လေ့ကျင့်ပြီးတော့ သုခကို ထပ်ပယ်နိုင်အောင် ကြိုးစားရှုပွားပြန်တယ်။ သုခပြုတ်သွားတဲ့အခါ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနဲ့ ဘာဝနာအာရုံမှာ စိတ်တည်ငြိမ်လာပါတယ်။ ဒီအခါမှာ **စတုတ္ထဈာန်**သို့ ရောက်ပြီလို့ ဆိုပါတယ်။ စတုတ္ထဈာန်ဟာ တတိယ ဈာန်ထက် ပိုတည်ငြိမ်ပြီး ပိုချမ်းသာပါတယ်။ အသက်ရှူမှု ရပ်နေတယ်လို့ ထင်ရလောက်အောင် သိမ်မွေ့သွားပါတယ်။

http://www.dhammadownload.com



## အစွမ်းထက်တဲ့ ဘာဝနာသက်နှက်

"စိတ္တေန နီယတိ လောကော"

စိတ်ဟာ လောကကြီးကို ရှေ့ဆောင်နေတယ်လို့ မြတ်စွာဘုရား ဟောကြားထားတာနဲ့အညီ စိတ်ပညာရှင်များကလည်း စိတ်မှာ အနန္တ စွမ်းအား ရှိတယ်လို့ ယုံကြည်နေကြပါတယ်။

လက်ရှိ ကျွန်တော်တို့ရဲ့စိတ်ဟာ ဘာဖြစ်လို့ အစွမ်းမထက်တာ လဲလို့ မေးစရာ ရှိတယ်။ အဖြေကတော့ သမာဓိ မရှိဘဲနဲ့ စိတ်ပျံ့လွင့် နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ စိတ်စေတသိက်တို့ကို စုစည်း ထားနိုင်တဲ့ သမာဓိဖြစ်လာအောင် အားထုတ်နိုင်ရင် စိတ်ဟာ အံ့သြ ဖွယ် ကောင်းအောင် အစွမ်းထက်လာပါတယ်။ ဒါကြောင့်လည်း...

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော
ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

(သံ၊ ၂၊ ၁၂။ သမာဓိသုတ္တန်)

"ရဟန်းတို့...သမာဓိကို ထူထောင်နိုင်အောင် ပွားများအား ထုတ်ကြ။

"ရဟန်းတို့... သမာဓိရှိတဲ့ ရဟန်းဟာ ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိတယ်"လို့ ဘုရားရှင် မိန့်ကြားတော်မူတယ်။

**လယ်တီဆရာတော်ဘုရားကြီး** က "ကမ္မဋ္ဌာန်းကျမ်းကြီး" စာ မျက်နှာ ၂၄၀ မှာ ဒီလို ရေးသားထားပါတယ်။

"မျက်မှန် မှန်ပြောင်းဖြင့် တပ်ချိန်ကြည့်သောအခါ ပကတိ မြင် နိုင်ခဲသော သိမ်မွေ့သော ဝေးသော အာရုံတို့ကိုပင် အလွယ်တကူ ချမ်း သာစွာ ထင်ထင်ရှားရှား မြင်ရဘိသကဲ့သို့ ထို့အတူ ဈာန်ကို ဝင်စား၍

http://www.dhammadownload.com



**ဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာရှုသည်ရှိသော် အလွန် နက်နဲ သိမ်မွေ့သော၊ အလွန်ဝေးသော၊ အလွန်ထင်မြင်နိုင်ခဲသော အနိစ္စ လက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာအာရုံတို့ကိုလည်း မပင် မပန်း ချမ်းသာလွယ်ကူစွာ ထင်မြင်နိုင်တော့၏။** အာသဝေါတရား တို့ကို အကြွင်းမဲ့ ကုန်စေတတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ဖြစ် ပေါ်လာတော့၏။ အလွန်နက်နဲသိမ်မွေ့သော၊ အလွန်ဝေးသော၊ အလွန် ထင်မြင်နိုင်ခဲသော သစ္စာလေးပါးအာရုံ နိဗ္ဗာန်အာရုံတို့ကို ထင်မြင်နိုင် တော့၏။ [၂]

ဈာန်သမာဓိကို သိပ္ပံကိရိယာနဲ့ နှိုင်းပြီး လယ်တီဆရာတော်ဘုရား မိန့်ဆိုရှင်းလင်းချက်ဟာ အလွန်ထင်ရှား ပေါ်လွင်လှပါတယ်။ ယနေ့ သိပ္ပံပညာ တိုးတက်နေတာဟာ ခေတ်မီ ဆန်းသစ်တဲ့ ကိရိယာတွေကို တီထွင် အသုံးချနိုင်လို့ ဖြစ်ပါတယ်။ အဏုကြည့်မှန်ပြောင်း (မိုက်ကရို စကုပ်) မရှိရင် လူနာရဲ့ သွေးမှာ ဘက်တီးရီးယား ခေါ်တဲ့ ရောဂါပိုး အ မျိုးမျိုး ပါရှိနေတာကို သာမန်မျက်စိနဲ့ ဘယ်လိုပဲကြည့်ကြည့် မမြင်နိုင် ပါဘူး။ အဝေးကြည့်မှန်ပြောင်း (တယ်လီစကုပ်) အကူအညီ မပါရင် ကြယ်တာရာတွေ အနန္တ ရှိတာကို မမြင်သိနိုင်ပါဘူး။

အဏုကြည့်မှန်ပြောင်း၊ အဝေးကြည့်မှန်ပြောင်းတွေ ပေါ်ပေါက် လာတဲ့အခါ မျက်စိနဲ့ မမြင်နိုင်တဲ့ အလွန်သိမ်မွေ့တဲ့ အာရုံ၊ အလွန် ဝေးတဲ့ အာရုံတွေကို ချမ်းသာလွယ်ကူစွာ ထင်ထင်ရှားရှား မြင်သိလာ ပါတယ်။

အလားတူပဲ ဝိပဿနာရှုတဲ့အခါမှာ သိပ္ပံကိရိယာထက် ပိုထက် မြက်တဲ့ ကိရိယာ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပရမတ် ရုပ် နာမ်တရားတို့ဟာ သိပ္ပံကိရိယာနဲ့ မစမ်းသပ်နိုင်တဲ့ အလွန်သိမ်မွေ့

http://www.dhammadownload.com



တဲ့ သဘောတွေ ဖြစ်လို့ပါပဲ။ ဒီပရမတ်တရားတို့ကို ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား မြင်တွေ့မှသာလျှင် ရုပ်တရား နာမ်တရားတို့ရဲ့ အလွန့်အလွန် လျှင်မြန်စွာဖြစ်ပျက်နေတဲ့ မမြဲတဲ့အနိစ္စသဘော၊ ဆင်းရဲတဲ့ ဒုက္ခသဘော၊ အစိုးလည်း မရ၊ ငါလည်း မဟုတ်၊ အတ္တလည်း မဟုတ်တဲ့ အနတ္တသဘောတို့ကို တိတိပပ မြင်သိနိုင်ပါတယ်။ ဒီလက္ခဏာသုံးပါးကို ထင်ထင်ရှားရှား မြင်သိပါမှလည်း ဝိပဿနာရှုနိုင်မှာ ဖြစ်ပါတယ်။

အရိယာသစ္စာလေးပါးနဲ့ နိဗ္ဗာန်အာရုံဆိုတာတွေကလည်း ဘယ်အဝေးကြည့် မှန်ပြောင်း၊ ဘယ်အဏုကြည့်မှန်ပြောင်းတို့နဲ့မှ ကြည့်ရှုလို့ မမြင်နိုင်ကြတဲ့ အလွန်ဝေးလံပြီး အလွန့်အလွန် သိမ်မွေ့တဲ့သဘောများ ဖြစ်ကြပါတယ်။

ဒီလို ဝေးလံသိမ်မွေ့လှတဲ့ သဘောတရားတို့ကို သိပ္ပံကိရိယာထက် သာလွန်တဲ့ သမာဓိလက်နက် အထောက်အကူနဲ့ ဉာဏ်မျက်စိနဲ့ ကြည့်ရှုပါမှ ကောင်းစွာမြင်တွေ့နိုင်ပါတယ်။ လယ်တီဆရာတော် ညွှန်ပြခဲ့သလို ဈာန်သမာဓိကို အခြေခံပြီး ကြည့်ရှုနိုင်ရင် အကောင်းဆုံးပါပဲ။

## သမာဓိသိက္ခာပြည့်စုံရေး

သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပြီး နိဗ္ဗာန်သို့ သွားရောက်နိုင်တဲ့ တစ်ကြောင်းတည်းသော လမ်းဟာ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရား ဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါးမှာ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဆိုပြီး သိက္ခာသုံးပါး ပါဝင်ပါတယ်။

http://www.dhammadownload.com



**သီလသိက္ခာ** ပြည့်စုံဖို့အတွက် အောက်ပါ သီလမဂ္ဂင်သုံးပါးတို့ ဖြည့်ကျင့်ရပါတယ်။

(၁) သမ္မာဝါစာ = ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှုဆိုတဲ့ ကောင်းစွာပြောဆိုခြင်း။

(၂) သမ္မာကမ္မန္တ = ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ ကောင်းစွာပြုလုပ်ခြင်း။

(၃) သမ္မာအာဇီဝ = ဝစီဒုစရိုက် လေးပါး၊ ကာယဒုစရိုက်သုံးပါးတို့မှ လွတ်ကင်းတဲ့အလုပ်အကိုင်ဖြင့် ကောင်းစွာအသက်မွေးခြင်း။

ဒီသီလမဂ္ဂင်သုံးပါး ပြည့်စုံဖို့အတွက် အာဇီဝဋ္ဌမကသီလကို လုံခြုံအောင် စောင့်ထိန်းရပါတယ်။ လူဝတ်ကြောင်များအဖို့ ငါးပါးသီလ၊ စွမ်းနိုင်ရင် ရှစ်ပါးသီလ၊ ကိုးပါးသီလ တစ်မျိုးမျိုးကို မပေါက်မကျိုး မပြောက်မကျားအောင် စောင့်ထိန်းနိုင်ရင် သီလစင်ကြယ်ခြင်းဆိုတဲ့ **သီလဝိသုဒ္ဓိ** ဖြစ်ပြီး သီလသိက္ခာနဲ့ ပြည့်စုံပါတယ်။

**သမာဓိသိက္ခာ**မှာ အောက်ပါမဂ္ဂင်သုံးပါး ပါဝင်ကြတယ်။

(၁) သမ္မာဝါယာမ= သမ္မပ္ပဓာန်လေးပါးနဲ့ ပြည့်စုံအောင် ကောင်းစွာ အားထုတ်ခြင်း။

(၂) သမ္မာသတိ = သတိပဋ္ဌာန်လေးပါးနဲ့ပြည့်စုံအောင် ကောင်းစွာ အောက်မေ့အမှတ်ရခြင်း။

(၃) သမ္မာသမာဓိ = ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ (ဈာန်သမာဓိ) တစ်မျိုးမျိုးနဲ့ ပြည့်စုံလျက် ကောင်းစွာ တည်ကြည်ခြင်း။

http://www.dhammadownload.com



သီလ သိက္ခာဟာ ကာယဒုစရိုက် ဝစီဒုစရိုက်တို့ကို လွန်ကျူးတတ်တဲ့ ဝီတိက္ကမ ကိလေသာ ခေါ် ကိလေသာအကြမ်းစားကို နှိမ်နင်းပယ်သတ်ရပါတယ်။

သမာဓိ သိက္ခာက စိတ်ထဲမှာ နိုးကြား ထကြွကြွတဲ့ ပရိယုဋ္ဌာန ကိလေသာ ခေါ် ကိလေသာအလတ်စားတို့ကို နှိမ်နင်းပယ်သတ်ရပါတယ်။

ဒါကြောင့် စိတ်ထဲမှာ နိုးကြားထကြွနေတဲ့ နီဝရဏတရားစတဲ့ ပရိယုဋ္ဌာန ကိလေသာတွေ ကင်းဝေး ပပျောက်နေရင် စိတ်စင်ကြယ်ခြင်း ဆိုတဲ့ စိတ္တဝိသုဒ္ဓိဖြစ်ပြီး သမာဓိသိက္ခာနဲ့ ပြည့်စုံနေတယ်လို့ ဆိုရပါတယ်။

စိတ္တဝိသုဒ္ဓိဖြစ်ဖို့အတွက် ယုတ်စွအဆုံး ဥပစာရ သမာဓိရှိဖို့ လိုကြောင်းကို **ဝိသုဒ္ဓိမဂ်** (၂၊၂၂၂) မှာ ဒီလိုဖော်ပြထားပါတယ်။

"စိတ္တ ဝိသုဒ္ဓိ နာမ သဥပစာရာ အဋ္ဌသမာပတ္တိယော"

"ဥပစာရသမာဓိနှင့်တကွ လောကီရျာန်သမာပတ် ရှစ်ပါးတို့ဟာ စိတ္တ ဝိသုဒ္ဓိ မည်ပေတယ်"

လောကီ ဈာန်သမာပတ် ရှစ်ပါးဆိုတာ အထက်မှာ ဖော်ပြခဲ့တဲ့ ရူပဈာန်လေးပါးနဲ့ ရုပ်နဲ့ မဆက်ဆံတဲ့ အရူပဈာန် လေးပါးတို့ ဖြစ်ကြပါတယ်။

တစ်ဖန် **မဟာသတိပဋ္ဌာနသုတ္တန်**– မဂ္ဂသစ္စာနိဒ္ဒေသ အပိုင်းမှာ "ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဆိုတဲ့ ရူပဈာန် လေးပါးကို သမ္မာသမာဓိလို့ ခေါ်ဆိုကြောင်း" ရှင်းပြထားပါတယ်။

(သုတ်မဟာဝါ မြန်မာပြန်)

http://www.dhammadownload.com



ဒါက ဝိပဿနာရှုရာမှာ ရုပ်ချုပ် လေးပါးဟာ အကောင်းဆုံး အခြေခံ 'ပါဒကချုပ်' ဖြစ်တာကို ဥက္ကဋ္ဌနည်းအရ ဖော်ပြခြင်း ဖြစ်ပါတယ်။ ဒီလို ဖော်ပြတဲ့နည်းမှာ ရုပ်ချုပ်တွေလောက် မကောင်းတဲ့ ဥပစာရချုပ် (ဝါ) ဥပစာရသမာဓိနဲ့ ရုပ်ချုပ်တို့ထက် သာလွန်ကြတဲ့ အရူပချုပ် လေးပါးတို့ကိုလည်း ကောက်ယူရပါတယ်။ ဒါကြောင့် စောစောက ဝိသုဒ္ဓိမဂ် အဆိုနဲ့ ကိုက်ညီသွားပါတယ်။

လယ်တီဆရာတော်ဘုရားကြီးက **ပဋ္ဌာန်ုဒ္ဒေသဒီပနီ** ယောဂဗဟိ ဝေါပမသုတ်ကို ကိုးကားပြီးတော့...

"ဈာန်သမာပတ် ရှစ်ပါးတို့တွင် တစ်ပါးပါးကို ဝင်စား၍ ဈာန်သမာပတ်မှထပြီးလျှင် ရုပ်တရား၊ နာမ်တရားတို့ကို အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ထင်အောင် ရှုရာ၏" လို့ **'ကမ္မဋ္ဌာန်း ကျမ်းကြီး'** စာမျက်နှာ ၂၃၉ မှာ ရေးသားထားပါတယ်။

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို အစဉ်အတိုင်း ဖြည့်ကျင့် သွားရမှာမို့ သီလစင်ကြယ်မှ သမာဓိဖြစ်တယ်၊ သမာဓိ တည်ကြည်လာမှ အရှိကို အရှိအတိုင်း ထိုးထွင်းမြင်သိပြီး ပညာရှိလာမှာ ဖြစ်ပါတယ်။

**သမာဓိသုတ္တန်** (သံ၊ ၂၊ ၁၂) မှာ အဆင့်မီတဲ့ သမာဓိ မရှိတဲ့သူဟာ

(၁) ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဆိုတဲ့ ခန္ဓာငါးပါးပရမတ် တရားများကို ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ဘူး။

(၂) အကြောင်းတရားတွေ ဖြစ်ခြင်းကြောင့် အကျိုးတရားတွေ ဖြစ်တယ်၊ အကြောင်းတရားတွေ ချုပ်ရင် အကျိုးတရားတွေ ချုပ်မယ် ဆိုတာလည်း ကွဲကွဲပြားပြား မရှုနိုင်ဘူး။

http://www.dhammadownload.com



(၃) အကြောင်းတရားတို့နဲ့တကွ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကိုလည်း မဖောက်မပြန် ဟုတ်တိုင်း မှန်စွာ မသိမြင်နိုင်ဘူး။

ဆိုတဲ့သဘောကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် သမာဓိသိက္ခာ မပြည့်စုံရင် ဝိပဿနာမရှုနိုင်ဘူး၊ ဝိပဿနာမရှုနိုင်ရင် ပညာသိက္ခာ မဖြစ်ပေါ်လာနိုင်ပါဘူး။

သမာဓိဟာ ပညာရဲ့ အနီးကပ် အကြောင်းတရား ဖြစ်ပါတယ်။ "မြဲမြဲတည်ကြည်တဲ့ သမာဓိရှိသူဟာ ဟုတ်တိုင်းမှန်ရာကို သိ၏" လို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။

(ဝိသုဒ္ဓိမဂ် မြန်မာပြန်-၃၊ ၂၈၉)

## ဝိပဿနာဆိုတာ ဘာလဲ

"ပညတ္တိံ ဌပေတွာ အနိစ္စာဒိ အာကာရေန ဝိဝိဓံ ပဿတီတိ ဝိပဿနာ"

"ပညတ္တိံ- ပညတ်ကို၊ ဌပေတွာ- ပယ်ထား၍၊ အနိစ္စာဒိ အာကာရေန-အနိစ္စ အစရှိသော အခြင်းအရာဖြင့်၊ ဝိဝိဓံ-အထူးထူး အပြားပြား၊ ပဿတိ-ရှုအပ်၏၊ ဣတိတသ္မာ- ဤအကြောင်းကြောင့်၊ ဝိပဿနာ- ဝိပဿနာမည်၏"

ဤသို့ ဋီကာဆရာရဲ့ ဖွင့်ဆိုချက်အရ ပရမတ်တရားများနဲ့ ပရမတ်တရားတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို ပိုင်းပိုင်းခြားခြား မြင်သိမှသာလျှင် ဝိပဿနာရှုနိုင်မှာဖြစ်ပါတယ်။ ပရမတ်တရားနဲ့ ပညတ်တရားတို့ကို ခွဲခြားမသိရှိတဲ့သူဟာ ဝိပဿနာရှုဖို့ မလွယ်ပါဘူး။

http://www.dhammadownload.com



'တရားရှာ ကိုယ်မှာတွေ့' ဆိုတဲ့ စကားအတိုင်း အမှန်တကယ်ရှိတဲ့ ပရမတ်တရားတို့ကို ကိုယ်ခန္ဓာထဲမှာ ရှာရပါလိမ့်မယ်။ ကိုယ်ခန္ဓာထဲမှာ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာ နှစ်မျိုးစုံ ရှိပါတယ်။

ရုပ်ခန္ဓာဆိုတာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ စတဲ့ ရုပ် ၂၈ ပါးတို့ရဲ့ အပေါင်းအစု ဖြစ်ပါတယ်။ နာမ်ခန္ဓာဆိုတာ စိတ် ၈၉ ပါး (အကျယ် ၁၂၁ ပါး) နဲ့ စေတသိက် ၅၂ ပါးတို့ကို ရည်ညွှန်းပါတယ်။

ဒီပရမတ်တရားတွေမှာ အကောင်အထည် ပုံသဏ္ဍာန်တို့ မရှိဘူး၊ ခြေ လက် ဦး ခေါင်း စသည်တို့ကို ရုပ်ပဲလို့ မြင်သိတာမျိုးဟာ ပရမတ်ရုပ်ကို မြင်သိတာ မဟုတ်ဘူး။ ပန်းတစ်ပွင့်ကို မြင်လို့ မြင်မှန်းသိလိုက်တာဟာ ပရမတ်နာမ်ကို မြင်သိတာ မဟုတ်ဘူး။ ပညတ်သဘောတွေကို မြင်သိခြင်း ဖြစ်ပါတယ်။

**လယ်တီဆရာတော်ဘုရားရဲ့ "ကမ္မဋ္ဌာန်းကျမ်းကြီး"** စာမျက်နှာ ၂၈၃ မှာ ရေးပြထားတာက...

"မြင်းမိုရ်တောင်ကြီး တစ်ခုလုံး၌လည်းကောင်း၊ မဟာပထဝီ မြေကြီး တစ်ခုလုံး၌လည်းကောင်း ပရမတ် ပထဝီ သက်သက်ကို ကြည့်လိုသည်ရှိသော် အဏုမြူမျှ အထည်ဒြပ်မရှိ၊ ခက်မာသော အခြင်းအရာကြီးယာသဘော သက်သက်ကို ကွက်ခြား၍ သို့ရသည်။ အဏုမြူမျှ အထည်ဒြပ်မရှိဘဲ မှန်ထဲ၌ထင်သော အရိပ်ကြီးကဲ့သို့ ရေထဲ၌ထင်သော အရိပ်ကြီးကဲ့သို့ မြင်ရလိမ့်မည်။ အဏုမြူမျှလောက် အရှည်အတို အကြီးအငယ် အခဲအမာထင်၍လာလျှင် ပရမတ်ပထဝီအစစ် မဟုတ်ပြီ။ **သဏ္ဌာနပညတ် ဒြပ်အထည်နှင့် ရောခဲ့လျှင် ဖြစ်မှုပျက်မှု ရှုသော အခါ မထင်နိုင်ဘဲ နေတတ်သည်။"**

http://www.dhammadownload.com



ဤ၀ိဘတ်ကမ္မဋ္ဌာန်း၌ **အရှင်အာနန္ဒာကို အရှင်ပုဏ္ဏမထေရ်** ဆုံးမသောအခါ မှန်ရိပ်ဥပမာနှင့် ဆုံးမသည်။ ဤမှန်ရိပ်ဥပမာနှင့်ပင် အရှင်အာနန္ဒာ သောတာပန် ဖြစ်လေသည်။

အထက်ပါ ရေးသားချက်ကို ဆန်းစစ်လျှင် ပရမတ်တရားများကို ရှုရာမှာ အကောင်အထည် အပေါင်းအစု ဆိုတဲ့ သမူဟ ပညတ်၊ ပုံသဏ္ဌာန်ဆိုတဲ့ သဏ္ဌာန ပညတ်တို့ ရောစွက်လို့ မရဘူးဆိုတာ သိရပါတယ်။ ရောစွက်လျှင် ပရမတ်တရားတို့ရဲ့ ဖြစ်မှု ပျက်မှုကို ရှုတဲ့အခါ မထင်နိုင်ဘဲ ရှိတတ်တယ်လို့ ဆိုထားပါတယ်။

အကောင်အထည် ပုံသဏ္ဌာန်မရှိကြတဲ့ စိတ်၊ စေတသိက်၊ ရုပ် ဆိုတဲ့ ပရမတ် ရုပ်နာမ်တရားတို့ကို ထင်မြင်အောင် ဘယ်လိုရှုရမလဲလို့ မေးဖို့ ရှိပါတယ်။ ရှုမြင်နိုင်အောင် မြတ်စွာဘုရား နည်းညွှန်ပြထားပါတယ်။ ပရမတ်တရား တစ်ခုစီကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ဖြင့် ပိုင်းခြားပြီး ရှုတဲ့နည်း ဖြစ်ပါတယ်။

**ကမ္မဋ္ဌာန်း ကျမ်းကြီး**၊ စာမျက်နှာ ၂၄၂ မှာ ဒီလို ဖော်ပြထားပါတယ်။

"စိတ်၊ ဖဿ၊ ဝေဒနာ အစရှိသော နာမ်တရားတို့ကိုလည်းကောင်း၊ ပထဝီ၊ အာပေါ အစရှိသော ရုပ်တရားတို့ကိုလည်းကောင်း၊ ဓမ္မဝဝတ္ထာနဉာဏ်ဖြင့် အသီးသီး ခြားခြားနားနား ထင်မြင်သိမ်းဆည်းနိုင်ရန် အချက်ကား...

(က) လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဟူ၍ လေးပါးရှိ၏။

(ခ) ရသ သည် ကိစ္စရသ၊ သမ္ပတ္တိရသ ဟူ၍ နှစ်မျိုးရှိ၏။

(ဂ) ပစ္စုပဋ္ဌာန်သည် ဖလ ပစ္စုပဋ္ဌာန်၊ ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန် ဟူ၍ နှစ်မျိုးရှိ၏။"

http://www.dhammadownload.com



ဒါကြောင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဖဿ၊ ဝေဒနာ စတဲ့ ရုပ်တရား နာမ်တရား တစ်ခုစီ တစ်ခုစီကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ဖြင့် ပိုင်းခြားပြီး ရှုမြင်နိုင်မှ ဓမ္မဝဝတ္ထာန ဉာဏ်ဖြင့် အရှိကို အရှိအတိုင်း တိတိကျကျ မြင်သိတယ်လို့ ဆိုနိုင်ပါတယ်။

(၁) လက္ခဏာ (လက္ခဏ) ဆိုတာ ပရမတ်တရား တစ်ခုစီကို သိကြောင်း ဖြစ်တဲ့ အမှတ်အသား ဖြစ်ပါတယ်။

(၂) ပရမတ်တရား တစ်ခုစီရဲ့ ပြုဖွယ်ကိစ္စကို ကိစ္စရသ လို့ ခေါ်ပြီး အကြောင်းစုံညီလို့ ဖြစ်ပေါ်လာခြင်းကို သမ္ပတ္တိရသ လို့ ခေါ်တယ်။

(၃) ကိစ္စရသ ကြောင့် ရထိုက်တဲ့ အကျိုးကို ဖလပစ္စုပဋ္ဌာန်လို့ ခေါ်တယ်။ ထိုပရမတ်တရားကို ဆင်ခြင်တဲ့ ယောဂီရဲ့ ဉာဏ်မှာ ထင်မြင်တဲ့ အခြင်းအရာကို ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်လို့ ခေါ်တယ်။

(၄) ပဒဋ္ဌာန် ဆိုတာ ပရမတ်တရား တစ်ခုစီကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားများအနက် အနီးကပ်ဆုံး အကြောင်းတရားကို ရည်ညွှန်းပါတယ်။

ရုပ်တရားအချို့နဲ့ နာမ်တရားအချို့တို့ကို နမူနာ ဖော်ပြပါမယ်။

**၁။ ပထဝီ** - ခက်မာခြင်းသဘော (လက္ခဏာ)
- ရုပ်ကလာပ်အတွင်း ယှဉ်ဖက်တရားတို့ရဲ့ တည်ရာ ဖြစ်ခြင်း (ကိစ္စရသ)
- ယှဉ်ဖက်တရားတို့ကို အောက်က ခံထားတဲ့ သဘော (ပစ္စုပဋ္ဌာန်)
- ကလာပ်တူ ရုပ်ကလာပ်အတွင်းရှိ ကျန် ဓာတ်ကြီး သုံးပါး (ပဒဋ္ဌာန်)

http://www.dhammadownload.com



၂။ အာပေါ
- ယိုစီးခြင်းသဘော (လက္ခဏာ)
- အတူဖြစ်ဖက် ရုပ်တရားတို့ကို တိုးပွားစေခြင်း (ကိစ္စရသ)
- အတူဖြစ်ဖက် ရုပ်တရားတို့ကိုဖွဲ့စည်းခြင်းသဘော (ပစ္စုပဋ္ဌာန်)
- ကလာပ်တူ ရုပ်ကလာပ်တစ်ခုအတွင်းရှိ ကျန်ဓာတ်ကြီး သုံးပါး (ပဒဋ္ဌာန်)

၃။ တေဇော
- ပူမှု အေးမှုသဘော (လက္ခဏာ)
- ယှဉ်ဖက်တရားတို့ကို ရင့်ကျက်စေခြင်း (ကိစ္စရသ)
- ယှဉ်ဖက် ရုပ်တရားတို့ကို နူးညံ့အောင် လျော်စွာ ပြုပြင်ပေးခြင်းသဘော (ပစ္စုပဋ္ဌာန်)
- ကလာပ်တူ ရုပ်ကလာပ်တစ်ခုအတွင်းရှိ ကျန်ဓာတ်ကြီး သုံးပါး (ပဒဋ္ဌာန်)

၄။ ဝါယော
- ထောက်ကန်မှုသဘော (လက္ခဏာ)
- တွန်းကန်ခြင်း၊ ရွေ့လျားစေခြင်း (ကိစ္စရသ)
- ယှဉ်ဖက် ရုပ်တို့ကို တစ်နေရာမှ တစ်နေရာသို့ ရွေးရှသယ်ဆောင်ပေးခြင်းသဘော (ပစ္စုပဋ္ဌာန်)
- ကလာပ်တူ ရုပ်ကလာပ်တစ်ခုအတွင်းရှိ ကျန် ဓာတ်ကြီးသုံးပါး (ပဒဋ္ဌာန်)

http://www.dhammadownload.com



၅။ **ဝိညာဏ်** (စိတ်အားလုံး)
- အာရုံကို သိခြင်း၊ ရယူခြင်းသဘော (လက္ခဏာ)
- အာရုံသိမှု၌ ပဓာန ခေါင်းဆောင်ဖြစ်ခြင်း (ရသ)
- စိတ်အစဉ် မပြတ်အောင် နောက်နောက်စိတ်ကို ဖွဲ့စပ်တတ်တဲ့သဘော(ပစ္စုပဋ္ဌာန်)
- ယှဉ်ဖက် စေတသိက်များနှင့် မိုရာဝတ္ထုရုပ် (ပဒဋ္ဌာန်)

၆။ **ဘဝင်စိတ်**
- အတိတ် မရဏာသန္နအာရုံကို သိခြင်း ရယူခြင်း သဘော (လက္ခဏာ)
- စိတ်အစဉ်မပြတ်အောင် ဘဝရဲ့ အကြောင်းတရား အဖြစ် တည်နေတဲ့သဘော (ကိစ္စရသ)
- စိတ်အစဉ် မပြတ်အောင် စိတ်အစဉ်ကို ဆက်စပ်ပေးတတ်သော သဘော (ပစ္စုပဋ္ဌာန်)
- ယှဉ်ဖက် စေတသိက်များနှင့် မိုရာ ဝတ္ထုရုပ် (ပဒဋ္ဌာန်)

၇။ **ပဥ္စဒွါရဝဇ္ဇန်း**– (ဆင်ခြင်စိတ်)
- စက္ခုဝိညာဏ်ရဲ့ ရှေ့သွားဖြစ်ပြီး ရူပါရုံကို သိခြင်း၊ ရယူခြင်းသဘော (လက္ခဏာ)
- ရူပါရုံကို ဆင်ခြင်ခြင်း (ကိစ္စရသ)
- ရူပါရုံဘက်သို့ ရှေးရှုမျက်နှာမူခြင်းသဘော (ပစ္စုပဋ္ဌာန်)

http://www.dhammadownload.com



– ဘဝင်စိတ် ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)
(သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့အတွက် နည်းတူရှုရန်)

၈။ **စက္ခုဝိညာဏ်** – ရူပါရုံကို ရယူခြင်း၊ မြင်ခြင်းသဘော
(မြင်သိစိတ်) (လက္ခဏာ)
– ရူပါရုံဟူသည့် အဆင်းမျှကိုသာ အာရုံပြုခြင်း၊ သိခြင်း (ကိစ္စရသ)
– ရူပါရုံဘက်သို့ ရှေးရှုမျက်နှာမူခြင်း (ပစ္စုပဋ္ဌာန်)
– ပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)

၉။ **သမ္ပဋိစ္ဆိုန်း** – စက္ခုဝိညာဏ်ရဲ့ အခြားမဲ့မှာဖြစ်ပြီး
(အာရုံလက်ခံစိတ်) အာရုံကိုသိခြင်းသဘော (လက္ခဏာ)
– ရူပါရုံ (သဒ္ဒါရုံ၊ ဂန္ဓာရုံ...,...) ကို လက်ခံခြင်း (ကိစ္စရသ)
– ရူပါရုံ (သဒ္ဒါရုံ၊ ဂန္ဓာရုံ......) ကို လက်ခံတတ်သော သဘော (ပစ္စုပဋ္ဌာန်)
– စက္ခုဝိညာဏ်စိတ် ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)

၁၀။ **သန္တီရဏ** – အာရုံကို ရယူခြင်း သိခြင်းသဘော
(အာရုံစူးစမ်းစိတ်) (လက္ခဏာ)
– ရူပါရုံ (သဒ္ဒါရုံ၊ ဂန္ဓာရုံ...) ကို စူးစမ်းခြင်း (ကိစ္စရသ)

http://www.dhammadownload.com



– ရူပါရုံ(သဒ္ဒါရုံ၊ ဂန္ဓာရုံ...)ကို စူးစမ်းတတ်သော သဘော(ပစ္စုပဋ္ဌာန)
– မိမိ၏ မှီရာဖြစ်ရာ ဟဒယဝတ္ထု(ပဒဋ္ဌာန်)

၁၁။ **ဝုဋ္ဌော** (အာရုံဆုံးဖြတ်စိတ်) – အာရုံကို ရယူခြင်း သိခြင်းသဘော (လက္ခဏာ)
– ရူပါရုံ(သဒ္ဒါရုံ၊ ဂန္ဓာရုံ......)ကို ကောင်းမကောင်း ဆုံးဖြတ်ခြင်း(ကိစ္စရသ)
– ရူပါရုံ(သဒ္ဒါရုံ၊ ဂန္ဓာရုံ......)ကို ဣဋ္ဌ၊ အနိဋ္ဌ စသည် ဆုံးဖြတ်တတ်တဲ့ သဘော(ပစ္စုပဋ္ဌာန်)
– သန္တီရဏစိတ် ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)

ဝုဋ္ဌောရဲ့ ဆုံးဖြတ်ခြင်းကို ယောနိသော မနသိကာရ(သင့်တင့်စွာ နှလုံးသွင်းမှု)၊ အယောနိသော မနသိကာရ(မသင့်မတင့် နှလုံးသွင်းမှု)လို့ ခေါ်ပါတယ်။

၁၂။ **ဇောစိတ်များ**– အာရုံရဲ့ အရသာကို ခံစားတတ်တဲ့ စိတ်များ

ဝုဋ္ဌောက သင့်တင့်လျောက်ပတ်စွာ ဆုံးဖြတ်ရင် ကုသိုလ်ဇောစိတ်များ ဖြစ်ပြီး မသင့်မတင့် ဆုံးဖြတ်ရင် အကုသိုလ် ဇောစိတ်များ ဖြစ်ပါတယ်။

**(က) ကုသိုလ်ဇော** – အပြစ်မရှိခြင်း၊ ကောင်းကျိုးပေးခြင်း သဘော(လက္ခဏာ)

http://www.dhammadownload.com



- အကုသိုလ်ကို ဖျက်ဆီးခြင်း (ရသ)
- စိတ်အစဉ်ကို ဖြူစင်စေတတ်တဲ့ သဘောတရား (ပစ္စုပဋ္ဌာန်)
- ယောနိသော မနသိကာရ (ပဒဋ္ဌာန်)

**(ခ) အကုသိုလ်ဇော** – အပြစ်ရှိခြင်း၊ မကောင်းကျိုးပေးခြင်း (လက္ခဏာ)
- အကျိုးမဲ့ကို ဖြစ်စေခြင်း (ရသ)
- စိတ်အစဉ်ကို ညစ်နွမ်းစေတတ်တဲ့ သဘော (ပစ္စုပဋ္ဌာန်)
- အယောနိသော မနသိကာရ (ပဒဋ္ဌာန်)

**၁၃။ တဒါရုံ (ဇောနောက်လိုက်စိတ်)** – အာရုံကိုရယူခြင်း သိခြင်းသဘော (လက္ခဏာ)
- ဇောသိတဲ့အာရုံနောက်သို့ လိုက်ပြီး အာရုံခံစားခြင်း (ရသ)
- ဇောသိတဲ့ အာရုံနောက် လိုက်ပြီး အာရုံခံစားခြင်းသဘော (ပစ္စုပဋ္ဌာန်)
- ဇောစိတ် ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)

**၁၄။ ဝေဒနာ** – အာရုံရဲ့အရသာကို ခံစားခြင်းသဘော။ အာရုံကောင်းရင် သုခဝေဒနာ၊ မကောင်းရင် ဒုက္ခဝေဒနာ၊ အလယ်အလတ် ရိုးရိုးအာရုံဖြစ်ရင် ဥပေက္ခာဝေဒနာ အသီးသီး ဖြစ်ပေါ်ကြပါတယ်။

http://www.dhammadownload.com



(က) သုခဝေဒနာ– ဣဋ္ဌဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းသဘော (လက္ခဏာ)
– ယှဉ်ဖက် စိတ်စေတသိက်တို့ကို လွန်စွာ တိုးပွားစေခြင်း (ရသ)
– ခန္ဓာကိုယ်မှာဖြစ်တဲ့ သာယာခြင်းသဘော (ပစ္စုပဋ္ဌာန်)
– ကိုယ်အကြည်ဓာတ် (ကာယိန္ဒြေ) (ပဒဋ္ဌာန်)

(ခ) ဒုက္ခဝေဒနာ – အနိဋ္ဌဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းသဘော (လက္ခဏာ)
– ယှဉ်ဖက် စိတ်စေတသိက်တို့ကို ညှိုးကျုံ့စေခြင်း (ရသ)
– ခန္ဓာကိုယ်မှာဖြစ်တဲ့ နှိပ်စက်ခြင်းသဘော (ပစ္စုပဋ္ဌာန်)
– ကိုယ်အကြည်ဓာတ် (ကာယိန္ဒြေ) (ပဒဋ္ဌာန်)

(ဂ) ဥပေက္ခာဝေဒနာ – အလယ်အလယ် မဇ္ဈတ္တာရုံကို လျစ်လျူရှုပြီး ခံစားခြင်းသဘော (လက္ခဏာ)
– ယှဉ်ဖက် စိတ်စေတသိက်တို့ကို မတိုးပွားစေလွန်း၊ မညှိုးကျုံ့စေလွန်းခြင်း (ရသ)

http://www.dhammadownload.com



– ငြိမ်သက်တဲ့ သဘောတရား (ပစ္စုပဋ္ဌာန်)
– ပီတိမယှဉ်သော စိတ် (ပဒဋ္ဌာန်)

ပရမတ်တရားတို့ဟာ တစ်ခုချင်း ဖြစ်ပေါ်ခြင်းလည်း မရှိ၊ အထီးတည်း ရပ်တည်နိုင်စွမ်းလည်း မရှိ၊ ရုပ်တရားတို့ဟာ အနည်းဆုံး ရုပ်ရှစ်ခုပေါင်းစုပြီး ရုပ်ကလာပ်အနေနဲ့ ဖြစ်ပျက်ကြရတယ်။ စိတ်ကလည်း မိမိတစ်ခုတည်း ဖြစ်ပျက်လို့ မရဘူး။ အနည်းဆုံး စေတသိက် ခုနစ်လုံးနှင့် အတူတကွ ယှဉ်တွဲပြီး ဖြစ်ပျက်ရတယ်။

ပြီးတော့ စိတ်တို့ဟာ မျက်စိတစ်မိတ် လျှပ်တစ်ပြက်ကာလ အတွင်းမှာ ကုဋေတစ်သိန်းကျော် ဖြစ်ပျက်ကြတယ်လို့ အဘိဓမ္မာမှာ ဖော်ပြထားတယ်။ ရုပ်တို့ရဲ့သက်တမ်းက စိတ်သက်တမ်းထက် ၁၇ ဆ ပိုရှည်ကြာလို့ ရုပ်တို့ကလည်း အလွန့်အလွန် လျင်မြန်စွာ ဖြစ်ပျက်နေကြပါတယ်။ ဒါလောက် လျင်မြန်စွာ ဖြစ်ပျက်နေကြတဲ့ ပရမတ်တရားများကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ဖြင့် ပိုင်းခြားပြီး ဘယ်လို ကြည့်ရှုရပါ့မလဲ။

အလွန်တရာ သိမ်မွေ့လှတဲ့ ပရမတ်တရားတို့ကို "သမာဓိ အဏုကြည့် မှန်ပြောင်း" နဲ့ မကြည့်ရင် ဘယ်လိုမှ မမြင်နိုင်ပါဘူး။ ပြီးတော့ မြင်အောင် ရှုတတ်တဲ့ 'ရှုနည်းပညာ' လည်း လိုအပ်ပါတယ်။ သာသနာပ အခါမှာ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်များ ရှိကြပေမယ့် ပရမတ်တရားများကို နည်းမှန် လမ်းမှန် မရှုတတ်လို့ မင်္ဂဖိုလ် မရကြပါဘူး။

http://www.dhammadownload.com



## ဝိပဿနာရှုရမယ့် ရုပ်နာမ်တရား

ခန္ဓာကိုယ်မှာ တရားရှာတဲ့အခါ ခန္ဓာကိုယ်ကို ဖွဲ့စည်းထားတဲ့ ရုပ်တရားနဲ့ နာမ်တရားများကို ပိုင်းပိုင်းခြားခြား သိရှိအောင် ဝိပဿနာ ရှုရပါတယ်။ လောကသုံးပါးမှာ ဝိပဿနာရှုရမယ့် ရုပ်တရား နာမ် တရားများကို **ဥပဒါဒါနက္ခန္ဓာ** ငါးပါးအဖြစ် မြတ်စွာဘုရား ဟော ကြားထားတော်မူပါတယ်။

(၁) **ရူပုပါဒါနက္ခန္ဓာ** = ရုပ် ၂၈ ပါးတို့ရဲ့အပေါင်းအစု၊

(၂) **ဝေဒနုပါဒါနက္ခန္ဓာ** = လောကီ စိတ်များမှာ ယှဉ်ကြတဲ့ ဝေဒနာတို့ရဲ့ အပေါင်းအစု၊

(၃) **သညုပါဒါနက္ခန္ဓာ** = လောကီစိတ်များမှာ ယှဉ်ကြတဲ့ သညာ (မှတ်သားခြင်းသဘော) တို့ရဲ့ အပေါင်းအစု၊

(၄) **သင်္ခါရုပါဒါနက္ခန္ဓာ** = ဝေဒနာနှင့် သညာတို့မှအပ ဖြစ်တဲ့ လောကီစေတသိက် ၅၀ တို့ရဲ့ အပေါင်းအစု၊

(၅) **ဝိညာဏုပါဒါနက္ခန္ဓာ** = လောကီစိတ် ၈၁ ပါးတို့ရဲ့ အပေါင်းအစု၊

အထက်ပါ ရုပ်တရား နာမ်တရားတို့ကို ပေါင်းစုယူတဲ့နေရာမှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ အဇ္ဈတ္တ (မိမိကိုယ်တွင်း)၊ ဗဟိဒ္ဓ (မိမိကိုယ် ပြင်ပ)၊ ဩဠာရိက (ကြမ်းတမ်းသော)၊ သုခုမ (သိမ်မွေ့သော)၊ ဟီန (ယုတ်ညံ့သော)၊ ပဏီတ (မြတ်သော)၊ ဒူရေ (ဉာဏ်နှင့်ဝေးသော)၊ သန္တိကေ (ဉာဏ်နှင့်နီးသော) ဆိုတဲ့ အခြင်းအရာ ၁၁ မျိုးနဲ့ ပေါင်းစုယူ ရမယ် (ဝိသုဒ္ဓိမဂ်မြန်မာပြန်–၂၊ ၃၆၁–၃၆၂)။

တစ်ဖန် ၎င်းဝိသုဒ္ဓိမဂ်မှာ ရှင်းပြထားတာက ရုပ်တရားမှာအဒ္ဓါ၊

http://www.dhammadownload.com



သန္တတိ၊ သမယ၊ ခဏတို့ရဲ့ အစွမ်းဖြင့် အတိတ်ရုပ် လေးပါး၊ အနာဂတ်ရုပ် လေးပါး၊ ပစ္စုပ္ပန်ရုပ် လေးပါး ထပ်ကွဲပါတယ်။ **အဒ္ဓါ**အစွမ်းဖြင့် ခွဲပုံက သတ္တဝါတစ်ဦးရဲ့ တစ်ဘဝမှာ ပဋိသန္ဓေနဲ့ စုတိအကြားရှိရုပ်ကို ပစ္စုပ္ပန်လို့ သတ်မှတ်ပြီး ပဋိသန္ဓေမတိုင်မီ ဖြစ်ခဲ့တဲ့ ရုပ်တွေကိုအတိတ်ရုပ်၊ စုတိ (သေ) ပြီးတဲ့နောက် ဖြစ်မယ့်ရုပ်တို့ကို အနာဂတ်ရုပ်လို့ ခေါ်ပါတယ်။

**သန္တတိ** ဆိုတဲ့ ရှေ့နောက်အစဉ်ရဲ့ အစွမ်းအားဖြင့် ရုပ်ကို ခွဲပုံက ဥတုတစ်ခုကို အကြောင်းပြုပြီး ဆင့်ကဲဆင့်ကဲ ဖြစ်လာကြတဲ့ ဥတုဇရုပ် အစဉ်အတန်းတစ်ခုကို ပစ္စုပ္ပန်လို့ ခေါ်တယ်။ အဲဒီရုပ်အစဉ်အတန်းရဲ့ ရှေ့က မတူတဲ့ ဥတုကြောင့်ဖြစ်တဲ့ ရုပ်များကို အတိတ်ရုပ်၊ သန္တတိရုပ် အစဉ်အတန်းရဲ့နောက်က မတူတဲ့ ဥတုကြောင့် ဖြစ်တဲ့ ရုပ်များကို အနာဂတ ရုပ်လို့ ခေါ်ပါတယ်။ အလားတူပဲ အာဟာရ တစ်ခုကို အကြောင်းပြုပြီး ဆင့်ကဲဆင့်ကဲ ဖြစ်ပွားကြတဲ့ အာဟာရဇရုပ် အစဉ်အတန်းတစ်ခုကို ပစ္စုပ္ပန်ရုပ်လို့ ခေါ်တယ်။ ထိုအစဉ်အတန်းရဲ့ ရှေ့က မတူတဲ့ အာဟာရကြောင့် ဖြစ်တဲ့ ရုပ်တို့ကို အတိတ်ရုပ်၊ နောက်က မတူတဲ့ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တို့ကို အနာဂတ်ရုပ်လို့ ခေါ်တယ်။

အာရုံတစ်ခုကိုသိဖို့အတွက် ဖြစ်ပေါ်ရတဲ့ စိတ်အစဉ်အတန်း တစ်ခုကို ဝီထိလို့ ခေါ်တယ်။ ထိုဝီထိတစ်ခုအတွင်းရှိ စိတ်တို့ကြောင့် ဖြစ်ပေါ်ကြတဲ့ စိတ္တဇရုပ်များကို ပစ္စုပ္ပန်ရုပ်လို့ ခေါ်ပါတယ်။ ထိုပစ္စုပ္ပန်ရုပ်တို့ရဲ့ ရှေ့က ဖြစ်ခဲ့တဲ့ စိတ္တဇရုပ်များကို အတိတ်ရုပ်လို့ ခေါ်ပြီး နောက်က ဖြစ်မယ့် ရုပ်များကို အနာဂတ်ရုပ်လို့ သတ်မှတ်ပါတယ်။

**သမယ**ရဲ့ အစွမ်းအားဖြင့် ခွဲပုံက တစ်ခုသော နံနက်၊ ညနေ၊ ညဉ့်၊ နေ့အဖို့၌ ဖြစ်ပျက်ကြတဲ့ ရုပ်များကို ပစ္စုပ္ပန်ရုပ်လို့ ခေါ်တယ်။ ထို

http://www.dhammadownload.com



ပစ္စုပ္ပန်ရဲ့ရှေ့က ဖြစ်ခဲ့တဲ့ ရုပ်များကို အတိတ်ရုပ်၊ ထိုပစ္စုပ္ပန်ရဲ့နောက်မှ ဖြစ်တဲ့ရုပ်များကို အနာဂတ်ရုပ်လို့ ခေါ်တယ်။

**ခဏ**ရဲ့အစွမ်းအားဖြင့် ခွဲပုံက ရုပ်တို့ရဲ့ ဖြစ်ဆဲအခိုက်ကို ဥပါဒ်ခဏ၊ တည်ဆဲ အခိုက်ကို ဌီခဏ၊ ပျက်ဆဲအခိုက်ကို ဘင်ခဏလို့ ခေါ်တယ်။ အဲဒီ ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ် သုံးချက်မှာ အကျုံးဝင်တဲ့ ရုပ်ကို ပစ္စုပ္ပန်ရုပ် မည်တယ်။ ထိုပစ္စုပ္ပန်ရုပ်ရဲ့ ရှေ့က ဖြစ်ခဲ့တဲ့ ရုပ်များကို အတိတ်ရုပ်၊ ထိုပစ္စုပ္ပန်ရဲ့နောက်မှဖြစ်မယ့်ရုပ်များကို အနာဂတ်ရုပ်လို့ ခေါ်ပါတယ်။

နာမ်တရားများကိုလည်း ရုပ်တရားနည်းတူ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ပိုင်းခြားနိုင်ပါတယ်။ **သန္တတိ** အစွမ်းဖြင့် ခွဲခြားရာမှာ အဆင်း၊ အသံ စတဲ့ အာရုံတစ်ခုခုကို သိဖို့အတွက် ဖြစ်ပေါ်ရတဲ့ ဝီထိတစ်ခု အတွင်းရှိ စိတ်၊ ဝေဒနာ၊ သညာ၊ စေတနာနဲ့ ကျန် စေတသိက်များကို ပစ္စုပ္ပန်နာမ်လို့ ခေါ်ပြီး ထိုပစ္စုပ္ပန် နာမ်မတိုင်မီ ဖြစ်ခဲ့တဲ့ နာမ်တရားများကို အတိတ်၊ ထိုပစ္စုပ္ပန်နာမ် နောက်မှ ဖြစ်မယ့် နာမ်တရားများကို အနာဂတ်လို့ သတ်မှတ်ပါတယ်။

**ခဏအစွမ်းဖြင့်** ပိုင်းခြားရာမှာ စိတ်တစ်လုံးစီရဲ့ ဥပါဒ်၊ ဌီ၊ ဘင် ဆိုတဲ့ ခဏငယ်သုံးချက်အတွင်းရှိနာမ်တရားများကို ပစ္စုပ္ပန်၊ ထိုပစ္စုပ္ပန် ရှေ့က နာမ်တရားများကိုအတိတ်၊ နောက်နာမ်တရားများကို အနာဂတ်လို့ သတ်မှတ်ပါတယ်။

**ရုပ်တရား နာမ်တရားတို့ရဲ့ ဥပါဒ်၊ ဌီ၊ ဘင် ဆိုတဲ့ ခဏငယ် သုံးချက် ကာလတာဟာ အလွန်တရာ တိုတောင်းလှပါတယ်။ ဒါလောက် တိုတောင်းတဲ့ ကာလအတွင်းမှာ ဖြစ်၊ ပျက်သွားကြတဲ့ ရုပ်တရား နာမ်တရားများကို ရှုမြင်နိုင်ဖို့ဆိုတာ အလွန်တရာ ခက်ခဲလှပါတယ်။**

http://www.dhammadownload.com



**သမာဓိကောင်းပြီး အလွန်ထက်မြက်တဲ့ ဘာဝနာစိတ်နဲ့ ရှုမှ မြင်နိုင်မှာ ပါ။ ဒီလို ရှုနိုင်တာကိုမှ ခဏပစ္စုပ္ပန်ဆိုက်အောင် (ပစ္စုပ္ပန်တည့်တည့်) ရှုနိုင်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလို ရှုနိုင်တဲ့အခါမှ ရုပ်တရား၊ နာမ် တရားတို့ရဲ့ အနိစ္စလက္ခဏာဟာ ပေါ်လွင်ထင်ရှားလာပါတယ်။**

**အပရိဇာနန သုတ္တန်** (သံ ၂၊ ၂၄၉-၂၅၀) မှာ ဖော်ပြထားတာက "ရဟန်းတို့...အလုံးစုံသော ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော ရုပ် တရား နာမ်တရားတို့ကို...

(၁) ဉာတပရိညာပညာဖြင့် ထိုးထွင်းပြီး မသိခဲ့သော်၊
(၂) တီရဏပရိညာပညာဖြင့် ပိုင်းခြားပြီး မသိခဲ့သော်၊
(၃) ပဟာနပရိညာပညာဖြင့် ထိုရုပ်နာမ်တို့အပေါ်၌ တွယ်တာ တပ်မက်နေသော တဏှာကို မကင်းပြတ်စေနိုင်ခဲ့သော်၊

ဆင်းရဲဒုက္ခကုန်ခြင်းငှာ မထိုက်။

"ရဟန်းတို့ စင်စစ်သော်ကား၊ အလုံးစုံသော ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော ရုပ်တရား နာမ်တရားတို့ကို...

(၁) ဉာတပရိညာဖြင့် ထိုးထွင်းပြီး သိခဲ့သော်၊
(၂) တီရဏပရိညာဖြင့် ပိုင်းခြားပြီး သိခဲ့သော်၊
(၃) ပဟာနပရိညာပညာဖြင့် ထိုရုပ်နာမ်တို့အပေါ်၌ တွယ်တာ တပ်မက်နေသော တဏှာကို ကင်းပြတ်စေနိုင်ခဲ့သော်၊

ဆင်းရဲဒုက္ခ ကုန်ခြင်းငှာ ထိုက်၏။"

**ဝိသုဒ္ဓိမဂ် မဟာဋီကာ** (၂၊ ၃၅၈)မှာ ထိုအပရိဇာနန သုတ္တန်ကို ကိုးကားပြီးတော့ "ဝိပဿနာဉာဏ်ရဲ့ အာရုံခံအာရုံဖြစ်တဲ့ ထိုအလုံးစုံ သော ဥပါဒါနက္ခန္ဓာငါးပါးဆိုတဲ့ ရုပ်တရား နာမ်တရားများကို အကြွင်း

http://www.dhammadownload.com



အကျန် မရှိ ကုန်စင်အောင် ပိုင်းခြားပြီး သိရမယ်၊ **ယင်း တရားတို့အပေါ်မှာ တွယ်တာတပ်မက်နေတဲ့ တဏှာကင်းပြတ်သွားအောင် ယင်းတရားအားလုံးကို လက္ခဏာယာဉ် သုံးချက်တင်ပြီး ဝိပဿနာရှုရမယ်**" လို့ ညွှန်ကြားထားပါတယ်။

အထက်ပါ ဟောကြားချက် ညွှန်ကြားချက်နဲ့အညီ တဏှာ ကင်းပြတ်ပြီး ဆင်းရဲဒုက္ခငြိမ်းအေးစေလိုရင် ဥပါဒါနက္ခန္ဓာ ငါးပါးစလုံးကို ထိုးထွင်းပြီး ပိုင်းခြားသိအောင် ရှုရပေတော့မယ်။ ဘယ်လိုရှုရမလဲ။

"ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော"

ပရမတ်တရားတို့ကို အရှိကို အရှိအတိုင်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ဖို့အတွက် နည်းလမ်း ညွှန်ပြတတ်တဲ့ ဆရာသမားကောင်းကို ရှာရမယ်။

အဲသလို ဆရာသမားကောင်းထံမှာ နည်းခံပြီး ရှုပွားရင် မပင်မပန်း ချမ်းသာလွယ်ကူစွာ လျင်မြန်ထိရောက်စွာ ရှုပွားနိုင်ပါလိမ့်မယ်။

## ရုပ်ကမ္မဋ္ဌာန်းရှုနည်း

ဥပါဒါနက္ခန္ဓာမှာ အကျုံးဝင်တဲ့ ရုပ် ၂၈ ပါးကို ပိုင်းပိုင်းခြားခြား မြင်သိအောင် ရှုပွားတဲ့ ဘာဝနာကို ရုပ်ကမ္မဋ္ဌာန်းရှုတယ်လို့ ခေါ်ပါတယ်။

ရုပ် ၂၈ ပါးအနက် ကြီးကျယ်ထင်ရှားလို့ မဟာဘူတ = မဟာဘုတ် လို့ အမည်ရတဲ့ အခြေခံဘူတရုပ် လေးပါးကို ဓာတ်ကမ္မဋ္ဌာန်းရှုစဉ်က ရှုခဲ့ပြီးဖြစ်ပါတယ်။ ဒီဘူတရုပ် လေးပါးကို မှီပြီးဖြစ်ကြတဲ့ ဥပါဒါရုပ် ၂၄ ပါးကို အဘိဓမ္မာမှာ လာတဲ့အတိုင်း ဖော်ပြပါမယ်။

http://www.dhammadownload.com



## ပသာဒရုပ် ၅ပါး အကြည်ရုပ်ငါးပါး

၁။ စက္ခုပသာဒ = မျက်စိအကြည် (ရူပါရုံထင်ရာ စက္ခုဒွါရ)
၂။ သောတပသာဒ = နားအကြည် (သဒ္ဒါရုံထင်ရာသောတဒွါရ)
၃။ ဃာနပသာဒ = နှာအကြည် (ဂန္ဓာရုံထင်ရာ ဃာနဒွါရ)
၄။ ဇိဝှာပသာဒ = လျှာအကြည် (ရသာရုံထင်ရာ ဇိဝှာဒွါရ)
၅။ ကာယပသာဒ = ကိုယ်အကြည် (ဖောဋ္ဌဗ္ဗာရုံထင်ရာ ကာယဒွါရ)

"ဒွါရ" ဆိုတာ အာရုံဝင်ရောက်ရာ တံခါးပေါက်ကို ဆိုလိုတယ်။

## ဂေါစရရုပ် ၅ပါး အာရုံရုပ် ငါးပါး

၁။ ရူပါရုံ = အဆင်း = အရောင် = ဝဏ္ဏ
၂။ သဒ္ဒါရုံ = အသံ = သဒ္ဒ
၃။ ဂန္ဓာရုံ = အနံ့ = ဂန္ဓ
၄။ ရသာရုံ = အရသာ = ရသ
၅။ ဖောဋ္ဌဗ္ဗာရုံ = အထိအတွေ့ = ဖောဋ္ဌဗ္ဗ

ဖောဋ္ဌဗ္ဗာရုံရဲ့ တရားကိုယ်က ပထဝီ၊ တေဇော၊ ဝါယောတို့ ဖြစ်ကြတယ်။ ဒီရုပ်သုံးပါးက မဟာဘုတ်လေးပါးမှာ ပါဝင်ခဲ့ပါတယ်။

## ဘာဝရုပ် နှစ်ပါး

၁။ ဣတ္ထိဘာဝရုပ် = အမျိုးသမီးသဘာဝဖြစ်စေတဲ့ရုပ်၊
၂။ ပုရိသဘာဝရုပ် = ပုမ္ဘာဝရုပ် = အမျိုးသား သဘာဝ ဖြစ်စေတဲ့ရုပ်၊

http://www.dhammadownload.com



ဘာဝရုပ် နှစ်ပါးဟာ ယောကျ်ား၊ မိန်းမ (ဝါ) အထီး၊ အမ သတ္တဝါ များ ဖြစ်ပေါ်အောင် ခွဲခြားပေးကြပါတယ်။

## ဟဒယဝတ္ထုရုပ် တစ်ပါး

၁။ ဟဒယဝတ္ထု = မနောဓာတ်နှင့် မနောဝိညာဏဓာတ်လို့ အမည်ရကြတဲ့ စိတ်တို့မှီရာ ရုပ် (နှလုံးသွေးထဲပျံ့နှံ့နေတယ်။)

## ဇီဝိတရုပ် တစ်ပါး

၁။ ဇီဝိတရုပ် = သက်စောင့်ရုပ် = ရုပ်အသက် ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တို့မှာ 'ရုပ် အသက်' အနေနဲ့ ဇီဝိတရုပ် ပါရှိတယ်။

## အာဟာရရုပ် တစ်ပါး

၁။ ဩဇာ = ကဗဠီကာရအာဟာရ = ဝါးမျိုအပ်တဲ့ အစားအစာမှာပါတဲ့ အဆီ = အနှစ် = ဩဇာ

## ပရိစ္ဆေဒရုပ် တစ်ပါး

၁။ အာကာသဓာတ် = ရုပ်ကလာပ်များကို ပိုင်းခြားပေးတဲ့ရုပ်၊ ရုပ်ကလာပ်တို့ရဲ့ အကြားအပေါက်။

## ဝိညတ်ရုပ် နှစ်ပါး

၁။ ကာယဝိညတ် = ကိုယ်ဖြင့်သိစေတဲ့ ကိုယ်အမူအရာအထူး၊

၂။ ဝစီဝိညတ် = နှုတ် (စကားဖြင့်) သိစေတဲ့ နှုတ်အမူအရာ အထူး။

http://www.dhammadownload.com



မိမိ၏အလိုဆန္ဒကို သူတစ်ပါးတို့အား
သိစေတတ်တဲ့ အမူအရာအထူးကို
ဝိညတ်လို့ ခေါ်ပါတယ်။

**ဝိကာရရုပ် သုံးပါး**

၁။ လဟုတာရုပ် = ရုပ်တို့ရဲ့ ပေါ့ပါးမှုသဘော၊
၂။ မုဒုတာရုပ် = ရုပ်တို့ရဲ့ နူးညံ့မှုသဘော၊
၃။ ကမ္မညတာရုပ် = ရုပ်တို့ရဲ့ကောင်းမွန်ခံ့ညားခြင်းသဘော။
ဝိကာရဆိုတာ ရုပ်တို့ရဲ့ ထူးခြားတဲ့
အမူအရာကို ဆိုလိုပါတယ်။

**လက္ခဏာရုပ် လေးပါး**

၁။ ဥပစယရုပ် = ဘဝတစ်ခုမှာ ရှိထိုက်သမျှ ရုပ်များ ပြည့်စုံသည့်တိုင်အောင် ရုပ်အစ္စစ်တို့ရဲ့ ဖြစ်ခြင်းသဘော၊
၂။ သန္တတိရုပ် = ဘဝတစ်ခုမှာ ရထိုက်သမျှ ရုပ်များ ပြည့်စုံပြီးတဲ့နောက် ရုပ်အစစ်တို့ရဲ့ ဆက်လက်ဖြစ်ပေါ်ခြင်း သဘော၊
၃။ ဇရတာရုပ် = ရုပ်အစစ်တို့ရဲ့ ရင့်ခြင်း အိုခြင်းသဘော၊
၄။ အနိစ္စတာရုပ် = ရုပ်အစစ်တို့ရဲ့ ပျက်ခြင်းသဘော။

**ရုပ်အစစ်နှင့် ရုပ်အထု**

မဟာဘုတ် လေးပါး၊ ပသာဒ ရုပ် ငါးပါး၊ ဂေါစရရုပ် လေးပါး (ပထဝီ၊ တေဇော၊ ဝါယောတို့က မဟာဘုတ်ထဲ ပါပြီး)၊ ဘာဝရုပ်

http://www.dhammadownload.com



နှစ်ပါး၊ ဟာဒယဝတ္ထု၊ ဇီဝိတ၊ သြဇာဆိုတဲ့ ရုပ် ၁၈ ပါးတို့ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်းတရား လေးပါးတို့က ဖြစ်စေတဲ့ ရုပ်များ ဖြစ်လို့ **'နိပ္ဖန္နရုပ်'** များလို့ အမည်ရကြတယ်။ ဒီရုပ်တို့ဟာ ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ပြည့်စုံတဲ့ ရုပ်အစစ်များ ဖြစ်ကြတယ်။

ပရိစ္ဆေဒရုပ် (အာကာသ)၊ ဝိညတ်ရုပ် နှစ်ပါး၊ ဝိကာရရုပ် သုံးပါး၊ လက္ခဏာရုပ် လေးပါးဆိုတဲ့ ရုပ် ၁၀ ပါးတို့ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်းတရား လေးပါးတို့က မဖြစ်စေတဲ့ ရုပ်များ ဖြစ်လို့ **'အနိပ္ဖန္နရုပ်'** များလို့ အမည်ရကြတယ်။ ဒီရုပ်တို့ဟာ ဥပါဒ်၊ ဌီ၊ ဘင် နဲ့ မပြည့်စုံတဲ့ ရုပ်အတုများ ဖြစ်ကြတယ်။ အာကာသဓာတ်ဆိုတာ ရုပ်ကလာပ်များအကြားမှာ ရှိတဲ့ ဟင်းလင်းပြင်ပဲ။ တောင်းထဲမှာ ဘဲဥများကို စီထားတော့ အကြားအပေါက်တွေ ဖြစ်လာသလို ရုပ်ကလာပ်များ ဖြစ်လာကြတဲ့အခါ အကြားအပေါက် = အာကာသဓာတ် ဖြစ်ပေါ်လာတယ်။ ဝိညတ်နဲ့ ဝိကာရရုပ်တို့က ရုပ်အစစ်တို့ရဲ့ အမူအရာအထူးမျှသာ ဖြစ်ကြတယ်။ လက္ခဏာရုပ် လေးပါးက ရုပ်အစစ်တို့ရဲ့ ဥပါဒ် = ဖြစ်ခြင်း (ဥပါစယနှင့် သန္တတိ)၊ ဌီ = တည်ခြင်း (ဇရတာ) နှင့် ဘင် = ပျက်ခြင်း (အနိစ္စတာ) တို့ကို မှတ်သားပြတဲ့ ရုပ်တွေပါပဲ။ ဥပစယနှင့် သန္တတိရုပ် နှစ်ပါးကို ဇာတိရုပ်လို့လည်း ခေါ်ပါတယ်။

ဝိပဿနာရှုတဲ့အခါ ရုပ်အစစ်များကိုသာ လက္ခဏာတင် ရှုရပေမယ့် ရုပ်အားလုံးကို ပိုင်းခြားသိအောင် သိမ်းဆည်းရတဲ့ ရုပ်ကမ္မဋ္ဌာန်း ရှုတဲ့အခါမှာတော့ ရုပ်အားလုံးကို ရှုရပါတယ်။ ရုပ်အတုတို့က ရုပ်အစစ်များကို ပိုင်းပိုင်းခြားခြား သိအောင် အထောက်အကူပြုပါတယ်။ ဥပမာ- အာကာသဓာတ်ဆိုတဲ့ ရုပ်ကလာပ်တို့ရဲ့ အကြားအပေါက်ကို မြင်မှ ရုပ်ကလာပ်တွေကို ပြတ်ပြတ်သားသား သိလာနိုင်ပါတယ်။

http://www.dhammadownload.com



ဓာတ်ရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်တို့ကို ရှုမြင်မှ ရုပ်တို့ရဲ့ ဥပါဒ်၊ ဌီ၊ ဘင် တို့ကို မြင်သိပြီး လက္ခဏာ တင်ရှုနိုင်ပါတယ်။

ရုပ်တရားအားလုံးကို ကွဲကွဲပြားပြား သိမြင်ရုံသာမက ရုပ် အသီးသီးကို ဖြစ်စေတဲ့ အကြောင်းတရားများကို သိအောင်ရှုနိုင်မှ မဂ်ဖိုလ်တိုင်အောင် ကြီးပွားတိုးတက်နိုင်မယ့်အကြောင်းကို မူလ ပဏ္ဏာသ ပါဠိတော်၊ **မဟာဂေါပါလက သုတ္တန်** (မ၊၁၊၂၈၁–၂၈၆) မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

"ဘူတရုပ်၊ ဥပါဒါရုပ် ဟူသော ရုပ်တရားအားလုံးကို ကွဲကွဲပြားပြား မသိက ရုပ်တရား ကို မသိသည် မည်၏။ နွား အပေါင်း ကို ထိန်းကျောင်းနေသော နွားကျောင်းသားသည် မိမိ ထိန်းကျောင်းနေသော နွားအပေါင်းကို ဘယ်နှစ်ကောင် ရှိသည်ဟု အရေအတွက်အားဖြင့်လည်းကောင်း၊ နွားဖြူ ဘယ်နှစ်ကောင်၊ နွားနီ ဘယ်နှစ်ကောင် စသည်ဖြင့် အရောင်အဆင်းအားဖြင့်လည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိပါက ထိုနွားကျောင်းသားသည် နွားအပေါင်း၏ ကြီးပွားတိုးတက်မှုကို ပြုလုပ်ရန် မစွမ်းနိုင်သကဲ့သို့ ဤအတူသာလျှင် ဤသာသနာတော်၌ ယောဂါဝစရ ရဟန်းသည် ဘူတရုပ် ဥပါဒါရုပ် အပြားရှိသော အလုံးစုံသော ရုပ်တရားကို...

(၁) အရေအတွက်အားဖြင့်လည်းကောင်း၊

(၂) မည်သည့် ရုပ်တရားများက ကံကြောင့် ဖြစ်သည်၊
မည်သည့် ရုပ်တရားများက စိတ်ကြောင့်ဖြစ်သည်၊
မည်သည့် ရုပ်တရားများက ဥတုကြောင့် ဖြစ်သည်၊
မည်သည့် ရုပ်တရားများက အာဟာရကြောင့် ဖြစ်သည်ဟု
သမုဋ္ဌာန်အားဖြင့်လည်းကောင်း ကွဲကွဲပြားပြား မသိရှိပါက

http://www.dhammadownload.com



မဂ်ဉာဏ်ဖိုလ်ဉာဏ် ရသည့်တိုင်အောင် တိုးတက်စည်ကား ကြီးပွားခြင်း မဖြစ်နိုင်။"

အထက်မှာ ဖော်ပြခဲ့တဲ့ ဘူတရုပ်နဲ့ ဥပါဒါရုပ်တို့ရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ဝိသုဒ္ဓိမဂ်၊ ခန္ဓနိဒ္ဒေသပိုင်းမှာ ဖော်ပြထားပါတယ်။ အဲဒီ လက္ခဏာ၊ ရသ စသည်ဖြင့် ရုပ်တစ်မျိုးစီကို ကွဲကွဲပြားပြား မြင်သိအောင် ရှုရပေမယ်။

သို့သော် ရုပ်တရားတို့ဟာ တစ်ခုချင်း သီးခြားဖြစ်လေ့ မရှိဘူး။ အနည်းဆုံး ရုပ်ရှစ်မျိုး ပေါင်းစုပြီး **'ရုပ်ကလာပ်'** အနေနဲ့ တစ်ပေါင်းတည်း ဖြစ်၊ ပျက်ကြပါတယ်။ အဲဒီ ရုပ်ကလာပ်များကို ပထမမြင်အောင် ရှုရပေလိမ့်မယ်။

## ခန္ဓာကိုယ်ထဲက ရုပ်ကလာပ်များ

လူနဲ့ အခြားသတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ကို ဖွဲ့စည်းထားတဲ့ ရုပ်ကလာပ်များက...

(၁) ကံကြောင့်ဖြစ်တဲ့ ကမ္မဇကလာပ် ကိုးစည်း၊

(၂) စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇကလာပ် ရှစ်စည်း၊

(၃) ဥတုကြောင့်ဖြစ်တဲ့ ဥတုဇကလာပ် လေးစည်း၊

(၄) အာဟာရကြောင့်ဖြစ်တဲ့ အာဟာရဇကလာပ် နှစ်စည်း၊

ပေါင်း ၂၃ စည်း ရှိတယ်။ အမျိုးအစားအားဖြင့်သာ ၂၃ စည်း ရှိခြင်းဖြစ်ပြီး အရေအတွက်အားဖြင့်တော့ မရေတွက်နိုင်အောင် ကုဋေပေါင်း များစွာ ရှိလိမ့်မယ်။

ရုပ်ကလာပ်များက သာမန်မျက်စိနဲ့လည်း မမြင်နိုင်၊ အဏုကြည့်

http://www.dhammadownload.com



မှန်ပြောင်းနှင့်လည်း မမြင်နိုင်တဲ့ အလွန်တရာ သေးငယ်တဲ့ ရုပ်မှုန်ကလေးများ ဖြစ်ကြတယ်။

သမာဓိကောင်းစွာ ထူထောင်ထားပြီးတဲ့ ယောဂီဟာ ခန္ဓာကိုယ်ကိုအာရုံစူးစိုက်လိုက်ရင် ကောဋ္ဌာသများကို မြင်တွေ့ရကြောင်း အထက်မှာ ရှင်းပြခဲ့ပြီ။ ကောဋ္ဌာသတို့ကို အာရုံမယူဘဲ ဓာတ်ကြီးလေးပါးကို အာရုံယူပြီး ရှုနေပါက မီးခိုးရောင်၊ အဖြူရောင်တို့ကို မြင်လာတတ်ပါတယ်။ ဓာတ်လေးပါး အာရုံမှာပဲ ဆက်၍လက်ရှုပွားရင် အဖြူရောင်က ဖန်တုံး မှန်တုံးလို ကြည်လင်တဲ့ အကြည်ပြင် ဖြစ်လာတတ်တယ်။ အဲဒီ အကြည်ပြင်မှာ ဓာတ်လေးပါး ဆက်ရှုရင် အကြည်ပြင် ပြိုကွဲပြီး ရုပ်ကလာပ်မှုန်များကို တွေ့လာတတ်တယ်။ အကြည်ပြင် မပြိုကွဲရင် အာကာသအကြား အပေါက်တွေ ထင်ရှားပေါ်လွင်လာအောင် ရှုလိုက်တဲ့အခါ အကြည်ပြင် ပြိုကွဲပြီး ကလာပ်မှုန်များ ထင်ပေါ်လာပါတယ်။ အချို့သမာဓိအား ကောင်းတဲ့ ယောဂီများဟာ စူးစိုက်ရှုလိုက်ရင်ပဲ ကလာပ်မှုန်များကို မြင်လာတတ်ပါတယ်။

ကလာပ်မှုန်များဟာ အလွန်များပြားပြီး လျင်မြန်စွာ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေလိမ့်မယ်။ ပသာဒရုပ် အကြည် ပါဝင်တဲ့ ကလာပ်မှုန်များဟာ ကြည်လင်နေပြီး ပသာဒရုပ် မပါတဲ့ အမှုန်များက မကြည်လင်ဘဲ ရှိနေကြလိမ့်မယ်။ ကလာပ်မှုန် အမျိုးအစားနဲ့ ပါဝင်တဲ့ ရုပ်တရားများကို စနစ်တကျ သိရှိနိုင်ဖို့အတွက် ခန္ဓာကိုယ်ကို အာယတန ဒွါရအလိုက် ခြောက်ဌာနခွဲပြီး တစ်လှည့်စီ ရှုရပါတယ်။

စက္ခုဒွါရ(မျက်စိ)မှာ စက္ခုဒသက ကလာပ်၊ ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ်၊ စိတ္တဇအဋ္ဌက ကလာပ်၊ ဥတုဇအဋ္ဌက ကလာပ်နဲ့ အာဟာရဇအဋ္ဌက ကလာပ်တို့ ပါရှိကြပါတယ်။ ဒသက

http://www.dhammadownload.com



ကလာပ်ဆိုတာ ရုပ် ၁၀ ခုတို့ရဲ့ အပေါင်းအစုဖြစ်ပြီး အဋ္ဌက ကလာပ်ဆိုတာ ရုပ် ရှစ်ခုတို့ရဲ့အပေါင်းအစုဖြစ်ပါတယ်။ ဒီရုပ်ကလာပ် ခြောက်မျိုးအနက် စက္ခုပသာဒ ပါတဲ့ စက္ခုဒသက ကလာပ်နဲ့ ကာယပသာဒ ပါတဲ့ ကာယဒသက ကလာပ်တို့ဟာ ကြည်လင်နေကြလိမ့်မယ်။ ကျန် ကလာပ်လေးမျိုးက ပသာဒရုပ် မပါလို့ မကြည်ကြဘူး။ ပထမကြည်မှုနဲ့ မကြည်မှုန် နှစ်မျိုးလုံးမှာ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဆိုတဲ့ ဓာတ်ကြီး လေးပါး ပါဝင်တာကို ခန္ဓာကိုယ်မှာ ဓာတ်လေးပါး ရှုခဲ့သလို ရှုရပါတယ်။ အဲဒီနောက် ဝဏ္ဏ (အဆင်းအရောင်)၊ ဂန္ဓ (အနံ့)၊ ရသ (အရသာ)၊ ဩဇာ (အဆီအနှစ်) တို့ ရုပ်ကလာပ်မှုန်အသီးသီးမှာ ပါရှိတာကို ဉာဏ်နဲ့မြင်အောင် ဆက်ရှုပါ။

အဋ္ဌက ကလာပ်များမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဆိုတဲ့ ရုပ်ရှစ်ပါးပဲ ပါဝင်ကြတယ်။ ဒီရုပ် ရှစ်ပါးဟာ အမြဲ တစ်ပေါင်းတည်း ဖြစ်ပျက်ပြီး ၎င်းတို့ကို ခွဲခြမ်းစိတ်ဖြာလို့ မရတဲ့အတွက် ဒီရုပ် ရှစ်ပါးအစုတို့ကို **အဝိနိဗ္ဘောဂ ရုပ်** လို့ ခေါ်ပါတယ်။ အဋ္ဌက ကလာပ် သုံးမျိုးအနက် ဘယ်ကလာပ်တွေက စိတ်ကြောင့် ဖြစ်တယ်၊ ဘယ်ကလာပ်တွေက ဥတုကြောင့်ဖြစ်တယ်၊ ဘယ်ကလာပ်တွေက အာဟာရကြောင့်ဖြစ်တယ်လို့ ဆက်ရှုနိုင်တဲ့အခါ အဋ္ဌက ကလာပ် သုံးမျိုးကို ခွဲခြားသိလာနိုင်ပါတော့တယ်။

စက္ခုဒသက ကလာပ်၊ ကာယ ဒသက ကလာပ်၊ ဘာဝ ဒသက ကလာပ်တို့ဟာ ကံကြောင့်ဖြစ်တဲ့ ရုပ်များ ဖြစ်ကြလို့ အခြေခံဖြစ်တဲ့ အဝိနိဗ္ဘောဂရုပ် ရှစ်ခုအပြင် ဇီဝိတ (ရုပ်အသက်) လည်း ပါရှိကြပါတယ်။ ပြီးတော့ တစ်ခါ စက္ခုဒသက ကလာပ်မှာ စက္ခုပသာဒ ပါတယ်၊ ကာယဒသက ကလာပ်မှာ ကာယပသာဒ ပါတယ်၊ ဘာဝ ဒသက ကလာပ်

http://www.dhammadownload.com



မှာ ဘာဝရုပ် (ယောကျ်ားဖြစ်ရင် ပုရိသ ဘာဝရုပ်၊ မိန်းမဖြစ်ရင် ဣတ္ထိယ ဘာဝရုပ်) ပါရှိပါတယ်။

မျက်စိထဲက အကြည်မှုန်ရဲ့ အကြည်ဓာတ်ကို အာရုံစူးစိုက်ထားပြီးတော့ နီးစပ်ရာ ရုပ်ကလာပ်တစ်ခုရဲ့ အဆင်းကို လှမ်းအာရုံယူပါ။ ထိုအဆင်း ရူပါရုံက ရှေးရှုရိုက်ခတ်နေတဲ့ အကြည်ရုပ်က စက္ခုပသာဒရုပ်ဖြစ်လို့ ထိုအကြည်ရုပ် ပါတဲ့ ရုပ်ကလာပ်ဟာ စက္ခုဒသက ကလာပ်ဖြစ်ကြောင်း သိရပါတယ်။ အကယ်၍ အကြည်မှုန်တစ်ခုရဲ့ အကြည်ဓာတ်ကို အခြား ကလာပ်မှုန်တစ်ခုရဲ့ အဆင်းက ရှေးရှုရိုက်ခတ်ခြင်း မရှိဘဲ နီးစပ်ရာ ကလာပ်မှုန်တစ်ခုရဲ့ ဖောဋ္ဌဗ္ဗာရုံ (ပထဝီ၊ တေဇော၊ ဝါယော) က ရှေးရှုရိုက်ခတ်နေမယ် ဆိုရင် ထိုအကြည်ရုပ်က ကာယပသာဒရုပ် ဖြစ်တယ်။ ထို ကာယပသာဒ ပါတဲ့ ရုပ်ကလာပ်က ကာယဒသက ကလာပ်ဖြစ်ပါတယ်။အကြည်ဓာတ် မပါတဲ့ ဒသက ကလာပ်က ဘာဝ ဒသက ကလာပ်ဖြစ်ပြီး အဲဒီ ကလာပ်မှာ ဘာဝရုပ်ပါဝင်နေတာကို ဉာဏ်ဖြင့် မြင်အောင် ရှုရပါတယ်။

ရုပ်ကလာပ်အမျိုးမျိုးမှာ ပါရှိကြတဲ့ ရုပ်တရားများကို ပိုင်းပိုင်းခြားခြား သိအောင် ရှုပွားခြင်းကို **'ရုပ်ဓာတ်ခွဲ'** တယ်လို့ ခေါ်ပါတယ်။ ဓာတုဗေဒနည်းနဲ့ သတ္တုရိုင်း တစ်တုံးမှာ ဘာသတ္တုတွေ ပါတယ် ဆိုတာကို သိအောင် ဓာတ်ခွဲခြင်းနဲ့ ပုံစံတူလို့ 'ရုပ်ဓာတ်ခွဲ' လို့ သုံးနှုန်းတာ သင့်လျော်ပါတယ်။ လယ်တီဆရာတော်ဘုရားကြီးလည်း ......ဒီပနီမှာ 'ရုပ်ဓာတ်ခွဲတယ်'၊ 'နာမ်ဓာတ်ခွဲတယ်' ဆိုတဲ့ ဝေါဟာရများကို သုံးနှုန်းခဲ့ပါတယ် (ဒီပနီပေါင်းချုပ်၊ ၁၊......)။

စက္ခုဒွါရမှာ ရှိတဲ့ ရုပ်ကလာပ် ခြောက်မျိုးကို ဓာတ်ခွဲကြည့်တဲ့အခါ ဇယား (၁) တွင် ဖော်ပြထားသော အဖြေများကို ရရှိပါတယ်။

http://www.dhammadownload.com



## ဇယား (၁) စက္ခုဒွါရ = မျက်စိဒွါရှိသည့် ရုပ်များ

| ၁။ စက္ခုဒသက ကလာပ် | ၂။ ကာယဒသက ကလာပ် | ၃။ ဘာဝဒသက ကလာပ် | ၄။ စိတ္တဇအဋ္ဌက ကလာပ် | ၅။ ဥတုဇအဋ္ဌက ကလာပ် | ၆။ အာဟာရဇ အဋ္ဌက ကလာပ် |
|---|---|---|---|---|---|
| ၁။ ပထဝီ | ၁။ ပထဝီ | ၁။ ပထဝီ | ၁။ ပထဝီ | ၁။ ပထဝီ | ၁။ ပထဝီ |
| ၂။ အာပေါ | ၂။ အာပေါ | ၂။ အာပေါ | ၂။ အာပေါ | ၂။ အာပေါ | ၂။ အာပေါ |
| ၃။ တေဇော | ၃။ တေဇော | ၃။ တေဇော | ၃။ တေဇော | ၃။ တေဇော | ၃။ တေဇော |
| ၄။ ဝါယော | ၄။ ဝါယော | ၄။ ဝါယော | ၄။ ဝါယော | ၄။ ဝါယော | ၄။ ဝါယော |
| ၅။ ဝဏ္ဏ | ၅။ ဝဏ္ဏ | ၅။ ဝဏ္ဏ | ၅။ ဝဏ္ဏ | ၅။ ဝဏ္ဏ | ၅။ ဝဏ္ဏ |
| ၆။ ဂန္ဓ | ၆။ ဂန္ဓ | ၆။ ဂန္ဓ | ၆။ ဂန္ဓ | ၆။ ဂန္ဓ | ၆။ ဂန္ဓ |
| ၇။ ရသ | ၇။ ရသ | ၇။ ရသ | ၇။ ရသ | ၇။ ရသ | ၇။ ရသ |
| ၈။ ဩဇာ | ၈။ ဩဇာ | ၈။ ဩဇာ | ၈။ ဩဇာ | ၈။ ဩဇာ | ၈။ ဩဇာ |
| ၉။ ဇီဝိတ | ၉။ ဇီဝိတ | ၉။ ဇီဝိတ | | | |
| ၁၀။ စက္ခုပသာဒ | ၁၀။ ကာယပသာဒ | ၁၀။ ဘာဝရုပ် | | | |
| ကံကြောင့်ဖြစ်ကြည်၏။ | ကံကြောင့် ဖြစ်ကြည်၏။ | ကံကြောင့် ဖြစ်မကြည် | စိတ်ကြောင့် ဖြစ်မကြည် | ဥတုကြောင့် ဖြစ်မကြည် | အာဟာရကြောင့် ဖြစ်မကြည် |

http://www.dhammadownload.com



အထက်ပါ ကလာပ် ခြောက်စည်းမှာ ပါဝင်ကြတဲ့ ရုပ် အရေအတွက်က ၅၄ ခု ဖြစ်ပါတယ်။ သောတဒွါရ(နား)မှာ ရှိတဲ့ ရုပ်ကလာပ်များကို ခွဲခြမ်းစိတ်ဖြာတဲ့အခါ အထက်ပါအတိုင်း ကလာပ်ခြောက်မျိုးနဲ့ ရုပ် ၅၄ ခု ပါရှိတာ တွေ့ရပါတယ်။ စက္ခုဒသက ကလာပ်အစား သောတဒသက ကလာပ် ပါဝင်လာပြီး စက္ခုပသာဒ အစား သောတပသာဒ ပါရှိခြင်းသာ ထူးပါတယ်။ ဃာနဒွါရ(နှာခေါင်း)နှင့် ဇိဝှာဒွါရတို့ကို ခွဲခြမ်းစိတ်ဖြာတဲ့အခါမှာလည်း အထက်ပါနည်းတူ တွေ့ရပါတယ်။ ကာယဒွါရ(ကိုယ်)မှာတော့ ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ်၊ စိတ္တဇအဋ္ဌက ကလာပ်၊ ဥတုဇအဋ္ဌက ကလာပ်၊ အာဟာရဇအဋ္ဌက ကလာပ်ဆိုပြီး ကလာပ် ငါးစည်းနဲ့ ရုပ် ၄၄ ပါးပဲ ရှိပါတယ်။

## နာမ်ကမ္မဋ္ဌာန်းရှုနည်း

နာမ်တရားဆိုတာ စိတ်နှင့် ယှဉ်ဖက် စေတသိက်တို့ကို ခေါ်ပါတယ်။ နာမ်တရား တစ်လုံးစီ တစ်လုံးစီကို ပရမတ္ထသဘာဝသို့ ဆိုက်အောင် ဉာဏ်ဖြင့် ပိုင်းခြားကာ မြင်သိအောင် ရှုပွားတာကို နာမ်ကမ္မဋ္ဌာန်း စီးဖြန်းတယ်လို့ ခေါ်ပါတယ်။ တစ်နည်း အရူပပရိဂ္ဂဟ = နာမ်တရားများကို သိမ်းဆည်းတယ်လို့ ခေါ်ပါတယ်။

လူတစ်ယောက်ဟာ ဘယ်အာရုံမှ မယူတဲ့အခါ ဘဝင်စိတ်နဲ့ ယှဉ်ဖက် စေတသိက်တွေ ဖြစ်ပေါ်နေကြတယ်။ ဒွါရခြောက်ခုအနက် တစ်ခုခုမှာ ဆိုင်ရာအာရုံ ထိတိုက်တဲ့အခါ ထိုအာရုံကို သိဖို့အတွက် 'ဝီထိ' ခေါ် စိတ်အစဉ်အတန်းတစ်ခု ဖြစ်ရပါတယ်။

နာမ်တရားများကို သိမ်းဆည်းလိုတဲ့ ယောဂီဟာ...

(၁) ဆိုင်ရာနာမ်တရားတို့ရဲ့ မှီရာ ဝတ္ထုရုပ်၊

(၂) ထိုနာမ်တရားတို့ အာရုံပြုတဲ့ အာရုံ၊

http://www.dhammadownload.com



ဒီနှစ်မျိုးကို ဦးစွာသိမ်းဆည်းရတယ် (ဉာဏ်ဖြင့် မြင်အောင် ပိုင်းခြားကြည့်တာကို 'သိမ်းဆည်းတယ်' လို့ ခေါ်ပါတယ်။) အဘိဓမ္မာအဋ္ဌကထာ (၁၊ ၁၁၄) အရ ရူပါရုံဟာ စက္ခုဒွါရနဲ့ မနောဒွါရတို့မှာ ပြိုင်တူထင်ပါတယ်၊ သဒ္ဒါရုံဟာ သောတဒွါရနဲ့ မနောဒွါရတို့မှာ ပြိုင်တူထင်ပါတယ် စသည်ဖြင့် သိပါလေ။

ရောယှက် ရှုပ်ထွေးမှု ကင်းစေဖို့အတွက် နာမ်တရားများကို အာယတန ဒွါရ အလိုက်ပဲ သိမ်းဆည်းရပါတယ် (ဝိသုဒ္ဓိ၊ ၂၊ ၂၂၃)။

စက္ခုဒွါရမှာ ဖြစ်ကြတဲ့ နာမ်တရားများကို သိမ်းဆည်းဖို့အတွက် စက္ခုအကြည်နဲ့ မနောအကြည်တို့ကို ပူးတွဲပြီး ပြိုင်တူထင်အောင် ဦးစွာရှုကြည့်ထားရမယ်။ ပြီးတော့ ရူပါရုံတစ်ခုကို အာရုံပြုပါ။ ထိုရူပါရုံက စက္ခုအကြည်နဲ့ မနောအကြည်တို့မှာ ပြိုင်တူ ထင်လာမယ်။

စက္ခုအကြည်မှာ အာရုံထင်လာတဲ့အခါ ဘဝင်စိတ် နှစ်ကြိမ်ဖြစ်ပြီး ဘဝင်စိတ်အစဉ် ပြတ်သွားတယ်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် (ပ) က အာရုံကို ဆင်ခြင်နှလုံးသွင်းတယ်။ ပြီးတော့ စက္ခုဝိညာဏ် (စ) က အာရုံကို မြင်သိတယ်။ အာရုံတစ်ချက်ကလေး မြင်ပြီး မြင်သိစိတ် – စက္ခုဝိညာဏ်က ချုပ်ပျက်သွားတော့ ကောင်းကောင်း မသိသေးဘူး။ ဒါပေမဲ့ စိတ်တို့ဟာ မိမိ မချုပ်ပျက်မီ မိမိတို့ရဲ့ အစွမ်းသတ္တိကို နောက်စိတ်သို့ ပဋ္ဌာန်းနည်းအရ လွှဲပြောင်းပေးတယ်။ ဒါကြောင့် နောက်စိတ်ဖြစ်တဲ့ သမ္ပဋိစ္ဆန်းစိတ် (သံ) က အာရုံကို လက်ခံယူလိုက်တယ်။ ပြီးတော့ သန္တီရဏစိတ် (ဏ) က အာရုံကို စုံစမ်းတယ်။ ပြီးတော့ ဝုဋ္ဌောစိတ် (ဝု) က အာရုံကို ဆုံးဖြတ်တယ်။ ပြီးတော့ ဇောစိတ် (ဇ) ခုနစ်ခုတို့က အာရုံရဲ့ အရသာကို ခံစားတယ်။ ပြီးတော့ အာရုံ အလွန်ထင်ရှားရင် ဇောနောက်သို့ လိုက်ပြီး တဒါရုံစိတ် (ဒါ) နှစ်ကြိမ်ဆက်ဖြစ်ပြီး အာရုံ

http://www.dhammadownload.com



အရသာကို ဆက်ခံစားတယ်။ အဲဒီနောက် အာရုံက သက်တမ်းစေ့သွားလို့ ချုပ်သွားတယ်။ အာရုံချုပ်တော့ စက္ခုဒွါရမှာဖြစ်တဲ့ ဝီထိစိတ်အစဉ် ပြီးဆုံးသွားပြီးတော့ ဖြစ်မြဲဘဝင်စိတ်တို့ ဆက်ဖြစ်တယ်။

ဒါကြောင့် အထက်ပါ စက္ခုဒွါရဝီထိကို အောက်ပါအတိုင်း အတိုကောက် ရေးနိုင်ပါတယ်။

...ဘဝင် "ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"...ဘဝင် စိတ်တို့ရဲ့ လုပ်ဆောင်ချက်အရ မြန်မာလို အမည် ခေါ်သွားရင်...

...ဘဝင် "ဆင်ခြင်–မြင်သိ–လက်ခံ–စုံစမ်း–ဆုံးဖြတ်–ခံစား–(ဇောခုနစ်ကြိမ်)–တဒါရုံ နှစ်ကြိမ်" ...ဘဝင်... လို့ မှတ်သားနိုင်ပါတယ်။

စက္ခုဒွါရဝီထိ ပြီးတဲ့နောက် ဘဝင်စိတ် အနည်းငယ် ခြားပြီးတော့ မနောဒွါရဝီထိစိတ်တွေ များစွာဖြစ်ပေါ်ရတယ်။ ဒီဝီထိစိတ်တွေက စက္ခုဒွါရဝီထိ ယူခဲ့တဲ့ အာရုံကို ပြန်ယူပြီး အာရုံရဲ့ အမျိုးအစား၊ ပုံသဏ္ဍာန်၊ အမည်နာမ တို့ကို သိလာအောင် အသေးစိတ် ဆန်းစစ်ကြတယ်။ ဒီ မနောဒွါရဝီထိတွေ များစွာ ဖြစ်ပြီးတဲ့နောက်မှာ အာရုံကို အမည်နာမနဲ့တကွ သိလာရပါတယ်။

မနောဒွါရဝီထိမှာ မနောဒွါရာဝဇ္ဇန်း(မ)၊ ဇောခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ်တို့ပဲ ပါကြတယ်။ တဒါရုံက အာရုံသိပ်ထင်ရှားမှ ဖြစ်တာ။ သိပ်မထင်ရှားရင် မဖြစ်ဘူး။ မနောဒွါရာဝဇ္ဇန်းက မနောဒွါရမှာ ထင်လာတဲ့ အာရုံကို ဆင်ခြင်ဆုံးဖြတ်တဲ့ စိတ် ဖြစ်ပါတယ်။ ဇောနဲ့ တဒါရုံတို့ ဆောင်ရွက်ကြတဲ့ ကိစ္စတွေက စောစောက အတိုင်းပဲ။

မနောဒွါရဝီထိကို အတိုကောက် ဖော်ပြရင်...

http://www.dhammadownload.com



...ဘဝင်... "မ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဒါ-ဒါ" ...ဘဝင်...

သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရအသီးသီးတို့မှာ အာရုံထင်တဲ့အခါတို့မှာလည်း အထက်ပါအတိုင်းပဲ ဝီထိစိတ်များဖြစ်သွားကြပါတယ်။

"ဓမ္မာရုံ"လို့ အမည်ရတဲ့ ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်ကူးကြံစည်မှု၊ ကသိုဏ်းနိမိတ်စတဲ့ သိမ်မွေ့တဲ့အာရုံတို့ဟာ မနောဒွါရတစ်ခုတည်းမှာပဲ ထင်နိုင်ပါတယ်။ ကျန်ဒွါရများမှာ မထင်နိုင်ဘူး။ ဒါကြောင့် မနောဒွါရဝီထိစိတ်များပဲ ဖြစ်ပေါ်ကြတယ်။

နာမ်တရားကို သိမ်းဆည်းနေတဲ့ ယောဂီဟာ စိတ်တွေ ဝီထိစဉ်အလိုက် ဖြစ်နေတာကို ရှေးဦးစွာမြင်အောင် ရှုရပါတယ်။ ပြီးတော့မှ စိတ်အသီးသီးမှာ ယှဉ်တွဲပြီး ဖြစ်ပေါ်ကြတဲ့ စေတသိက်များကို မြင်အောင် ရှုရပါတယ်။ စိတ်တစ်လုံးမှာ စေတသိက် ခုနစ်ခုကနေ ၃၄ ခုအထိ ပါဝင်နိုင်လို့ ဒီစေတသိက်တွေကို တစ်ပြိုင်နက် မြင်သိနိုင်ဖို့ ဆိုတာ မလွယ်ပါ။ ဒါပေမဲ့ ဖဿ = အာရုံကိုထိတွေ့တဲ့သဘောဟာ ဘယ်စိတ်တွေမှာ ပါသလဲ၊ ဝီထိစိတ်အစဉ်အတိုင်း ဖဿကို အရင်ရှုသွားတယ်။ ဖဿကို ရှုသိပြီးရင် ဝေဒနာ = အာရုံကိုခံစားမှုသဘောကို ဝီထိစိတ်အစဉ်မှာ တစ်ဖန်မြင်အောင်ရှုပါတယ်။ ပြီးတော့ သညာ = အာရုံကို မှတ်သားမှုသဘောကို ဝီထိစိတ်တွေမှာ တစ်ဖန်ရှုပြန်တယ်။

ဤသို့ စသည်ဖြင့် စေတသိက် တစ်လုံးစီကို အကြိမ်အရာအထောင် ရှုပြီးတဲ့အခါမှာတော့ စိတ်တစ်ခုမှာ စေတသိက် ၃၃ ခု ယှဉ်ရင် ဒီစေတသိက်တို့ကို တစ်ပြိုင်တည်းလိုလို သိရှိသွားနိုင်ပါတယ်။

ယေား (၂) စိတ်-စေတသိက်အရေအတွက်ယေား (နမူနာ)

| ပဉ္စဒွါရာဝဇ္ဇန်း | စက္ခုဝိညာဏ် | သမ္ပဋိစ္ဆိုန်း | သန္တီရဏ | ဝုဋ္ဌော |
|---|---|---|---|---|
| စေတသိက် (၁၀) | စေတသိက် (၇) | စေတသိက် (၁၀) | စေတသိက် (၁၁) | စေတသိက် (၁၁) |
| ၁။ အသိစိတ် | ၁။ အသိစိတ် | ၁။ အသိစိတ် | ၁။ အသိစိတ် | ၁။ အသိစိတ် |
| ၂။ ဖဿ | ၂။ ဖဿ | ၂။ ဖဿ | ၂။ ဖဿ | ၂။ ဖဿ |
| ၃။ ဝေဒနာ | ၃။ ဝေဒနာ | ၃။ ဝေဒနာ | ၃။ ဝေဒနာ | ၃။ ဝေဒနာ |
| ၄။ သညာ | ၄။ သညာ | ၄။ သညာ | ၄။ သညာ | ၄။ သညာ |
| ၅။ စေတနာ | ၅။ စေတနာ | ၅။ စေတနာ | ၅။ စေတနာ | ၅။ စေတနာ |
| ၆။ ကေဂ္ဂတာ | ၆။ ကေဂ္ဂတာ | ၆။ ကေဂ္ဂတာ | ၆။ ကေဂ္ဂတာ | ၆။ ကေဂ္ဂတာ |
| ၇။ ဇီဝိတိန္ဒြေ | ၇။ ဇီဝိတိန္ဒြေ | ၇။ ဇီဝိတိန္ဒြေ | ၇။ ဇီဝိတိန္ဒြေ | ၇။ ဇီဝိတိန္ဒြေ |
| ၈။ မနသိကာရ | ၈။ မနသိကာရ | ၈။ မနသိကာရ | ၈။ မနသိကာရ | ၈။ မနသိကာရ |
| ၉။ ဝိတက် | | ၉။ ဝိတက် | ၉။ ဝိတက် | ၉။ ဝိတက် |
| ၁၀။ ဝိစာရ | | ၁၀။ ဝိစာရ | ၁၀။ ဝိစာရ | ၁၀။ ဝိစာရ |
| ၁၁။ အဓိမောက္ခ | | ၁၁။ အဓိမောက္ခ | ၁၁။ အဓိမောက္ခ | ၁၁။ အဓိမောက္ခ |
| | | | ၁၂။ ပီတိ * | ၁၂။ ဝီရိယ |

http://www.dhammadownload.com



## စိတ်စေတသိက်တို့ကို ရှုမြင်နိုင်သလား

စိတ်စေတသိက်တို့ဟာ အကောင်အထည်မရှိကြဘူး။ ဘယ်သိပ္ပံကိရိယာနဲ့မှလည်း စမ်းသပ်လို့ မရဘူး။ ဒီလိုဆိုရင် စိတ်စေတသိက်တို့ကို ရှုမြင်နိုင်ပါ့မလားလို့ အချို့က သံသယဖြစ်ကြပါတယ်။

အမှန်က စိတ် စေတသိက်တို့သာ အကောင်အထည် မရှိတာမဟုတ်ဘူး။ ပရမတ် ရုပ်တို့ကလည်း အကောင်အထည်မရှိကြဘူး။ ဒါကြောင့် ပရမတ်ရုပ်တို့ကိုလည်း သိပ္ပံကိရိယာနဲ့ စမ်းသပ်လို့ မသိနိုင်ပါဘူး။ ဒါပေမဲ့ ဥပစာရသမာဓိ သို့မဟုတ် ဈာန်သမာဓိနဲ့ယှဉ်တဲ့ ဉာဏ်မျက်စိနဲ့ ရှုကြည့်တဲ့အခါ မြင်နိုင်ပါတယ်။

တစ်ဖန် ပရမတ် ရုပ်နာမ်တို့ထက် ပိုသိမ်မွေ့တဲ့ အာရုံက နိဗ္ဗာန်အာရုံပါပဲ။ နိဗ္ဗာန်ကို မဂ်စိတ် ဖိုလ်စိတ်နဲ့ ထင်ထင်ရှားရှား သိမြင်နိုင်တယ်လို့ မြတ်စွာဘုရား ဟောကြားထားတာကို ထောက်ရင် စိတ် စေတသိက်တို့ကိုလည်း သမာဓိနဲ့ယှဉ်တဲ့စိတ်နဲ့ မြင်နိုင်ရတော့မှာပေါ့။

"ဈာန်သမာဓိကို အခြေခံပြီး ဝိပဿနာရှုရင် အလွန်နက်နဲ သိမ်မွေ့တဲ့ အလွန်ဝေးတဲ့ အလွန် ထင်မြင်နိုင်ခဲတဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ အာရုံတို့ကိုလည်း မပင်မပန်း ချမ်းသာလွယ်ကူစွာ ထင်မြင်နိုင်တယ်။ အလွန် နက်နဲသိမ်မွေ့တဲ့ အလွန်ဝေးတဲ့ အလွန်ထင်မြင်ခဲတဲ့ သစ္စာလေးပါးအာရုံ နိဗ္ဗာန်အာရုံတို့ကို ထင်မြင်နိုင်တယ်"လို့ ကမ္မဋ္ဌာန်းကျမ်းကြီး၊ စာမျက်နှာ ၂၄၀ မှာ **လယ်တီဆရာတော်ဘုရားကြီး** ရေးသားခဲ့တာကို သတိရပါ။

ပြီးတော့ တစ်ခါ စိတ်တို့ဟာ လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်ကာလအတွင်းမှာပဲ ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားနိုင်တယ်။ စေတသိက်တို့က စိတ်နဲ့အတူ တစ်ပြိုင်နက် ဖြစ်ပျက်သွားကြတယ်။ ဒီ

http://www.dhammadownload.com



စိတ်စေတသိက်တို့ကို ခွဲခြားသိဖို့ဆိုတာက ရောဝတီမြစ်ရေမှာ မေခနဲ့ မလိခမြစ်ရေတို့ ရောပါနေတာကို သိအောင် ခွဲရတာထက် ပိုခက်တယ်။ ဒါကြောင့် စိတ်စေတသိက်တွေကို ပိုင်းပိုင်းခြားခြား ခွဲခြားသိဖို့ဆိုတာ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော် အရာပဲ၊ သာဝကတွေ မရှုမြင်နိုင်ဘူးလို့လည်း အချို့က အယူရှိကြပြန်တယ်။

**Common Sense** ခေါ်တဲ့ 'ဖြတ်ထိုးဉာဏ်' ကို အသုံးပြုပြီး ဆင်ခြင်ကြည့်ပါ။ ပရမတ် ရုပ်နာမ် တစ်လုံးစီ တစ်လုံးစီရဲ့ ဖြစ်တာ ပျက်တာကို ပိုင်းပိုင်းခြားခြား မမြင်သိရင် ဒီပရမတ် ရုပ်နာမ်တို့ရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို ဘယ်လိုမြင်သိနိုင်ပါ့မလဲ။ ပရမတ်တရား အသီးသီးရဲ့ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးစပ်ပုံကို ဘယ်လို စိစစ်နိုင်ပါတော့မလဲ။ ရုပ်ဃန၊ နာမ်ဃနတွေကို ဘယ်လိုလုပ်ပြီး ဖြိုခွဲနိုင်ပါ့မလဲ။ ဃန မပြိုရင် အနတ္တလက္ခဏာ မထင်နိုင်ဘူး။ အနတ္တလက္ခဏာ မထင်ရင် မဂ်ဖိုလ် မရနိုင်ဘူးဆိုတာ ကျမ်းဂန်များမှာ အဆုံးအဖြတ်ပေးထားပါတယ်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၇)

အောက်ပါ ဃန လေးပါးအကြောင်းကို ဖတ်ရှုလိုက်ရင် အမြင် ပိုရှင်းသွားပါလိမ့်မယ်။

## အနတ္တလက္ခဏာကို ဃနဖုံးတယ်

အနတ္တလက္ခဏာကို မထင်ပေါ်အောင် ဖုံးလွှမ်းထားကြတဲ့ ဃန လေးပါးအကြောင်းကို တိပိဋကဓရဆရာတော် **ဦးဝိစိတ္တသာရာဘိဝံသ**က "မဟာဗုဒ္ဓဝင်" စတုတ္ထတွဲ၊ စာမျက်နှာ ၃၂၃-၃၂၅ တို့မှာ ရေးသားဖော်ပြထားပြီး မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့အဖွဲ့က ထုတ်ဝေတဲ့ **"တိပိဋက ပါဠိ-မြန်မာ အဘိဓာန်"** တဝဂ်မှာ "ဃနဝိနိဗ္ဘောဂ" ခေါင်းစဉ်နဲ့ ဖော်ပြထားပါတယ်။ ဒါကို သိသာရုံ ထုတ်နုတ်ရေးသားပါမယ်။

http://www.dhammadownload.com



"ဃန ဝိနိဗ္ဘောဂ"ဆိုတာ "အပေါင်းအစုကို ခွဲခြင်း၊ တစ်စုတစ်ပေါင်းတည်းဟု ထင်မှုကို ခွဲခြားစိတ်ဖြာ၍ သိခြင်း၊ တစ်စုတစ်ပေါင်းတည်း ဟူသော အယူကို ဖြိုခွဲဖျက်ဆီးခြင်း" ဖြစ်တယ်။

**(၁) သန္တတိဃန** – ပရမတ်တရားတို့ဟာ ဝီထိစိတ်အစဉ်အရ 'ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ"...

ဆိုတဲ့ အစီအစဉ်အတိုင်း ဖြစ်နေကြတယ်။ ဒီလိုဖြစ်ရာမှာ ရှေ့စိတ်၊ နောက်စိတ်တို့ဟာ တစ်ခုတည်း မဟုတ်ကြဘဲ တကွဲတပြားစီ ဖြစ်ကြတယ်။ ဒါပေမဲ့ အကြားကာလ မရှိဘဲ အလွန်လျင်မြန်စွာ ဖြစ်သွားကြလို့ တစ်စိတ်တည်းလို့ ထင်ရတယ်။ ဒီလိုအကြားမလပ်အောင် တစ်စပ်တည်း ဖြစ်သွားခြင်းကို "သန္တတိဃန" လို့ ခေါ်တယ်။

ဒီသန္တတိဃနကို ဖြိုခွဲဖို့အတွက် "ဒါက ပဉ္စဒွါရာဝဇ္ဇန်း၊ ဒါက စက္ခုဝိညာဏ်၊ ဒါက သမ္ပဋိစ္ဆိုန်း..."စသည်ဖြင့် ခွဲခြမ်းပိုင်းခြားပြီး ရှုသိရမယ်။ ရှုသိနိုင်ရင် သန္တတိဃန ပြိုမယ်။

**(၂) သမူဟဃန** – ရုပ်တရား၊ နာမ်တရားတို့ဟာ တစ်ခုချင်း သီးခြားဖြစ်ပေါ်ရိုး မရှိဘူး။ အနည်းဆုံး

ရုပ် ရှစ်မျိုးပေါင်းပြီး ရုပ်ကလာပ်တစ်ခု ဖြစ်တယ်။ အနည်းဆုံး နာမ်တရား ရှစ်မျိုး (ဥပမာ – စက္ခုဝိညာဏ်နဲ့ စေတသိက် ခုနစ်လုံး) တို့ ပေါင်းစုပြီး နာမ်အစုတစ်ခုအနေနဲ့ဖြစ်ပျက်ကြတယ်။

ရုပ်ကလာပ်တစ်ခုမှာ ပါဝင်ကြတဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ တို့ကို သဘာဝတရား ရှစ်မျိုးအဖြစ် ခွဲခြား မသိရင် ခဲမှုတစ်ခုတည်း၊ တရားသဘောတစ်ခုတည်းလို့ ထင်မှတ်သွားလိမ့်မယ်။ နာမ်အစု တစ်ခုမှာပါဝင်ကြတဲ့ စက္ခုဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊

http://www.dhammadownload.com



သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ တို့ကို သဘာဝ တရား ရှစ်မျိုးအဖြစ် ခွဲခြား မသိရင် ဓမ္မတစ်ခုတည်း၊ တရားသဘော တစ်ခုတည်းလို့ ထင်မှတ်သွားလိမ့်မယ်။ ဒီလိုထင်မှတ်ရအောင် သဘာဝ တရားတို့ စုခဲ လုံးတွဲပြီး ဖြစ်ပျက်ခြင်းကို "သမူဟ ဃန" လို့ ခေါ်ပါ တယ်။

ဒါကြောင့် ရုပ်ကလာပ်များမှာ ပါဝင်ကြတဲ့ ရုပ်တရား အသီးသီး ကို ဓာတ်ခွဲကြည့်နိုင်မှ၊ ယှဉ်တွဲဖြစ်ကြတဲ့ စိတ်စေတသိက်များကို တစ် လုံးစီ ခွဲခြမ်းစိတ်စစ်နိုင်ပါမှ သမူဟ ဃန ပြိုကွဲလိမ့်မယ်။

**(၃) ကိစ္စဃန** – ရုပ်ကလာပ်တစ်ခုအတွင်း မှာ ပါရှိကြတဲ့ ပရမတ် ရုပ်တရားအသီးသီးဟာ မိမိတို့ ဖြစ်ပေါ်ခိုက်မှာ ဆိုင်ရာ ဆိုင်ရာ မိမိတို့ရဲ့ အလုပ်ကိစ္စကို ဆောင်ရွက် သွားကြတယ်။ ဥပမာ – ပထဝီဓာတ်က ကလာပ်တူ ရုပ်တရားတို့ရဲ့ တည်ရာအဖြစ် ဆောင်ရွက်တယ်။ အာပေါဓာတ်က ကလာပ်တူ ရုပ် တရားတို့ကို တိုးပွားအောင် ရွက်ဆောင်တယ်။ တေဇောဓာတ်က ကလာပ်တူ ရုပ်တရားတို့ကို ရင့်ကျက်အောင် ရွက်ဆောင်တယ်။ ဝါ ယောဓာတ်က ကလာပ်တူ ရုပ်တရားတို့ကို ရွေ့လျားအောင် တွန်းကန် ပေးတယ်။

အလားတူပဲ စိတ်စေတသိက်တို့ စုပေါင်းပြီး ဖြစ်ပေါ်ကြတဲ့အခိုက် မှာ ဖဿက အာရုံနဲ့ အသိစိတ်ကို ဆက်စပ်ထိတွေ့ပေးတယ်။ ဝေဒနာ က အာရုံရဲ့ အရသာကို ခံစားတယ်။ သညာက အာရုံကို မှတ်သားတယ်၊ စေတနာက အာရုံယူခြင်းကိစ္စ ပြီးအောင် စေ့ဆော်တယ်၊ ကြောင့်ကြ စိုက်တယ်၊ စက္ခုဝိညာဏ်က အရောင်အဆင်းကို သိတယ် စသည်ဖြင့် မိမိတို့ဆိုင်ရာ ကိစ္စအသီးသီးကို ဆောင်ရွက်ကြတယ်။

http://www.dhammadownload.com



ဒီလို ပရမတ်တရားတို့က ကိစ္စအသီးသီး ဆောင်ရွက်နေတာကို ခွဲခြမ်းစိစစ်ပြီး မရှုမြင်နိုင်ရင် ကိစ္စတစ်ခုတည်းကိုပဲ ဆောင်ရွက်တယ်လို့ ထင်မိလိမ့်မယ်။ ဒီလိုကိစ္စတစ်ခုတည်း ဆောင်ရွက်ကြတယ်လို့ ထင်ရအောင် ပရမတ်တရားတို့ တစ်ပြိုင်တည်း ကိစ္စဆောင်ရွက်ကြခြင်းကို "ကိစ္စဃန" လို့ ခေါ်ပါတယ်။ ကိစ္စဆောင်ရွက်မှု အသီးသီးကို ခွဲခြမ်း ရှုမြင်နိုင်ပါမှ ကိစ္စဃန ပြိုကွဲမှာ ဖြစ်ပါတယ်။

**(၄) အာရမ္မဏဃန** - စက္ခုဒွါရဝီထိတစ်ခုမှာ ပါဝင်ကြတဲ့ စိတ်စေတသိက်အားလုံးတို့ဟာ ထင်ဆဲ ရူပါရုံတစ်ခုတည်း ကို အာရုံပြုတယ်။ ဒီလို အာရုံတစ်ခုတည်းကို မြင်လို့ စိတ်စေတသိက်တို့ဟာ တစ်ခုတည်းပဲ ရှိတယ်လို့ ထင်မှတ်ရခြင်းကို "အာရမ္မဏဃန" လို့ ခေါ်ပါတယ်။ ပရမတ်တရား တစ်ခုစီက ထင်ဆဲ အာရုံကို တစ်သီးတခြားစီ အာရုံပြုကြကြောင်းကို ခွဲခြမ်း ရှုမြင်နိုင်ပါမှ အာရမ္မဏဃန ပြိုကွဲပါတယ်။

အထက်ပါ ဃနလေးပါးကို ဖြိုခွဲဖို့အတွက် ရုပ်တရားတို့ကိုဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာပြီး ရှုသိရမယ်။ နာမ်တရားများ ဖြစ်ကြတဲ့ စိတ်စေတသိက်တို့ကို ဉာဏ်ဖြင့် ပိုင်းခြားစိစစ်ပြီး ရှုသိရမယ်ဆိုတာ အလွန်ထင်ရှားပါတယ်။

စိတ်စေတသိက်တို့ကို ခွဲခြမ်းစိတ်ဖြာပြီး မရှုသိရင် ဃန မပြိုဘူး။ ဃနမပြိုရင် အနတ္တလက္ခဏာ မထင်ဘူး။ အနတ္တလက္ခဏာ မထင်ရင် မဂ်ဖိုလ် မဆိုက်နိုင်ဘူး ဆိုတာလည်း ထင်ရှားနေပါပြီ။

* **အနတ္တလက္ခဏာကို ဘုရားပွင့်ရာ သာသနာအတွင်းမှာသာ ထင်မြင်နိုင်တယ်၊ သာသနာပမှာ မမြင်နိုင်။**

(အဘိ၊ ဋ္ဌ၊ ၂၊ ၄၆)

http://www.dhammadownload.com



* **အနတ္တလက္ခဏာကို သန္တတိစတဲ့"ဃန"ဖုံးလွှမ်းမှုကြောင့် မသိနိုင်၊ မမြင်နိုင်၊ မထင်နိုင်ခြင်း ဖြစ်တယ်။ ဃနကို ဖြိုခွဲဖျက်ဆီးနိုင်လျှင်ကား အနတ္တလက္ခဏာဟာ ဟုတ်မှန်တဲ့ သဘောအတိုင်း ထင်မြင်လာတော့တယ်။**

(အဘိ၊ ဌ၊ ၂၊၄၇)

**အရှင်သာရိပုတ္တရာ** ကိုယ်တော်မြတ်ကြီးဟာ ဈာန်တရားတို့မှာ ပါဝင်ကြတဲ့ စိတ်စေတသိက်များကို တစ်လုံးစီ တစ်လုံးစီ ပိုင်းခြား မှတ်သားပြီး ဝိပဿနာရှုတဲ့အကြောင်းကို မြတ်စွာဘုရား **အနုပဒသုတ္တန်**မှာ ဟောကြားတော်မူပါတယ်။

## ဒိဋ္ဌိဝိသုဒ္ဓိစခန်း

ဃန လေးပါးကို ဖြိုခွဲပြီး ပရမတ်ရုပ်နာမ်တရား တစ်လုံးစီ တစ်လုံးစီကို လက္ခဏာ၊ ရသ စသည်အားဖြင့် ပိုင်းပိုင်းခြားခြား စိစစ်ရှုသိတဲ့ ဉာဏ်ကို **နာမရူပ ပရိစ္ဆေဒဉာဏ်** လို့ ခေါ်ပါတယ်။

မိမိသန္တာန်မှာ ဖြစ်ပေါ်နေကြတဲ့ ရုပ်တရား၊ နာမ်တရားတို့ကို ပိုင်းပိုင်းခြားခြား ရှုသိခြင်းဟာ သိစရာခန္ဓာငါးပါးကို ပိုင်းပိုင်းခြားခြား စေ့စေ့စပ်စပ် ရှုသိခြင်း ဖြစ်ပါတယ်။ ဒီလိုဉာဏ်မျက်စိနဲ့ ပြတ်ပြတ်သားသား ရှုထားတဲ့ယောဂီဟာ မိမိခန္ဓာကိုယ်ကို အာရုံပြုလိုက်ရင် ဖြစ်စေ၊ သူတစ်ပါးတို့ရဲ့ ခန္ဓာကိုယ်ကို အာရုံပြုလိုက်ရင်ဖြစ်စေ ရုပ်တရား၊ နာမ်တရား အစုအနေနဲ့ မြင်သိနေတော့ ရုပ်တရား နာမ်တရားတို့ အပြင် အတ္တ၊ ဇီဝ၊ ငါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဘူးဆိုတာ ကျကျနန သိရှိသွားပါတယ်။

ဒါကြောင့် ခန္ဓာငါးပါးအစုကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ အတ္တ အဖြစ်

http://www.dhammadownload.com



စွဲယူထားခဲ့တဲ့ **"သက္ကာယဒိဋ္ဌိ"** ကို တွန်းလှန်ဖယ်ရှားနိုင်ပါတယ်။ စိတ်အစဉ်မှာ သက္ကာယဒိဋ္ဌိ ကင်းစင်သွားတဲ့အခါ တတိယဝိသုဒ္ဓိဖြစ်တဲ့ "ဒိဋ္ဌိဝိသုဒ္ဓိ" စခန်းသို့ ဆိုက်ရောက်ပါတော့ဂယ်။ ဒါကို **လယ်တီဆရာတော်ဘုရား** က ကမ္မဋ္ဌာန်းကျမ်းကြီး (နှာ–၂၄၂) မှာ ဒီလို သံခိပ်လင်္ကာစပ်ထားတယ်။

(က) **လက္ခဏာနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ်နှင့် ရုပ်။**

(ခ) **လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူဒိဋ္ဌိဝိသုဒ္ဓိ။**

## ကင်္ခါဝိတရဏ ဝိသုဒ္ဓိစခန်း

နောက်တစ်ဆင့် စိတ်ကိုသန့်စင်ပေးရမှာက "ကင်္ခါ" လို့ခေါ်တဲ့ "ယုံမှားမှု" တွေကို ဖယ်ရှားသုတ်သင် ရှင်းလင်းလိုက်ဖို့ ဖြစ်ပါတယ်။ အဘိဓမ္မာမှာ ယုံမှားမှု ရှစ်ပါးနဲ့ သုတ္တန်ဒေသနာတော်မှာ အောက်ပါ ယုံမှားမှု (ဝိစိကိစ္ဆာ) ၁၆ ပါးကို မြတ်ဗုဒ္ဓ ဟောကြားထားပါတယ်။

## အတိတ်မှာ ယုံမှားမှုငါးပါး

၁။ အတိတ်မှာ ငါ ဖြစ်ခဲ့ဖူးသလား။
၂။ အတိတ်မှာ ငါ မဖြစ်ခဲ့ဘူးလား။
၃။ ဘယ်အမျိုးအနွယ် ဖြစ်ခဲ့ဖူးသလဲ။
၄။ အဘယ် အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်ခဲ့ဖူးသလဲ။
၅။ အဘယ် အမျိုးအနွယ်ဖြစ်ပြီးတော့ အဘယ် အမျိုးအနွယ် ထပ်ဖြစ်ခဲ့ရဖူးပါသလဲ။

http://www.dhammadownload.com



### အနာဂတ်မှာ ယုံမှားမှု ငါးပါး

၁။ နောင်အနာဂတ်မှာ ငါ ဖြစ်ရဦးမှာလား။
၂။ နောင်အနာဂတ်မှာ ငါ မဖြစ်ရတော့ဘူးလား။
၃။ အဘယ် အမျိုးအနွယ်အားဖြင့် ဖြစ်ရမလဲ။
၄။ အဘယ် အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်ရမလဲ။
၅။ အဘယ် အမျိုးအနွယ်ဖြစ်ပြီးတော့ နောက် အဘယ်အမျိုးအနွယ် ဖြစ်ရဦးမလဲ။

### ပစ္စုပ္ပန်မှာ ယုံမှားမှု ခြောက်ပါး

၁။ ယခု ငါဟာ ဖြစ်နေဆဲလား။
၂။ ယခု ငါဟာ ဖြစ်ဆဲ မဟုတ်လေသလား။
၃။ အဘယ် အမျိုးအနွယ်အားဖြင့် ဖြစ်လေသလဲ။
၄။ အဘယ် အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်လေသလဲ။
၅။ အဘယ်ဘဝမှ လာခဲ့သလဲ။
၆။ အဘယ်ဘဝသို့ သွားရမလဲ။

အထက်ပါ ဝိစိကိစ္ဆာ ၁၆ ပါးကို ဖယ်ရှားဖို့အတွက် ပစ္စုပ္ပန်ဘဝ ရုပ်နာမ်များကိုသာမက အတိတ်ဘဝ ရုပ်နာမ်များနဲ့ အနာဂတ်ဘဝ ရုပ်နာမ်များကိုလည်း သိရှိရန်လိုအပ်ကြောင်း သိသာထင်ရှားပါတယ်။

တစ်ဖန် အတိတ်က အကြောင်းတရားများ မရှိဘဲနဲ့ ယခုဘဝ ဖြစ်လာသလား (အဟေတုကဒိဋ္ဌိ)၊ ထာဝရဘုရားသခင် ဖန်ဆင်းလို့ ဖြစ်လာတာလား (ဝိသမ ဟေတုကဒိဋ္ဌိ)၊ သေရင် ဘဝပြတ်သွားသလား (ဥစ္ဆေဒ ဒိဋ္ဌိ)၊ အတ္တကောင် ဝိညာဉ်ကောင် တစ်မျိုးမျိုးက ဘယ်တော့မှ မသေဘဲ တစ်ဆက်တည်း ဖြစ်နေတာလား (သဿတဒိဋ္ဌိ)၊ ဒီ ဒိဋ္ဌိ အမျိုး

http://www.dhammadownload.com



မျိုးကို လွန်မြောက်နိုင်မှသာ "ကင်္ခါဝိတရဏဝိသုဒ္ဓိ" စခန်းသို့ ရောက်နိုင်ပါတယ်။

**လယ်တီဆရာတော်ဘုရား** က "ကမ္မဋ္ဌာန်းကျမ်းကြီး" စာမျက်နှာ ၂၄၃ မှာ ဒီလို ဆောင်ပုဒ် သံခိပ်ရေးပေးထားတယ်။

**"နာမရူပ၊ သင်္ခါရဏ်၊ ပဋိစ္စဓာတ်၊ သမုပ္ပါဒ်ကို၊ အတပ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ၁၆ ပါးနှင့်၊ ရှစ်ပါး ဝိစိ၊ ဒိဋ္ဌိပြာပြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ"**

ခပ်သိမ်းသော ရုပ်တရား နာမ်တရားတို့ရဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပိုင်ပိုင် ထင်မြင်နိုင်ရင် သုတ္တန်လာ ဝိစိကိစ္ဆာ ၁၆ ပါးနဲ့ အဘိဓမ္မာလာ ဝိစိကိစ္ဆာ ရှစ်ပါးတို့ကို လွန်မြောက်ပြီး ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ တန်းတန်း မတ်မတ် ဆိုက်ရောက်ပါလိမ့်မယ်။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်နွယ်မှုသဘောတို့ကို ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြား မြင်သိအောင်လည်း ရှုပွားဖို့ လိုလာပါတယ်။ သဘာဝတရားတို့ဟာ အကြောင်းအကျိုး ဆက်သွယ်မှုကြောင့် ဖြစ်ပျက်နေကြတယ်။ သတ္တဝါအပေါင်းတို့ဟာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ မြတ်စွာဘုရား ဟောကြားထားတော်မူတဲ့ အကြောင်းအကျိုး ဆက်နွယ်မှုကြောင့် ဘဝသံသရာ လည်နေကြရပေတယ်။

ဒါကြောင့် ရုပ်တရား နာမ်တရားအသီးသီးကိုဖြစ်စေတဲ့အကြောင်းတရားများကို သိနားလည်အောင် ရှာဖွေစိစစ် ရှုမှတ်ရပါမယ်။ ဒီလိုရှုသိဖို့အတွက် ထက်မြက်တဲ့ ရှုနည်းပညာ "သမ္မာသင်္ကပ္ပမဂ္ဂင်" ဟာ အထူးလိုအပ်ပါတယ်။

ရုပ်ကိုဖြစ်စေတဲ့ အကြောင်းတရား လေးပါးရှိပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့ပါပဲ။ တရားရှုတဲ့ ယောဂီတို့ဟာ စိတ်ကြောင့် စိတ္တဇ

http://www.dhammadownload.com



ရုပ်များ တဖွားဖွား ဖြစ်ပေါ်နေကြတာ၊ ရုပ်ကလာပ်အသီးသီးမှာ ရှိတဲ့ ဥတု ခေါ် တေဇောဓာတ်ကြောင့် ဥတုဇရုပ်ကလာပ်သစ်တွေ ဆင့်ကဲဆင့်ကဲ တဖွားဖွား ဖြစ်ပေါ်နေကြတာ၊ တစ်ဖန် ရုပ်ကလာပ်အသီးသီးမှာ ရှိတဲ့ အဇ္ဈတ္တ ဩဇာဓာတ်က စားမျိုလိုက်တဲ့ ဗဟိဒ္ဓ ဩဇာဓာတ် အထောက်အပံ့ ရတဲ့အခါ အာဟာရဇ ရုပ်ကလာပ်များကို ဆင့်ကဲဆင့်ကဲ တဖွားဖွားဖြစ်ပေါ်စေတာတွေကို ကွက်ကွက်ကွင်းကွင်း မြင်သိအောင် ရှုကြည့်ကြရလိမ့်မယ်။

တစ်ဖန် ကံကြောင့် ကမ္မဇ ရုပ်ကလာပ်တွေ တစ်ရံမစဲ တဖွားဖွား ဖြစ်နေကြတာကို သေသေချာချာ ရှုမြင်ဖို့အတွက် ဒီဘဝ ဖြစ်အောင် အကျိုးပေးလိုက်တဲ့ အတိတ်ကံကို မြင်သိနေရမှာ ဖြစ်ပါတယ်။ ဒီ အတိတ်ကံကို သိဖို့ဆိုတာက အတိတ်ဘဝများကို ရှုသိနိုင်မှ သိနိုင်ပါတယ်။

တစ်ဖန် ဝီထိ စိတ် စေ တ သိက် တွေ ကို ဖြစ် စေ တဲ့ အ နီး ကပ် အကြောင်းတရားတွေက လေးပါးစီ ရှိတယ်။ ဥပမာ–စက္ခုဒွါရဝီထိ ဖြစ်ဖို့ (၁) ရူပါရုံ၊ (၂) စက္ခုအကြည်၊ (၃) အလင်းရောင်၊ (၄) မနသိကာရ တို့ လိုအပ်ပါတယ်။ ဒီလို အကြောင်းတရားတွေ အားလုံးကိုလည်း ယောဂီတို့ သိမ်းဆည်းကြရပေမယ်။

ထို့ပြင် ပဋိသန္ဓေစိတ်နဲ့ ဘဝင်စိတ်တို့ဟာ ဒီဘဝဖြစ်အောင် အကျိုးပြုလိုက်တဲ့ အတိတ်ကံရဲ့ အစွမ်းကြောင့် ဖြစ်ပေါ်ကြတယ်။ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ဟာ ယောနိသော မနသိကာရ၊ အယောနိသော မနသိကာရ (သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းမှုနဲ့ နှလုံးမသွင်းမှု) တို့ကြောင့် ဖြစ်ပေါ်နေကြတယ်။

ဒီလိုအကြောင်းတရားများကို အပြည့်အစုံ သိမ်းဆည်းပြီးတဲ့အခါ

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်မှာ ဟောကြားထားတဲ့အတိတ်အကြောင်းငါးပါး(အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ) နဲ့ ပစ္စုပ္ပန်အကျိုး ငါးပါး (ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)၊ ပစ္စုပ္ပန်အကြောင်းတရား ငါးပါးနဲ့ အနာဂတ်အကျိုးငါးပါး စသည်တို့ကို ထပ်မံသိမ်းဆည်းရပါမယ်။

မိမိသန္တာန်ဆိုတဲ့ အဇ္ဈတ္တနဲ့ သူတစ်ပါးတို့ရဲ့သန္တာန်ဆိုတဲ့ ဗဟိဒ္ဓ တို့မှာ ရုပ်တရား နာမ်တရားများကို ပိုင်းပိုင်းခြားခြား သိအောင် ရှုမြင် ထားတဲ့ ယောဂီတို့ဟာ ရုပ် နာမ် ဖြစ်ပျက်အစဉ်ကို ဝိပဿနာဉာဏ်နဲ့ လျှောက်လိုက်ပြီး ရှေးက နေခဲ့ဖူးတဲ့ ဘဝ (ခန္ဓာ) များစွာတို့ကို အောက် မေ့ သိမြင်နိုင်တယ်လို့ **ခန္ဓနိယ သုတ္တန်** (သံ၊ ၂၊ ၇၁) မှာ မြတ်စွာဘုရား ဟောထားတော်မူတယ်။

မောဟဖုံးကွယ်ထားတဲ့ နေရာဌာနတိုင်းမှာ ကပ်ငြိတွယ်တာတတ် တဲ့ တဏှာလောဘကို အမြစ်ပြတ် တွန်းလှန် ပယ်သတ်ဖို့အတွက် မောဟ မျက်နှာဖုံးကို အကုန်ဆွဲခွာပစ်ရပေမယ်။ ဒါကြောင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးစလုံးမှာ ရုပ်တရား၊ နာမ်တရား များကို သိမ်းဆည်းပြီး ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းနဲ့အကြောင်း အကျိုး ဆက်စပ်ကာ ကွက်ကွက်ကွင်းကွင်း မြင်သိအောင် တရားရှုရ ပါမယ်။

မနောဒွါရမှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အာရုံအားလုံး ထင်နိုင် တယ်လို့ အဘိဓမ္မာမှာ ဆိုထားပါတယ်။ တကယ်လို့ အတိတ်နဲ့ အနာ ဂတ် ရုပ်နာမ်များကို ရှုလို့ မမြင်နိုင်ဘူးဆိုရင် ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ သံသရာ ဘဝစက်ကို ဘယ်လိုဖောက်ခွဲနိုင်ပါ့မလဲ။

ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်နွယ်မှုသဘောကို ဉာဏ်မျက်စိ နဲ့ ထိုးထွင်းပြီး ပိုင်းပိုင်းခြားခြား မမြင်သိဘဲနဲ့ သံသရာဆင်းရဲဘေးဆိုး

http://www.dhammadownload.com



ကြီးကို လွန်မြောက်ကျော်လွှားသွားတဲ့သူဆိုတာ အိပ်မက်ထဲမှာတောင် မရှိဘူးလို့ ဝိသုဒ္ဓိမဂ်(၂၊၂၂၁) နှင့် အဘိဓမ္မာအဋ္ဌကထာ(၂၊၁၈၉)တို့မှာ အတိအလင်း ဆိုထားပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ ရုပ်နာမ်တို့ကို ဖြစ်ပေါ်စေကြတဲ့ အနီးကပ် အကြောင်းတရားများနဲ့တကွ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ရုပ်တရား၊ နာမ်တရားတို့ ကြောင်းကျိုးစပ်ကာ ဖြစ်ပေါ်နေပုံတို့ကို ဂဃနဏ သိရှိပါမှ ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်ပြီး ယုံမှားမှုတွေ ကွာရှင်းပြီး ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ရောက်နိုင်ပါတယ်။

## ဝိပဿနာ ရှုနိုင်ပါပြီ

ရုပ်တရား၊ နာမ်တရားများကို အဇ္ဈတ္တမှာရော၊ ဗဟိဒ္ဓမှာရော၊ အကြောင်းအကျိုး ဆက်နွယ်မှုအနေနဲ့ရော ပိုင်းပိုင်းခြားခြား ရှုမြင်ထားပြီးတဲ့ ယောဂီဟာ ဝိပဿနာရှုလို့ ရပါပြီ။

"ပညတ္တိံ ဌပေတွာ အနိစ္စာဒိ အာကာရေန
ဝိဝိဓံ ပဿတီတိ ဝိပဿနာ"

ဤဋီကာအဖွင့်အရ ဝိပဿနာရဲ့အာရုံဟာ ပရမတ်ဆတ်ဆတ် ဖြစ်ရပါမယ်။ လောကမှာ အမှန်တကယ်ရှိတာက ပရမတ် ရုပ်နာမ် တရားတွေပဲ။ ဒီ ပရမတ်တရားတွေက ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး ဆက်နွယ်မှု သဘောအရ ဖြစ်ပျက်နေကြတာကိုပဲ ၃၁ ဘုံမှာ သတ္တဝါများ ကျင်လည်နေကြတယ်လို့ ဆိုရပါတယ်။

ပရမတ်ရုပ်တရား၊ ပရမတ်နာမ်တရား၊ အကြောင်းတရား၊ အကျိုးတရားတို့ရဲ့ ဖြစ်လာပုံ၊ ပျက်သွားပုံတို့ကို ထင်ထင်ရှားရှား မမြင်တွေ့

http://www.dhammadownload.com



ဘဲနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုပြီး လက္ခဏာတင်ကာ ဝိပဿနာ မရှုနိုင်ပါဘူး။ ပရမတ်ဆတ်ဆတ်ကို မြင်သိတယ်ဆိုတာ ဃန လေးပါး ပြိုပျက်ပြီးတော့ ပရမတ္ထသဘာဝကိုမြင်သိခြင်းဖြစ်တယ်ဆိုတာကိုလည်း သတိပြုပါ။

ဘယ်တရားများကို ဝိပဿနာရှုရပါသလဲ။ ရုပ်တစ်လုံး၊ နာမ်တစ်လုံးကို ဝိပဿနာရှုရုံမျှနဲ့ မဂ်ဆိုက်နိုင်ပါသလား။

**အဘိဓမ္မာ အဋ္ဌကထာ** (အဘိ၊ ဋ္ဌ၊ ၁၊ ၂၇၀–၂၇၁) နှင့် **ဝိသုဒ္ဓိမဂ်** (၂၊ ၃၀၀–၃၀၁) တို့ကို ထောက်ရှုရင် ...

(၁) ရုပ်သက်သက်ကို ဝိပဿနာရှုရုံမျှဖြင့် မဂ်မဆိုက်နိုင်ဘူး။
(၂) နာမ်သက်သက်ကို ဝိပဿနာရှုရုံမျှဖြင့် မဂ်မဆိုက်နိုင်ဘူး။
(၃) အဇ္ဈတ္တ ခန္ဓာငါးပါးသက်သက်မျှကို ဝိပဿနာ ရှုရုံမျှဖြင့်လည်း မဂ် မဆိုက်နိုင်ဘူး။
(၄) ဗဟိဒ္ဓ ခန္ဓာငါးပါးသက်သက်မျှကို ဝိပဿနာ ရှုရုံမျှဖြင့်လည်း မဂ် မဆိုက်နိုင်ဘူး။

ဒါဖြင့်ရင် ဘယ်လိုရှုမှ မဂ်ဆိုက်နိုင်မှာလဲ။

**မဟာစည် ဆရာတော် မြန်မာပြန် ဝိသုဒ္ဓိမဂ် ကျမ်း** စတုတ္ထတွဲ၊ (၂၈၂–၂၈၃)၊ **ပဋိသမ္ဘိဒါမဂ် ပါဠိတော်** (၅၁–၅၂)၊ **သံယုတ်ပါဠိတော်** (၂၊ ၂၅၈)၊ **ဝိသုဒ္ဓိမဂ်** (၂၊ ၂၆၆–၂၆၇)၊ **မူလပဏ္ဏာသ အဋ္ဌကထာ** (၁၊ ၂၈၁) တို့အရ အဇ္ဈတ္တ ရုပ်နာမ် အားလုံး၊ ဗဟိဒ္ဓရုပ်နာမ်အားလုံး၊ အကြောင်းတရား အကျိုးတရား အားလုံး ဖြစ်ကြတဲ့ လောကီ ပရမတ်တရားတို့ကို အနိစ္စတစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့်၊ အသုဘ တစ်လှည့် တင်ရှုရပါတယ်။

အဲသလို နည်းလမ်းမှန်ကန်စွာ ဝိပဿနာ ရှုနိုင်ပါမှ သမ္မသန

http://www.dhammadownload.com



ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဂဉာဏ် စတဲ့ ဉာဏ်စဉ်အဆင့်ဆင့်နဲ့ ဝိသုဒ္ဓိ အဆင့်ဆင့်တို့ ပြည့်စုံလာကြကာ နောက်ဆုံး အရိယာသစ္စာလေးပါး ကို ပိုင်းပိုင်းခြားခြား မြင်သိသဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါတယ်။

ဤမိတ်ဆက် စာအုပ်ကလေးမှာ ပိဋကတ်ကျမ်းဂန်များမှာ ညွှန် ကြားထားတဲ့ ဝိပဿနာရှုနည်း အကျဉ်းမျှကိုသာ သိသာရုံ ဖော်ပြခွင့် ရပါတယ်။

ဖားအောက်တောရမှာ ပိဋကတ်ကျမ်းဂန်များနဲ့ ဝိသုဒ္ဓိမဂ် အဆို အမိန့်များ နဲ့အညီ ပြည့်ပြည့်စုံစုံ တရားရှုနည်းကို စနစ်တကျ သွန်သင် ပြသပေးနေပါတယ်။ တရားရှုနည်း အပြည့်အစုံကို **"အမြတ်ဆုံး ပန်း တိုင် ကေန်ပိုင်"** စာအုပ်မှာ ကျွန်တော် ရေးသားဖော်ပြပါမယ်။

မည်မျှ အတိုင်းအတာအထိ ပေါက်မြောက်အောင် မှတ်ရှုနိုင်တာ ကို စာရှုသူကိုယ်တိုင် ဖားအောက်တောရသို့ လာပြီး တရားရှုလှည့်ပါ လို့ တိုက်တွန်းပါတယ်။

## သေးမြတ်စွာ ဖိတ်ကြားပါတယ်

စာရှုသူများနဲ့ ကျွန်တော်တို့ဟာ...
အလွန် ရခဲတဲ့ လူ့ဘဝကို ရထားကြပြီ။
အလွန်တရာ ကြုံတွေ့ခဲတဲ့ မြတ်ဗုဒ္ဓ သာသနာနဲ့လည်း
ဆုံတွေ့နေကြပြီ။
သဒ္ဓါတရားရှိတဲ့ အမျိုးကောင်း သားသမီးတွေလည်း
ဖြစ်နေကြပြီ။

http://www.dhammadownload.com



မြတ်ဗုဒ္ဓရဲ့ တရားတော်များကိုလည်း
နာကြားမှတ်သားခဲ့ကြရပါပြီ။
ဒုလ္လဘာ အမည်တွင်တဲ့ အလွန်တရာ ရခဲတဲ့
ဤအခွင့်အရေးကောင်းတွေကို အပြည့်အစုံ ရထားပါလျက်
သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်အောင် ကျွန်တော်တို့
မကြိုးပမ်းကြလျှင် ရထားပြီးတဲ့ မဟာအခွင့်အရေးများ
ဆုံးရှုံးသွားပေလိမ့်မယ်။
ဦးခေါင်းထက်မှာ ဆံပင်မီးလောင်နေတာကို မငြိမ်းသတ်မီ...
ရင်ဝမှာ လှံစူးနေတာကို မဆွဲနုတ်မီ...
သေမင်းထက် သင်အလျင်ဦးအောင် တရားအားထုတ်လိုက်ပါ
လို့ မဟာကရုဏာရှင် မြတ်ဗုဒ္ဓက
တိုက်တွန်းတော်မူခဲ့တယ်။
သာသနာတော်နဲ့ ကြုံဆုံကျိုးနပ်အောင် ပိဋကတ်ကျမ်းဂန်များနဲ့
အညီ သမထ ဝိပဿနာတရား အားထုတ်နည်းကို
ဖားအောက်တောရသို့ လာပြီး ရှုလှည့်ပါလို့
အလေးအမြတ် ဖိတ်ကြားပါတယ်။

ဖားအောက်တောရက အချိန်ရာသီမရွေး
လက်ခံကြိုဆိုနေပါတယ်။

ကိုယ်စိတ်နှစ်ဖြာ
ရွှင်လန်း ချမ်းမြေ့ကြပါစေသော်...

ဒေါက်တာ မင်းတင်မွန်